# ကြေးမုံ

**The Mirror Daily**

၁၉၅၇ မေ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957

၁၃၈၃ ခုနှစ်၊ ပြာသိုလဆန်း ၁၀ ရက်၊ အင်္ဂါနေ့။ Tuesday, 11 January 2022 ၁၀၆၁၅


**ကောင်းမှုကို ပြုလုပ်ဆည်းပူး**

အနည်းငယ်သောကောင်းမှုသည် ငါ့အား အကျိုးရောက်လိမ့်မည်မဟုတ်ဟု မထီမဲ့မြင် မအောက်မေ့ရာ။ မိုးရေပေါက်သည် ကျဖန်များလတ်သော် ရေအိုးသည် ပြည့်ဘိသကဲ့သို့ ပညာရှိသည် အနည်းငယ်၊ အနည်းငယ်မျှသော ကောင်းမှုကို ပြုလုပ်ဆည်းပူးဖန်များလတ်သော် ကောင်းမှုဖြင့် ပြည့်၏။

ပါပဝဂ်(ဓမ္မပဒ-၁၂၂)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# (၇၄)နှစ်မြောက် ကချင်ပြည်နယ်နေ့ အခမ်းအနားကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၁၀**

(၇၄)နှစ်မြောက် ကချင်ပြည်နယ်နေ့ အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ကချင်ပြည်နယ် အစိုးရအဖွဲ့ရုံး မြက်ခင်းပြင်၌ ပြုလုပ်သည်။

**တက်ရောက်**

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် Jeng Phang နော်တောင်၊ ဦးမောင်းဟာ၊ ဦးစိုင်းလုံးဆိုင်၊ ဦးရွှေကြိမ်၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်၊ ဦးခင်ရီ၊ ဦးစောထွန်းအောင်မြင့်၊ ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်နှင့် အဖွဲ့ဝင်များ၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မြတ်သက်ဦးနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများနှင့် ဒေသခံတိုင်းရင်းသား ပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် တက်ရောက်လာကြသည့် ဧည့်ပရိသတ်များက နိုင်ငံတော်အလံအား အလေးပြုကြသည်။

ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❂



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ တာဝန်ရှိသူများနှင့် ဒေသခံတိုင်းရင်းသားများ ကချင်ရိုးရာမနောပွဲတော်ကို ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲကြစဉ်။

ဓာတ်ပုံ-ပြည်နယ်(ပြန်/ဆက်)

## မြန်မာနိုင်ငံမှ ဆောင်ရွက်လျက်ရှိသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအစီအမံများအပေါ် လိုက်နာရန်ပျက်ကွက်ခဲ့သည့် အမေရိကန်နိုင်ငံသားနှစ်ဦးနှင့်စပ်လျဉ်းသည့် သတင်းထုတ်ပြန်ချက်

၁။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အနေဖြင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) ၏ သတ်မှတ်ပြဋ္ဌာန်းချက်များနှင့်အညီ ကိုဗစ်-၁၉ ရောဂါပျံ့နှံ့မှုအား ကာကွယ်နိုင်ရန်အတွက် ပြည်ပ/ ပြည်တွင်း လိုက်နာရမည့် လုပ်ငန်းစဉ်များအား အပြည့်အဝ ချမှတ်ဆောင်ရွက်လျက်ရှိသည်။ လတ်တလော ကမ္ဘာ့နိုင်ငံအသီးသီးတွင် ဖြစ်ပွားနေသည့် အိုမီခရွန်ဗိုင်းရပ်စ်ဗီဇမျိုးကွဲ ကူးစက်ပျံ့နှံ့မှုအား ကာကွယ်ထိန်းချုပ်နိုင်ရန်အတွက် ကျန်းမာရေးဝန်ကြီးဌာနမှ ၁၆-၁၂-၂၀၂၁ ရက်နေ့တွင် ထုတ်ပြန်ထားသော "အပြည်ပြည်ဆိုင်ရာ ဝင်/ထွက်ဂိတ်များနှင့် နယ်စပ်ဝင်/ထွက်ဂိတ်များမှ မြန်မာနိုင်ငံသို့ လာရောက်မည့် ခရီးသွားများအတွက် အသွားလာကန့်သတ်မှုနှင့် ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်း ဆောင်ရွက်မည့်အစီအစဉ်နှင့်စပ်လျဉ်း၍ ထပ်မံဖြည့်စွက်ထားသည့် လုပ်ငန်းစဉ်" ကြေညာချက်ကို ယင်းနေ့၌ပင် ရန်ကုန်မြို့အခြေစိုက် နိုင်ငံခြားသံရုံးများ၊ ကုလသမဂ္ဂဆိုင်ရာ အဖွဲ့အစည်းများနှင့် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများသို့ ပေးပို့ထားပြီး ယင်းအတိုင်း လိုက်နာရန် အသိပေးပြီးဖြစ်သည်။

စာမျက်နှာ ၄ ကော်လံ ၁ သို့ ❐

### ယနေ့ ဖတ်စရာ

**အပ်ဖျားရေစက်**

ဆောင်းပါး စာမျက်နှာ » ၆

**စက်သုံးဆီအရောင်းဆိုင် ၉၉ ဆိုင်တွင် အထူးဈေးနှုန်းဖြင့် ဒီဇယ်ဆီ ဖြန့်ဖြူးရောင်းချပေးသွားမည်**

စာမျက်နှာ » ၉

ကြေးမုံ

# သဘာဝအခြေခံခရီးသွားလုပ်ငန်း မြှင့်တင်ဆောင်ရွက်

ယခုအခါ ပွင့်လင်းရာသီရောက်ရှိလာပြီဖြစ်၍ ပြည်တွင်းခရီးသွားလာမှုများ များပြားလာသည်။ ပြည်သူများမှာ တစ်နှစ်တာ ပင်ပန်းနွမ်းနယ်သမျှ ခရီးသွားလာခြင်းဖြင့် အပန်းဖြေလေ့ရှိသည်။ ပြည်သူများ စိတ်နှလုံးချမ်းမြေ့လျှင် ပျော်ပါးလန်းဆန်းကျန်းမာခြင်းသုခကို ရစေနိုင်သဖြင့် စိတ်နှလုံးချမ်းမြေ့စေသော ခရီးသွားလုပ်ငန်းများကို ကိုဗစ်-၁၉ ရောဂါ ကျန်းမာရေးစည်းကမ်းများနှင့်အညီ မြှင့်တင်ဆောင်ရွက်ပေးလျက်ရှိသည်။

ခရီးသွားလုပ်ငန်းကို နိုင်ငံတကာ၌ အလေးထားဦးစားပေးဆောင်ရွက်လေ့ရှိကြသည်။ ခရီးသွားလုပ်ငန်းမှအကျိုးရလဒ်များမှာလည်း များလှသည်။ ယခုကာလတွင် နိုင်ငံတကာ သဘာဝအခြေခံခရီးသွားလုပ်ငန်း နှစ် (၂၀) ပြည့်နှင့် တိုက်ဆိုင်နေရာ အာရှဒေသသဘာဝအခြေခံခရီးသွားလုပ်ငန်းကွန်ရက်မှ ကြီးမှူး၍ အခမ်းအနားများကျင်းပနေသည်ကို တွေ့ရသည်။ အဆိုပါအခမ်းအနားတွင် မြန်မာနိုင်ငံမှ ပါဝင်ဆောင်ရွက်ခဲ့ပြီး မြန်မာနိုင်ငံ၏ သဘာဝအခြေခံခရီးသွားလုပ်ငန်းများကို နိုင်ငံတကာမှ သိရှိအောင်ချပြနိုင်ခဲ့သည်။

ကမ္ဘာတစ်ခွင်တွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုကြောင့် နိုင်ငံတကာခရီးသွားလုပ်ငန်းများ အခိုက်အတန့် ရပ်တန့်လျက်ရှိသည်။ နိုင်ငံတကာခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးမှုရပ်ဆိုင်းနေသော်လည်း ပြည်တွင်း၌ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုနှုန်း လျော့နည်းကျဆင်းလျက်ရှိသဖြင့် ခရီးသွားလုပ်ငန်းများ ပြန်လည်အသက်ဝင်လာသည်ကိုတွေ့ရသည်။ ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်နိုင်မှုအပေါ်မူတည်၍ ခရီးသွားလုပ်ငန်းများ ပြန်လည်မြှင့်တင်ဆောင်ရွက်နိုင်ရန် မဟာဗျူဟာအစီအစဉ်များရေးဆွဲဆောင်ရွက်လျက်ရှိသည်။ မြန်မာနိုင်ငံ ခရီးသွားကဏ္ဍပြန်လည်ထူထောင်ရေး မဟာဗျူဟာလမ်းပြမြေပုံ (၂၀၂၁-၂၀၂၅) ကို ရေးဆွဲပြီး ခရီးသွားလုပ်ငန်းများ ပြန်လည်စတင်နိုင်ရေးအစီအမံများကို ဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံသည် ရေမြေတောတောင် သဘာဝအခြေခံဂေဟစနစ်များနှင့် ထူးခြားသည့်ယဉ်ကျေးမှုလက္ခဏာများ မြင့်မားသည့်နိုင်ငံဖြစ်သည်။ ဂေဟစနစ်နှင့်တိုင်းရင်းသားယဉ်ကျေးမှုများ ပေါများစုံလင်သည့်နိုင်ငံဖြစ်သည်နှင့်အညီ သဘာဝအလှအပများနှင့် ယဉ်ကျေးမှုလက္ခဏာများကို နောင်မျိုးဆက်များသို့ လက်ဆင့်ကမ်းအမွေပေးအပ်နိုင်ရန် ဝိုင်းဝန်းကာကွယ် ထိန်းသိမ်းစောင့်ရှောက်ကြရမည်ဖြစ်သည်။ ယဉ်ကျေးမှုနှင့်သဘာဝအခြေခံများသည် နိုင်ငံ၏တန်ဖိုးနှင့် ဂုဏ်ဒြပ်များဖြစ်၍ ဒေသခံပြည်သူများအား သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရေး၊ ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရေးဆိုင်ရာ အသိပညာဗဟုသုတများ မျှဝေပေးနိုင်ရေး ဆောင်ရွက်ကြရမည်ဖြစ်သည်။

မြန်မာနိုင်ငံမြောက်ဖျားမှ အရှေ့အနောက်တောင်ဖျားအထိ စိတ်ဝင်စားစရာ သဘာဝပတ်ဝန်းကျင်များအမြောက်အမြားရှိသည်။ မြန်မာနိုင်ငံအတွင်း ကာကွယ်ထိန်းသိမ်းထားသော သဘာဝနယ်မြေ ၁၉ ခုနှင့် ဆင်စခန်း ၂၂ ခုကို သဘာဝအခြေခံခရီးသွားနယ်မြေများအဖြစ် သတ်မှတ်ဆောင်ရွက်လျက်ရှိသည်။ အဆိုပါ ခရီးသွားနယ်မြေများသို့ ပြည်တွင်းမှ ခရီးသွားများသာမက နိုင်ငံတကာခရီးသွားများပါ လာရောက်လေ့လာအပန်းဖြေနိုင်မည်ဖြစ်သည်။ ထို့ကြောင့် သဘာဝအခြေခံခရီးသွားလုပ်ငန်းများအပါအဝင် ခရီးသွားကဏ္ဍကြီးတစ်ခုလုံး ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အစိုးရ၊ ပုဂ္ဂလိကနှင့် ဒေသခံပြည်သူများ ဟန်ချက်ညီညီလက်တွဲပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်မည်ဖြစ်သည်။ ထို့အပြင် ခရီးသွားယဉ်ကျေးမှု၊ ကျင့်ဝတ်များနှင့် ခရီးသွားပတ်ဝန်းကျင်များ ပိုမိုကောင်းမွန်လာရန်လည်း ဝိုင်းဝန်းဆောင်ရွက်ကြရမည်ဖြစ်သည်။

မြန်မာနိုင်ငံသည် တန်ဖိုးမဖြတ်နိုင်သော ရှေးဟောင်းယဉ်ကျေးမှုနှင့် သဘာဝပတ်ဝန်းကျင်အမွေအနှစ်များ ပိုင်ဆိုင်ထားသည့်နိုင်ငံဖြစ်သည်။ သာဓကအားဖြင့် မြန်မာနိုင်ငံမြောက်ဖျားမှ ဆီးနှင်းများဖုံးလွှမ်းလျက်ရှိသည့် ခါကာဘိုရာဇီ အမျိုးသားဥယျာဉ်နှင့် ဇီဝမျိုးစုံမျိုးကွဲတို့ ကျက်စားနေထိုင်ရာ ဖုန်ကန်ရာဇီဘေးမဲ့တောဥယျာဉ်တို့သည် နိုင်ငံအတွက် တန်ဖိုးမဖြတ်နိုင်သော သဘာဝခရီးသွားနယ်မြေဖြစ်သည်။ ဧရာဝတီမြစ်ဖျားခံရာဒေသနှင့် သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းကာကွယ်ရန်၊ သဘာဝဆိုင်ရာသုတေသနလုပ်ငန်းများ အကောင်အထည်ဖော်ရန်နှင့် မှတ်တမ်းမတင်ရသေးသော ဇီဝမျိုးစုံမျိုးကွဲတို့ကို မှတ်တမ်းတင်ရန်၊ သဘာဝအခြေခံခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်စေရန်နှင့် နိုင်ငံတော်အကျိုးစီးပွားကို အထောက်အကူပြုနိုင်ရန် စသည့်ရည်ရွယ်ချက်ကောင်းများကို အမျိုးသားဥယျာဉ်ကြီးများက ဖော်ဆောင်နိုင်ခဲ့သည်။

မြန်မာနိုင်ငံသည် ကမ္ဘာ့အမွေအနှစ်နှင့် အာဆီယံအမွေအနှစ် စာရင်းဝင်နေရာများကို ပိုင်ဆိုင်ထားသည်။ ကီလိုမီတာ ၂၂၃၀ ရှည်လျားသော မြန်မာ့ကမ်းရိုးတန်းဒေသများသည်လည်း သဘာဝအခြေခံခရီးသွားလုပ်ငန်းကို အထောက်အကူပြုလျက်ရှိသည်။ သို့ဖြစ်ရာ မြန်မာနိုင်ငံခရီးသွားလုပ်ငန်း ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် တာဝန်သိခရီးသွားလုပ်ငန်းမူဝါဒ၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်း ပင်မစီမံကိန်း၊ ရပ်ရွာလူထုအခြေပြုခရီးသွားလုပ်ငန်းမူဝါဒ၊ မြန်မာနိုင်ငံသဘာဝနယ်မြေများအတွက် သဘာဝအခြေခံခရီးသွားလုပ်ငန်းမူဝါဒနှင့် အုပ်ချုပ်လုပ်ကိုင်မှုမဟာဗျူဟာ စသည့်ရေးဆွဲထားသောစီမံကိန်းများကို အောင်မြင်အောင် ဝိုင်းဝန်းအကောင်အထည်ဖော်၍ သဘာဝအခြေခံခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကို ကြိုးစားကြရန် တိုက်တွန်းပါကြောင်း။ ။

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံသို့ ကာတာနိုင်ငံ၊ ဝန်ကြီးချုပ်နှင့် ပြည်ထဲရေးဝန်ကြီး ရှိတ် ခါလက် ဘင် ခါလီဖာ ဘင် အက်ဘ်ဒူလာဇီ အယ်လ်-တာနီ ထံမှ ပေးပို့သည့် ဝမ်းမြောက်ကြောင်းသဝဏ်လွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့အခါသမယတွင် ကာတာနိုင်ငံအစိုးရနှင့် မိမိအနေဖြင့် အဆွေတော်ထံသို့ စစ်မှန်သောနှုတ်ခွန်းဆက်သမှုနှင့် ဂုဏ်ယူဝမ်းမြောက်မှုတို့ကို ဖော်ပြလျက် အဆွေတော် ကျန်းမာရွှင်လန်းပါစေကြောင်းနှင့် မြန်မာပြည်သူများ ဖွံ့ဖြိုးတိုးတက်မှုများ ဆက်လက်ရရှိပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

အဆွေတော်အား မိမိအနေဖြင့် အစဉ်ချစ်ကြည်အလေးထားလျက်ရှိပါသည်။

## ဒုတိယဝန်ကြီး ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
အမိန့်အမှတ်၊ ၁ / ၂၀၂၂
၁၃၈၃ ခုနှစ်၊ ပြာသိုလဆန်း ၉ ရက်
(၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၁၀ ရက်)

### ဒုတိယဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဗိုလ်မှူးချုပ် ဖြိုးသန့် အား နယ်စပ်ရေးရာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

သင့်စီးပွားရေးလုပ်ငန်းများအောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၁၀ - ၁-၂၀၂၂)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၃၀၀ | ၈,၁၀၀ | ၁,၂၄၅ | ၁၀,၀၈၄,၈၀၀ |
| MTSH | ၃,၀၅၀ | ၃,၀၅၀ | ၁,၂၀၃ | ၃,၆၁၉,၁၅၀ |
| MCB | ၇,၈၀၀ | ၇,၈၀၀ | ၀ | ၀ |
| FPB | ၁၉,၀၀၀ | ၁၉,၅၀၀ | ၀ | ၀ |
| TMH | ၂,၆၀၀ | ၂,၆၀၀ | ၅၀ | ၁၃၀,၀၀၀ |
| EFR | ၂,၉၀၀ | ၂,၉၀၀ | ၁၁ | ၃၁,၉၀၀ |
| AMATA | ၅,၇၀၀ | ၅,၇၀၀ | ၀ | ၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် ဇန်နဝါရီ ၁၀

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၇၇၈.၀ |
| ( ခ ) ဥရောပ | တစ်ယူရို | = | ၂၀၁၅.၂ |
| ( ဂ ) တရုတ် | တစ်ယွမ် | = | ၂၇၈.၉၆ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၅၂.၈၅၄ |
| ( င ) မလေးရှား | တစ်ရင်းဂစ် | = | ၄၂၃.၁၈ |
| ( စ ) အိန္ဒိယ | တစ်ရူပီး | = | ၂၃.၉၈၅ |
| (ဆ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၂၇၉.၄ |
| ( ဇ ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၃၁၂.၄ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၅၃၆.၉ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၄၈.၅၈ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန်စာတည်းများ - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်းသတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်မြသီတာနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးခိုင်ဝင်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ဖွံ့ဖြိုးတိုးတက်မှုများ မလွဲမသွေ ရရှိခံစားနိုင်မည်

ကျွန်ုပ်တို့နိုင်ငံသည် တည်နေရာ၊ ရာသီဥတုကောင်းနှင့် ရေခံမြေခံကောင်းရှိသော နိုင်ငံတစ်ခုပင် ဖြစ်ပါသည်။ နိုင်ငံအတွင်းရှိ ရှိပြီးသား ရင်းကဲ့သို့ သဘာဝအခြေခံကောင်းများကို လူသားအရင်းအမြစ်နှင့်ပေါင်းစပ်၍ စနစ်တကျ အကျိုးရှိစွာ အသုံးချနိုင်ရန် လိုအပ်ပါသည်။ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရအဖွဲ့သာမက ပြည်တွင်းရှိ နိုင်ငံရေးအင်အားစုများ၊ နိုင်ငံရေးပါတီများ၊ တပ်မတော်နှင့် တိုင်းရင်းသားပြည်သူများ အားလုံး တက်ညီလက်ညီ ပူးပေါင်းပါဝင်၍ ပြည်တွင်းစီးပွားရေးနှင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းတို့အား အားတက်သရော ဆောင်ရွက်နိုင်ပါလျှင် ဖွံ့ဖြိုးတိုးတက်မှုများ မလွဲမသွေ ရရှိခံစားနိုင်မည်ဖြစ်ပါသည်။

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ၄-၁-၂၀၂၂ ရက်နေ့တွင် ပေးပို့သည့် (၇၄)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာမှ ကောက်နုတ်ချက်)

❂ ရှေ့ဖုံးမှ

ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံမှ (၇၄)နှစ်မြောက် ကချင်ပြည်နယ်နေ့ အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် Jeng Phang နော်တောင်က ဖတ်ကြားသည်။

**မိန့်ခွန်းပြောကြား**

ဆက်လက်၍ ကချင်ပြည်နယ် ဝန်ကြီးချုပ် ဦးခက်ထိန်နန်က ကချင်ပြည်နယ်နေ့ မိန့်ခွန်းပြောကြားပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယင်းနောက် ကချင်ပြည်နယ်အစိုးရအဖွဲ့ရုံး မြက်ခင်းပြင်၌ ကချင်ရိုးရာ မနောပွဲတော်ကို ဆက်လက်ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ကချင်ပြည်နယ်ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝန်ကြီးများ၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာမှ တာဝန်ရှိသူများနှင့် ဒေသခံတိုင်းရင်းသားများ ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များနှင့် ပြည်ထောင်စုဝန်ကြီးများသည် ကချင်ပြည်နယ်နေ့ အထိမ်းအမှတ် ဌာနဆိုင်ရာများမှ ဖွင့်လှစ်သည့် ပြခန်းများနှင့် အရောင်းပြခန်းများကို လိုက်လံကြည့်ရှုကြသည်။



(၇၄)နှစ်မြောက် ကချင်ပြည်နယ်နေ့ အခမ်းအနားကျင်းပစဉ်။ ဓာတ်ပုံ-ပြည်နယ်(ပြန်/ဆက်)

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များနှင့် ပြည်ထောင်စုဝန်ကြီးများသည် ကချင်ပြည်နယ် အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် ပြည်နယ် မြန်မာ့ရိုးရာသိုင်းဆပ်ကော်မတီတို့ ပူးပေါင်းကျင်းပသည့် မြန်မာ့ရိုးရာသိုင်းအခြေခံသင်တန်းဆင်းပွဲ အခမ်းအနားသို့ သွားရောက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များနှင့် ပြည်ထောင်စုဝန်ကြီးများက သင်တန်းသားများအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် သင်တန်းဆင်းလက်မှတ်များ ပေးအပ်ကြပြီး သင်တန်းသား သင်တန်းသူများက သရုပ်ပြဖျော်ဖြေခဲ့ကြသည်။

**ပေးအပ်ချီးမြှင့်**

မွန်းလွဲပိုင်းတွင် (၇၄) နှစ်မြောက် ကချင်ပြည်နယ်နေ့ အထိမ်းအမှတ် ဂုဏ်ထူးဆောင်လက်မှတ်၊ ဂုဏ်ထူးဆောင် ဆုပစ္စည်းများနှင့် မှတ်တမ်းတင်ဂုဏ်ပြုလွှာရရှိသူများအား ဆုချီးမြှင့်ခြင်း အခမ်းအနားကို မြစ်ကြီးနားမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ကချင်ပြည်နယ်ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝန်ကြီးများ၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးတို့က စီမံခန့်ခွဲရေးဆိုင်ရာ ထူးချွန်ဆု ပထမအဆင့် ရှစ်ဦး၊ ဒုတိယအဆင့် ၁၆ ဦး၊ တတိယအဆင့် ၂၂ ဦး၊ စီးပွားရေးဆိုင်ရာ ထူးချွန်ဆု ဒုတိယအဆင့် ငါးဦး၊ တတိယအဆင့် တစ်ဦး၊ လူမှုရေးဆိုင်ရာထူးချွန်ဆု ပထမအဆင့် ခြောက်ဦး၊ ဒုတိယအဆင့် ၁၁ ဦး၊ တတိယအဆင့် ကိုးဦးနှင့် ဂုဏ်ပြုမှတ်တမ်းလွှာရရှိသူ ၁၉၃ ဦး စုစုပေါင်း ၂၇၁ ဦးတို့အား ဂုဏ်ထူးဆောင်လက်မှတ်၊ ဂုဏ်ထူးဆောင်ဆုပစ္စည်းများနှင့် မှတ်တမ်းတင်ဂုဏ်ပြုလွှာများ ပေးအပ်ချီးမြှင့်ကြသည်။

**ဖူးမြော်ကြည်ညို**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များနှင့် အဖွဲ့သည် ဝိုင်းမော်မြို့ရှိ ရွှေမိုးတောင် ဆုတောင်းပြည့်စေတီတော်မြတ်ကြီး၊ မြစ်ကြီးနားမြို့ရှိ လောကမာရ်အောင်ဆုတောင်းပြည့်စေတီတော်မြတ်ကြီးနှင့် အောင်တော်မူသကျမာရဇိန် အံတော်ရှင်စေတီတော်မြတ်ကြီးတို့အား သွားရောက်ဖူးမြော်ကြည်ညိုခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများ (၇၄)နှစ်မြောက် ကချင်ပြည်နယ်နေ့ အခမ်းအနားတွင် ခင်းကျင်းပြသထားသည့် ရိုးရာထုတ်ကုန်ပြခန်းကို ကြည့်ရှုအားပေးစဉ်။
ဓာတ်ပုံ-ပြည်နယ်(ပြန်/ဆက်)

# တရားမအထူးအယူခံမှု သုံးမှု စီရင်ချက်ချမှတ်၊ တရားမအထူးအယူခံမှု ငါးမှု ရုံးထိုင်ကြားနာ

**နေပြည်တော် ဇန်နဝါရီ ၁၀**

ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများဖြစ်ကြသော ဦးမျိုးတင့်၊ ဦးမျိုးမောင်၊ ဦးကြည်သိန်း၊ ဒေါ်ခင်မေရီတို့ပါဝင်သည့် အထူးအယူခံခုံရုံးသည် ယနေ့ နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် ရုံးခန်းအမှတ် (၁) ၌ ရုံးထိုင်၍ တရားမအထူးအယူခံမှုအမှတ် ၁၃/၂၀၂၀ (ဧရာဝတီ)၊ ၂၂/၂၀၂၀ (ရန်ကုန်) နှင့် ၂၄/၂၀၂၀ (ပဲခူး) စုစုပေါင်း တရားမအထူး အယူခံမှု သုံးမှုတို့ကို စီရင်ချက်ချမှတ်သည်။

ထို့ပြင် တရားမအထူးအယူခံမှုအမှတ် ၉၈/ ၂၀၁၉ (စစ်ကိုင်း)၊၂၅/၂၀၂၀ (ရှမ်း)၊ ၂၆/၂၀၂၀ (ရှမ်း)၊ ၂၇/၂၀၂၀ (ရန်ကုန်)နှင့် ၃၀/၂၀၂၀ (ရန်ကုန်) စုစုပေါင်း တရားမအထူးအယူခံမှု ငါးမှုတို့ကို ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်ရေး ညွှန်ကြားချက်များနှင့်အညီ ရုံးထိုင်ကြားနာခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

**❐ မြန်မာနိုင်ငံမှ**

၂။ ၂-၁-၂၀၂၂ ရက်နေ့တွင် မြန်မာနိုင်ငံသို့ လေကြောင်းမှ ဝင်ရောက်ခဲ့သည့် အမေရိကန်သံတမန်နိုင်ငံကူးလက်မှတ်ကိုင်ဆောင်သူ တစ်ဦးသည် ဆရာစံဟိုတယ်၌ Quarantine နေထိုင်စဉ် ခွဲခန်း စစ်ဆေးချက်အရ ၄-၁-၂၀၂၂ ရက်တွင် ကိုဗစ်-၁၉ ရောဂါပိုး တွေ့ရှိခဲ့ပါသည်။ ထို့အပြင် ၃-၁-၂၀၂၂ ရက်နေ့တွင် မြန်မာနိုင်ငံသို့ လေကြောင်းမှ ဝင်ရောက်ခဲ့သည့် အမေရိကန်သံရုံးဝန်ထမ်းတစ်ဦးသည် Pan Pacific Hotel ၌ Quarantine နေထိုင်နေစဉ် ၆-၁-၂၀၂၂ ရက်နေ့၊ ဓာတ်ခွဲခန်း စစ်ဆေးချက်အရ ကိုဗစ်-၁၉ ရောဂါပိုး ထပ်မံတွေ့ရှိခဲ့သည်။ ကိုဗစ်ရောဂါပိုးတွေ့ရှိသူများအား ကျန်းမာရေးဝန်ကြီးဌာနမှ ချမှတ်ထားသည့် စံသတ်မှတ်ချက်များနှင့်အညီ သတ်မှတ်ထားသည့် ဆေးရုံများ (အစိုးရနှင့် ပုဂ္ဂလိကဆေးရုံများ) သို့ တက်ရောက်ကုသမှုခံယူရန် အသိပေးခဲ့သော်လည်း အမေရိကန်သံရုံးဝန်ထမ်းတစ်ဦးနှင့် အပေါင်းအပါတို့က မည်သည့်ခွင့်ပြုချက်မှမပါရှိဘဲ ဟိုတယ်သို့ လာရောက်၍ ပိုးတွေ့ရှိသူ အမေရိကန်နိုင်ငံသား နှစ်ဦးအား ၎င်းတို့၏အစီအစဉ်ဖြင့် ကုသမည်ဆိုကာ ပြန်လည်ခေါ်ဆောင်သွားခဲ့သည်။

၃။ ယခုအခါ အိုမီခရွန်ဗိုင်းရပ်စ်ဗီဇမျိုးကွဲများ ကမ္ဘာတစ်ဝန်း လျင်မြန်စွာ ကူးစက်ပျံ့နှံ့နေသည့်အတွက် မြန်မာနိုင်ငံအစိုးရအနေဖြင့် ယင်းရောဂါပိုး မြန်မာနိုင်ငံသို့ ဝင်ရောက်လာခြင်း မရှိစေရန်နှင့် မြန်မာနိုင်ငံအတွင်း ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ရန်အတွက် WHO ၏ စံညွှန်းများနှင့်အညီ ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ လမ်းညွှန်ချက်များချမှတ်၍ ကြပ်ကြပ်မတ်မတ်ဆောင်ရွက်နေသည့်ကာလ ဖြစ်သည်။ ၎င်းပြင် သံတမန်ဆက်ဆံရေးဆိုင်ရာ ဗီယင်နာကွန်ဗင်းရှင်းအပိုဒ် ၄၁ တွင် "အခွင့်အရေးများနှင့် ကင်းလွတ်ခွင့်များရရှိသူအားလုံးသည် မိမိတို့၏ အခွင့်အရေးများနှင့် ကင်းလွတ်ခွင့်များကို မထိခိုက်စေဘဲ၊ လက်ခံသည့် နိုင်ငံ၏တရားဥပဒေများနှင့် စည်းမျဉ်း ဥပဒေများကိုလေးစားရန် တာဝန်ရှိကြသည်။ ထို့ပြင် ၎င်းတို့သည် ထိုနိုင်ငံ၏ ပြည်တွင်းရေးရာကိစ္စများတွင် ဝင်ရောက်စွက်ဖက်ခြင်းမပြုရန်လည်း တာဝန်ရှိသည်။" ဟု ဖော်ပြထားပါသည်။

၄။ အထက်ဖော်ပြပါဖြစ်စဉ်၌ အမေရိကန်နိုင်ငံသားနှစ်ဦးနှင့် သံရုံးဝန်ထမ်း၏ ဥပဒေနှင့် ဆန့်ကျင်သည့် ပြုမူဆောင်ရွက်မှုသည် သက်ဆိုင်ရာနိုင်ငံရှိ ပြည်သူများ၏ကျန်းမာရေးကို ဆိုးရွားစွာ ထိခိုက်စေသည်။ ထို့ပြင် ယင်းလုပ်ရပ်သည် လက်ခံနိုင်ငံ၏ တည်ဆဲဥပဒေများနှင့် လမ်းညွှန်ချက်များ၊ သံတမန်ဆက်ဆံရေးဆိုင်ရာ ဗီယင်နာကွန်ဗင်းရှင်းပါ ပြဋ္ဌာန်းချက်များကို ပြောင်ပြောင်တင်းတင်း ချိုးဖောက်လိုက်ခြင်းဖြစ်သဖြင့် ယင်းလုပ်ရပ်အပေါ် နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် ပြင်းထန်စွာကန့်ကွက်သည်။ မြန်မာနိုင်ငံ၏ ကိုဗစ်ရောဂါ ကာကွယ်ထိန်းချုပ်ရေး စည်းကမ်းချက်များအား တိတိကျကျလိုက်နာရန် ထပ်မံအသိပေးအပ်ပါသည်။ မြန်မာနိုင်ငံအတွင်း ကိုဗစ်-၁၉ ဗီဇမျိုးကွဲများ ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်အတွက် သက်ဆိုင်ရာတာဝန်ရှိသူများအနေဖြင့် လိုအပ်သည့် အရေးယူဆောင်ရွက်မှုများကို ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်သည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**

# မန္တလေးတိုင်းဒေသကြီးအတွင်း ခရိုင်လျှပ်စစ်မန်နေဂျာ/ ခရိုင်လျှပ်စစ်အင်ဂျင်နီယာများနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၁၀**

မန္တလေးတိုင်းဒေသကြီးအတွင်း လျှပ်စစ်ဓာတ်အားတိုးမြှင့်ဖြန့်ဖြူးပေးနိုင်ရေး၊ လက်ရှိဖြန့်ဖြူးလျက်ရှိသည့် ဓာတ်အားစနစ် တည်ငြိမ်တိုးတက်ကောင်းမွန်စေရေး၊ လျှပ်စစ်ဓာတ်အားလျော့နည်းပပျောက်မှု ကျဆင်းစေရေးတို့အတွက် ခရိုင်အဆင့် လျှပ်စစ်မန်နေဂျာ/ လျှပ်စစ်အင်ဂျင်နီယာများနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၉ နာရီက မန္တလေးလျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်း(ရုံးချုပ်) အစည်းအဝေးခန်းမ၌ ကျင်းပသည်။



**တိုးတက်သုံးစွဲလျက်ရှိ**

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးအောင်သန်းဦးက နိုင်ငံတော်၏လျှပ်စစ်ဓာတ်အားသုံးစွဲမှုသည် နှစ်စဉ် ၁၅ ရာခိုင်နှုန်းခန့် တိုးတက်သုံးစွဲလျက်ရှိသည့်အတွက် အဆိုပါတိုးတက်သုံးစွဲလာမည့် ဓာတ်အားလိုအပ်ချက်ကို ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်အပါအဝင် နည်းလမ်းမျိုးစုံဖြင့် ဓာတ်အားထုတ်လုပ်မှု (Generation) ကို တိုးမြှင့်ထုတ်လုပ်ရန် ဆောင်ရွက်ခြင်း၊ ဓာတ်အားပို့လွှတ်ခြင်း (Transmission) အပိုင်း တိုးချဲ့တည်ဆောက်ခြင်း၊ ဓာတ်အားဖြန့်ဖြူးခြင်း (Distribution) အပိုင်းများကိုလည်း တိုးချဲ့ပြုပြင်တည်ဆောက်ခြင်းတို့ကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့ပြင် ဝန်အားပြည့်နေသော ဓာတ်အားလိုင်းများကို အဆင့်မြှင့်တင်ဆောင်ရွက်နိုင်ရေး၊ ဓာတ်အားပြတ်တောက်မှု လျော့နည်းကျဆင်းစေရေး၊ လျှပ်စစ်ဓာတ်အားပျောက်ဆုံးမှု လျော့နည်းစေရေးနှင့် ဓာတ်အားစနစ် တည်ငြိမ်တိုးတက်ကောင်းမွန်စေရေးတို့အတွက် အလေးအနက်ထား ဆောင်ရွက်လျက်ရှိပါကြောင်း။

ထိုသို့ဆောင်ရွက်ရာတွင် ပြည်သူများ၏ အဓိကလိုအပ်ချက်ဖြစ်သော လျှပ်စစ်ဓာတ်အားကို ပြည့်ဝစွာထုတ်လုပ်/ ပို့လွှတ်/ ဖြန့်ဖြူးပေးနိုင်ရေးတွင် အားလုံးက တက်ညီလက်ညီကြိုးစားဆောင်ရွက်ကြရန်နှင့် နိုင်ငံတော်၏ဘဏ္ဍာငွေကို အလေအလွင့်မရှိစေရေး အကျိုးရှိစွာအသုံးချနိုင်စေရေး သတ်မှတ်ထားသည့် အရည်အသွေးပြည့်ဝကောင်းမွန်သည့် ပစ္စည်းများကို စနစ်တကျသုံးစွဲတည်ဆောက်ရန် လိုအပ်ကြောင်း၊ ထို့ပြင် မိမိတို့ဝန်ကြီးဌာနသည် ပြည်သူကို ဝန်ဆောင်မှုပေးနေသော ဌာနဖြစ်သည့်အလျောက် ပြည်သူလူထု၏ လျှပ်စစ်ဓာတ်အား လိုအပ်ချက်များအပေါ် အတတ်နိုင်ဆုံး ဖြည့်ဆည်းဆောင်ရွက်ပြီး အကောင်းဆုံး ဝန်ဆောင်မှုပေးနိုင်ရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန်နှင့် မိမိတို့ဝန်ကြီးဌာန၏ ရည်မှန်းချက်များ အောင်မြင်ရန် စေတနာထား၍ ဝိုင်းဝန်းဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်လျှပ်စစ်မန်နေဂျာများ၊ ခရိုင်လျှပ်စစ် အင်ဂျင်နီယာများက မိမိတို့ခရိုင်/ မြို့နယ်များအတွင်း လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးထားမှု၊ နှစ်အလိုက် ဓာတ်အား တိုးတက်သုံးစွဲလာမှုနှင့် ဓာတ်အားပျောက်ဆုံးမှု လျော့နည်းကျဆင်းရေးအတွက် ဆောင်ရွက်ထားရှိမှု၊ ဓာတ်အားခများ ကောက်ခံရရှိမှု အခြေအနေနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအမံများကို ရှင်းလင်းတင်ပြကြရာ မန္တလေးလျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်း ခေတ္တဥက္ကဋ္ဌ ဦးအေးကျော်နှင့် မန္တလေးတိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီး ဦးမျိုးအောင်တို့က ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။ တင်ပြမှုများအပေါ် ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဇန်နဝါရီ ၉ ရက် မွန်းလွဲပိုင်းတွင် ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ နောင်ချိုမြို့နယ်အတွင်းရှိ ငွေရည်ပုလဲ အများပိုင်ကုမ္ပဏီ၏ Crown ဘိလပ်မြေစက်ရုံရှိ အပူစွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးစက်များမှ လျှပ်စစ်ဓာတ်အားများ ထုတ်လုပ်နေမှုနှင့် Crown ဘိလပ်မြေစက်ရုံမှ ဘိလပ်မြေထုတ်လုပ်မှု နည်းစဉ်အဆင့်ဆင့် အခြေအနေများကိုလည်းကောင်း၊ ထပ်မံတည်ဆောက်မည့် ၂၃၀/ ၃၃/၁၁ ကေဗွီ ၁၅၀ အမ်ဗွီအေ ပင်မဓာတ်အားခွဲရုံ တည်ဆောက်ရေးစီမံကိန်းလုပ်ငန်း ဆောင်ရွက်နေမှုတို့ကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ကချင်ပြည်နယ်နေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲများ မိုးညှင်းတက္ကသိုလ်၌ ကျင်းပ



**မိုးညှင်း ဇန်နဝါရီ ၁၀**

ကချင်ပြည်နယ် မိုးညှင်းမြို့ တက္ကသိုလ်၌ (၇၄)နှစ်မြောက် ကချင်ပြည်နယ်နေ့ အထိမ်းအမှတ် အားကစားပြိုင်ပွဲများကို ယနေ့ နံနက်ပိုင်းက တက္ကသိုလ်အတွင်းရှိ အားကစားကွင်း၌ ကျင်းပသည်။

ထိုသို့ကျင်းပရာတွင် ဇန်နဝါရီ ၁၀ ရက်တွင် ကျရောက်သည့် (၇၄)နှစ်မြောက် ကချင်ပြည်နယ်နေ့ကို ဂုဏ်ပြုသောအားဖြင့် ပျော်ပွဲရွှင်ပွဲများဖြစ်သည့် အာလူးကောက်ပြိုင်ပွဲ၊ ဂုန်နီအိတ်စွပ်၊ ဖယောင်းတိုင်မီးထွန်း၊ သုံးချောင်းထောက်၊ အပ်နဖားထိုး၊ ဆန်ကောရွက်၊ သံလုံးပစ်၊ သံပြားပစ်၊ လှံတံပစ်၊ လက်ဆင့်ကမ်း မီတာ ၁၀၀ နှင့် မီတာ ၄၀၀ အပြေးပြိုင်ပွဲ စသည့် အားကစားပြိုင်ပွဲပေါင်း ၁၀မျိုးအပြင် အခြားပျော်ပွဲရွှင်ပွဲများကို မိုးညှင်းတက္ကသိုလ် မိသားစုဝင်များနှင့် ကျောင်းသားကျောင်းသူများက ယှဉ်ပြိုင်ကစားကြရာ ဆုရရှိသူများအား ဒုတိယပါမောက္ခချုပ် ဒေါက်တာမဉ္ဇူမြင်းဦးဆောင်သည့် ဆရာ ဆရာမများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ဗွဲသူရအောင်(ပြန်/ဆက်)**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုး လုပ်ငန်းခွင်အကြို စွမ်းရည်မြှင့်သင်တန်းအမှတ်စဉ် (၁/၂၀၂၂) သင်တန်းဖွင့်ပွဲသို့ တက်ရောက်

## ကော်မရှင်၏ ဆောင်ရွက်ရမည့်လုပ်ငန်းတာဝန်များနှင့် တာဝန်တစ်ခုချင်းအလိုက် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ် အဆင့်ဆင့်တို့ကို မဖြစ်မနေသိရှိထားရန်လို





**နေပြည်တော် ဇန်နဝါရီ ၁၀**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် ကော်မရှင်အဖွဲ့ခွဲရုံးအဆင့်ဆင့်တို့တွင် တာဝန်ထမ်းဆောင်မည့် အမှုထမ်း (ဒုတိယဦးစီးမှူး)များ လုပ်ငန်းခွင်အကြို စွမ်းရည်မြှင့်သင်တန်း အမှတ်စဉ်(၁/၂၀၂၂) ဖွင့်ပွဲကို ယနေ့နံနက် ၉ နာရီခွဲတွင် အမှတ် (၃) စစ်ကြောရေးနှင့် တည်းခိုရေးတပ် (ရွာတော်) ဆင်ဖြူရှင်ခန်းမ၌ ကျင်းပသည်။

**ကျွမ်းကျင်နေရန်လို**

သင်တန်းဖွင့်ပွဲတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုးက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ရွေးကောက်ပွဲများကို အောင်မြင်စွာကျင်းပပေးရသည့် အဖွဲ့အစည်းဖြစ်ကြောင်း၊ ကော်မရှင်တွင် တာဝန်ထမ်းဆောင်ကြမည့် ဝန်ထမ်းများအနေဖြင့် ရွေးကောက်ပွဲဆိုင်ရာအသိပညာ ဗဟုသုတနှင့် ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းစဉ်များ၊ သက်ဆိုင်ရာရုံးလုပ်ငန်းများကို သိရှိနားလည်ကျွမ်းကျင်နေကြရန် လိုအပ်ကြောင်း။

ကော်မရှင်၏ ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များနှင့် တာဝန်တစ်ခုချင်းအလိုက် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ် အဆင့်ဆင့်တို့ကို မဖြစ်မနေသိရှိထားရန် လိုအပ်ကြောင်း၊ ဝန်ထမ်းတစ်ဦးအနေဖြင့် ပြဋ္ဌာန်းထားသည့် ဝန်ထမ်းကျင့်ဝတ်များ၊ နိုင်ငံ့ဝန်ထမ်းဥပဒေများနှင့်အညီ စည်းမျဉ်းစည်းကမ်းများကို လိုက်နာကြရန်လိုကြောင်း၊ ရုံးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ရုံးလုပ်ငန်းလက်စွဲနှင့်အညီ စနစ်တကျဆောင်ရွက်ရန်နှင့် အခါအားလျော်စွာထုတ်ပြန်သည့် အမိန့်နှင့်ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်ရန်လိုကြောင်း။

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အနေဖြင့် ရွေးကောက်ပွဲများကျင်းပရာတွင် လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲများဖြစ်ရန် လိုအပ်သည့်အားလျော်စွာ ဝန်ထမ်းများအနေဖြင့်လည်း ဝင်ရောက်ယှဉ်ပြိုင်ကြသည့် နိုင်ငံရေးပါတီများအပေါ် ဘက်လိုက်မှုကင်းပြီး တရားမျှတမှုရှိရန်လိုအပ်ကြောင်း၊ ထို့ကြောင့် တာဝန်ထမ်းဆောင်ကြမည့် ဝန်ထမ်းများအနေဖြင့် ပါတီနိုင်ငံရေးကင်းရှင်းရန် ပို၍လိုအပ်ကြောင်း၊ မြန်မာနိုင်ငံ အစိုးရလျှို့ဝှက်ချက်အက်ဥပဒေကို သေချာဖတ်ရှုလေ့လာပြီး နိုင်ငံ့ဝန်ထမ်းတစ်ယောက်အနေနှင့်သာမက နိုင်ငံသားတစ်ယောက်အနေနှင့်ပါ လိုက်နာဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အနေဖြင့် ကော်မရှင်၏လုပ်ငန်းတာဝန်များကို ဆောင်ရွက်နေသကဲ့သို့ ရွေးကောက်ပွဲကျင်းပပေးရေးတာဝန်ကိုလည်း ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း၊ လာမည့်ရွေးကောက်ပွဲကို ယခင်ရွေးကောက်ပွဲများတွင် ကျင့်သုံးခဲ့သည့် မဲများသူအနိုင်ရ (FPTP) စနစ်အစား အချိုးကျကိုယ်စားပြုစနစ် (PR) သို့ ပြောင်းလဲကျင့်သုံးနိုင်ရေးအတွက် နိုင်ငံရေးပါတီများနှင့် ဆွေးနွေးဆောင်ရွက်လျက်ရှိကြောင်း၊ PR စနစ်အတွက် ကိုက်ညီမည့်ဥပဒေများ၊ နည်းဥပဒေများ၊ လုပ်ငန်းလမ်းညွှန်များ၊ လက်စွဲများ ပြင်ဆင်ရေးကိုလည်း ဆောင်ရွက်လျက်ရှိကြောင်း။

**ဆောင်ရွက်သွားမည်**

လာမည့်ရွေးကောက်ပွဲကို ကျင်းပရာတွင် ကော်မရှင်အနေဖြင့် လွတ်လပ်ပြီး တရားမျှတသည့် တစ်နည်းအားဖြင့် ဘက်လိုက်မှုမရှိသည့် သန့်ရှင်းသောရွေးကောက်ပွဲဖြစ်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဘက်လိုက်မှုကင်းရန် ရွေးကောက်ပွဲလုပ်ငန်းစဉ်တိုင်းကို ဥပဒေနှင့်အညီ ဆောင်ရွက်ရန်လိုကြောင်း၊ သို့ဖြစ်၍ ဥပဒေ၊ နည်းဥပဒေများကို မဖြစ်မနေ သိရှိကျွမ်းကျင်နေအောင် လေ့လာထားကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါ သင်တန်းဖွင့်ပွဲသို့ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ၊ သင်တန်းသား သင်တန်းသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး သင်တန်းကို ဇန်နဝါရီ ၁၀ ရက်မှ ၂၁ ရက်အထိ ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

■



## မင်္ဂလာဒုံမြို့နယ်ရှိ ကျောင်းသား ကျောင်းသူများအား နှာခေါင်းစည်းများနှင့် တီရှပ်အင်္ကျီများ ပေးအပ်လှူဒါန်း

**မင်္ဂလာဒုံ ဇန်နဝါရီ ၁၀**

ကိုဗစ်-၁၉ ဗီဇပြောင်းမျိုးကွဲ အိုမီခရွန်ရောဂါပိုး ကြိုတင်ကာကွယ်ရေးနှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ် ထိန်းချုပ်ရေးတို့ကို အထောက်အကူဖြစ်စေရန်ရည်ရွယ်၍ မြန်မာနိုင်ငံကြက်ခြေနီအသင်း (ရန်ကုန်တိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီ)က ရန်ကုန်မြောက်ပိုင်းခရိုင် မင်္ဂလာဒုံမြို့နယ် အ.လ.က (၁၀) ကျောင်းနှင့် မူလတန်းလွန် အမှတ်(၁၃) ကျောင်းများရှိ ကျောင်းသား ကျောင်းသူများအား ဇန်နဝါရီ ၉ ရက် မွန်းလွဲ ၂ နာရီတွင် ကလေးနှာခေါင်းစည်းများနှင့် တီရှပ်အင်္ကျီများကို အဆိုပါကျောင်းများသို့ သွားရောက်လှူဒါန်းကြရာ ရန်ကုန်တိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှု ကော်မတီကိုယ်စား ရန်ကုန်မြောက်ပိုင်းခရိုင် ကြက်ခြေနီကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးနေဆန်းနှင့် တာဝန်ရှိသူများက ကျောင်းသား ကျောင်းသူများအား ကလေးနှာခေါင်းစည်း အခု ၅၀၀ နှင့် တီရှပ်အင်္ကျီအထည် ၂၀၀ တို့ကို ပေးအပ်လှူဒါန်းခဲ့ကြသည်။

ထို့နောက် ကျောင်းသား ကျောင်းသူများကို ခရိုင်ကြက်ခြေနီနှင့် မြို့နယ်ကြက်ခြေနီတပ်ဖွဲ့တို့မှ နှာခေါင်းစည်းများ စနစ်တကျတပ်ဆင်ပုံ၊ တပ်ဆင်နည်းနှင့် ကိုဗစ်-၁၉ မျိုးကွဲသစ် အိုမီခရွန်ရောဂါပိုး ကာကွယ်ရေးနှင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးဆိုင်ရာ အသိပညာဗဟုသုတများကို ရှင်းလင်းပြောကြားပေးခဲ့ကြောင်း သိရသည်။ **ဥာဏ်ဟိန်း**

## အားကစားလောက ပိုမိုတိုးတက်စေရန်နှင့် နိုင်ငံ့ဂုဏ်သိက္ခာတောက်ပအောင် ကြိုးပမ်းဆောင်ရွက်ကြရန် ပေးအပ်ထားသည့် တာဝန်ဝတ္တရားများကို ကျေပွန်အောင် ကြိုးပမ်းအားထုတ်



**နေပြည်တော် ဇန်နဝါရီ ၁၀**

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံသည် ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ဝဏ္ဏသိဒ္ဓိအားကစားရုံ(B)၌ ဝန်ကြီးဌာနရှိ အရာထမ်း၊ အမှုထမ်းများနှင့် တွေ့ဆုံသည်။

**ကြိုးပမ်းအားထုတ်**

တွေ့ဆုံပွဲတွင် ပြည်ထောင်စုဝန်ကြီးက အားကစားလောက ပိုမိုတိုးတက်စေရန်နှင့် နိုင်ငံ့ဂုဏ်သိက္ခာ တောက်ပအောင် ကြိုးပမ်း ဆောင်ရွက်ကြရန် ပေးအပ်ထားသည့်တာဝန်ဝတ္တရားများကို ကျေပွန်အောင် ကြိုးပမ်းအားထုတ် သွားကြရမည်ဖြစ်ကြောင်း၊ **ဝန်ထမ်းများအား ကျောသား ရင်သားမခွဲခြားဘဲ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဝန်ထမ်းများ ပါတီနိုင်ငံရေးကင်းရှင်းရန် လိုအပ်ကြောင်း၊** တိုင်းပြည်အတွက်၊ **နိုင်ငံအတွက် ဂုဏ်ယူအားထားနိုင်မည့်သူများဖြစ်အောင်၊ အမှားအမှန် ဝေဖန်ပိုင်းခြားနိုင်သူများဖြစ်အောင် ကြိုးစားဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊** မိမိတို့၏ သားသမီးများ လမ်းမှန်ရောက်အောင်၊ အမှားအမှန် ခွဲခြားနိုင်အောင် စနစ်တကျ ပျိုးထောင်ထိန်းသိမ်း စောင့်ရှောက်ကြရန်လိုကြောင်း၊ ဝန်ထမ်းအချင်းချင်း စည်းလုံးညီညွတ်စွာဖြင့် လုပ်ငန်းတာဝန်များကို ကျေပွန်စွာထမ်းဆောင်ကြရန် တိုက်တွန်းမှာကြားလိုကြောင်း ပြောကြားသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဦးမျိုးလှိုင်၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် ဝန်ကြီးဌာနမှ အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် မြန်မာ့အားကစားလှုပ်ရှားမှုများ ပြခန်းပြင်ဆင်ထားရှိမှုများကို ကြည့်ရှုပြီး လူငယ်နှင့် စာပေပွဲတော်သို့ လာရောက်ကြမည့် ကျောင်းသား ကျောင်းသူများပြခန်းသို့ ဝင်ရောက်လေ့လာမည့် အစီအစဉ်ပါရှိသဖြင့် ရှင်းလင်းပြသမည့် အစီအစဉ်များနှင့် လိုအပ်သည်များကို ကြိုတင်စီစဉ်ဆောင်ရွက်ထားရန် မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# အပ်ဖျားရေစက်

တေသားလေး



ပဲရော့ ဦးဆန်နီ



ဖြိုတိသျှဘားမား ဦးညွန့်



ပခုက္ကူ ဦးအုံးဖေ



ယူဒီ ဦးခင်မောင်ဝင်း

**စည်းကမ်းလိုက်နာ**

၂၀၁၉ ခုနှစ်က စတင်ကူးစက်ပျံ့နှံ့လာတဲ့ ကိုဗစ် – ၁၉ ကပ်ရောဂါ ဘေးဆိုးကြီးဟာ ကမ္ဘာပေါ်ရှိ နိုင်ငံများစွာမှာ လျင်မြန်စွာဖြစ်ပွားပြီး လူသားသန်း ၃၀၀ ခန့်ကို ရောဂါရစေတယ်။ အသေအပျောက်တွေလည်း ကြောက်ခမန်းလိလိ များပြားခဲ့တယ်။

မြန်မာနိုင်ငံမှာလည်း ကမ္ဘာ့နိုင်ငံအချို့မှာ စတင်ဖြစ်ပွားစဉ်ကပင် ဒီရောဂါဟာ ပေါ့ဆလို့မရဘူး၊ စနစ်တကျ စည်းကမ်းလိုက်နာပြီး ကျန်းမာရေးသတိရှိရှိ ကြိုတင်ကာကွယ်ခြင်း၊ ကာကွယ်တဲ့ နှာခေါင်းစည်းတပ်ခြင်း၊ လူစုလူဝေးကို ရှောင်ကြဉ်ခြင်း၊ လူစုလူအုပ်စုရုံးများ မပြုလုပ်ခြင်း၊ မကြာခဏ လက်ကို ဆပ်ပြာနဲ့ ဆေးကြောခြင်း၊ တစ်ယောက်နဲ့ တစ်ယောက် ခြောက်ပေအကွာထက် ပိုပြီးမကပ်ခြင်း စတဲ့ စည်းကမ်းတွေကို လိုက်နာကြတဲ့ အရပ်ဒေသတွေမှာ ရောဂါဖြစ်တာနည်းတယ်၊ သက်သာတယ်၊ အသေအကျေ နည်းတယ်။

“လူငယ်လူရွယ် အညွန့်အဖူးလေးတွေဟာ အမြင်ကျဉ်းပြီး အသိခေါင်းပါးရင် ကြိုးစားချင်စိတ် မထက်သန်ဘူး။ ပညာလိုလားတဲ့ ကြိုးစားလိုစိတ်ဟာ ပညာရကြောင်းတရားမှာ အဓိက အခြေခံအကျဆုံး ဖြစ်တယ်လို့ အာဠာဝက နတ်ဘီလူးကြီးကမေးလို့ မြတ်စွာဘုရားက ဖြေကြားခဲ့တာ(အာဠာဝက သုတ္တံဆိုတာ သားတို့ သမီးတို့ ရှာဖွေ လေ့လာကြည့်ကြပါ)။ အောင်ခြင်း ရှစ်ပါးထဲက စိတ်ဝင်စားစရာ ကောင်းလှတဲ့ အာဠာဝက ချွတ်ခန်းမှာ အဲဒီ အမေးအဖြေ ၁၃ ချက်ဟာ ဘဝ တစ်သက်တာ မှတ်သားထိုက်တဲ့ မြတ်စွာ ဘုရားရဲ့ လမ်းညွှန်တရားတော် တစ်ပုဒ်ပါပဲ။”

ကူးစက်မြန်ကပ်ရောဂါ ဘေးဆိုးကြီးဟာ သဘာဝအလျောက် ပေါ်ပေါက်လာတာလား၊ လူသားတွေ စမ်းသပ်ဖန်တီးပြီး ဓာတ်ခွဲခန်းတစ်ခုခုက လျှို့ဝှက်ထုတ်လုပ်လိုက်တာပေလား။ အဖြေကတော့ ခက်ခဲသိမ်မွေ့တဲ့ သိပ္ပံဆန်းကြယ်ပဟေဠိတစ်ပုဒ်ပါပဲ။ သုတေသန ရှာဖွေလေ့လာချက်အရ တိကျတဲ့ အဖြေတစ်ခုခုတော့ တစ်နေ့နေ့မှာ ခိုင်ခိုင်မာမာ ပေါ်ပေါက်တွေ့ရှိလာမှာပါ။ အဖြေမတွေ့တဲ့ ပုစ္ဆာမရှိပါ။

စည်းကမ်းလိုက်နာမှု အားနည်းရင် ဆင်းရဲချမ်းသာမရွေး၊ လူမျိုးမရွေး ကိုဗစ်–၁၉ ကူးစက်မြန်ကပ်ရောဂါ မျိုးကွဲအမျိုးမျိုး ဒယ်လ်တာ၊ အိုမီခရွန် စတဲ့ မမြင်ရတဲ့ ပိုးတွေဟာ နိုင်ငံပေါင်းများစွာကို ပျံ့နှံ့နေဆဲပါ။ ကံကောင်းတာက ကာကွယ်ဆေးကို တရုတ်၊ အိန္ဒိယနိုင်ငံတွေက ဖော်စပ်ထုတ်လုပ်နိုင်ကြပါတယ်။ မြန်မာပြည်ကို ရောင်းပေးတယ်။ အမေရိကန်ကတော့ ရောင်းလည်း မရောင်းဘူး။ လှူမယ်၊ ပေးမယ် ပြောပေမယ့် ကိုဗစ် ကာကွယ်ဆေး တစ်လုံးလေးတောင် မရောင်းခဲ့သေးပါဘူး။ ရှိစေ....

ဘယ်သူတွေဟာ မိတ်ဆွေကောင်းလဲ။

ဘယ်သူတွေကတော့ မိမိတို့နိုင်ငံ၊ မိမိတို့လူမျိုးကို ဘေးဒုက္ခအမျိုးမျိုး၊ ကပ်ဆိုးရောဂါဆိုး ပျံ့နှံ့ကူးစက် သေကျေပျက်စီးစေချင်နေတာလဲ။ လက်တွေ့ထင်ထင်ရှားရှား ခွဲခြားပြီး သိရ မြင်ရတာက အမြတ်ပဲပေါ့။ အင်္ဂလန်တို့၊ ဥရောပတို့၊ အမေရိကန်တို့မှာလည်း ကပ်ရောဂါကူးစက်ပျံ့နှံ့မှုက သိသိသာသာ မကျသေးဘူး။ အခြေအနေဆိုးနေဆဲပဲ။

**ဘေးကင်းကွာ**

မြန်မာနိုင်ငံမှာတော့ ပြည်သူတစ်ရပ်လုံးနဲ့ နိုင်ငံတော်အစိုးရက ကိုဗစ်–၁၉ ကပ်ရောဂါ ကာကွယ်ရေးအတွက် ကျန်းမာရေးစည်းကမ်းတွေကို တတ်နိုင်သမျှ မပေါ့မဆ ကြိုးကြိုးစားစား လိုက်နာကာကွယ်ခဲ့ကြတဲ့အတွက် လက်ရှိအခြေအနေမှာ အထိုက်အလျောက် တားဆီးတွန်းလှန်နိုင်နေပါတယ်။ စည်းကမ်းတကျ စည်းလုံးကြတာရဲ့ အကျိုး။

ဒါကြောင့် ပညာရေး မနှောင့်နှေးရလေအောင် တက္ကသိုလ်၊ ကောလိပ်တွေလည်း ကိုဗစ်စည်းကမ်းချက်တွေနဲ့အညီ ကြပ်မတ်လိုက်နာပြီး ဖွင့်ကြပေတော့မယ်။

**ပညာရေး**

အခြေခံပညာကျောင်းတွေလည်း ပညာသင်မပျက် ဆက်လက်ဖွင့်လှစ်သင်ကြားနေကြတယ်။ အန္တရာယ်ရှိလောက်အောင် ရောဂါတွေ့ရှိမှုများတဲ့ မြို့နယ်အချို့ကို ခြွင်းချက်အနေနဲ့ ပိတ်ထားရဆဲတော့ရှိသပေါ့။ တစ်နိုင်ငံလုံးက ကျောင်းအားလုံးကိုတော့ ကလေးတွေ

ပညာရေး မနှောင့်နှေး မပျက်ပြားရစေဖို့ ကြိုးစားပြီး ဖွင့်ကြရတယ်။ ပညာရေးဟာ နိုင်ငံနဲ့ လူမျိုးရဲ့ အနာဂတ် အကောင်းအဆိုး၊ အနိမ့်အမြင့်၊ အတက်အကျကို အဓိကကျတဲ့ အခြေခံအရင်းအမြစ်ဖြစ်လို့ နိုင်ငံတော်အစိုးရက အထူးပဲအလေးထားအာရုံစိုက်ပြီး ဦးစားပေးနေတယ်။

အထူးသဖြင့် တက္ကသိုလ်၊ ကောလိပ်၊ အထက်တန်း၊ အလယ်တန်း ကျောင်းသား ကျောင်းသူ၊ လူငယ်လူရွယ်တွေဟာ အနာဂတ်ကိုတည်ဆောက်ဖန်တီးကြမယ့် တိုင်းပြည်ရဲ့ မျိုးဆက်သစ်တွေပဲ မဟုတ်လား။ သူတို့လေးတွေဟာ အညွန့်အဖူးလေးတွေပဲ။ သူတို့အတွက် ရည်ရွယ်ပြီး တိုတိုကျဉ်းကျဉ်း စကားငါးခွန်းလောက် မျှဝေလက်ဆင့်ကမ်းချင်ပါတယ်။

မိဘတွေ၊ ဆရာ ဆရာမတွေ ဖတ်မိလို့ သိရရင် မိမိသားသမီးလေးတွေ၊ တပည့်တပန်း ကျောင်းသားလေးတွေ (ကျောင်းသူတွေလည်း ပါတာပေါ့ကွယ်)အားလုံးက ကြားကြ မြင်ကြစေချင်ပါတယ်။

**လက်ဆင့်ကမ်း**

စာရေးသူက မြန်မာပြည်က ဗြိတိသျှဘားမားရုပ်ရှင်ကုမ္ပဏီပိုင်ရှင် သူဌေး ဦးညွန့်၊ ပဲရော့ကုမ္ပဏီသူဌေး ဦးဆန်နီ၊ ပခုက္ကူမြို့မှ စာပေဆုတည်ထောင်ပေးသွားခဲ့သူ ပခုက္ကူ ဦးအုံးဖေ၊ ကျိုင်းတုံမြို့မှ နောင်တုံကုမ္ပဏီပိုင်ရှင် ဦးစိုင်းတစ်အောင်၊ မန္တလေးမြို့မှ ဆေးရုံကြီး လူနာဆောင်များ၊ ဓာတ်လှေကား၊ ဆေးဝါး စသည်တို့ကို လှူဒါန်းပါဝင်တဲ့ ယူဒီဦးခင်မောင်ဝင်း၊ အောင်သမာဓိ ဦးအောင်(ခ)ဦးအောင်ဆန်းဝင်းတို့ရဲ့ ကြိုးစားအောင်မြင်မှုတွေ အကြောင်း ရေးခဲ့ဖူးတယ်။ အားကျလောက်တဲ့ ပုဂ္ဂိုလ်တွေပေါ့။

ဖတ်ရမှတ်ရသမျှ ကတ်စထရို၊ မာရှယ်တီးတိုး၊ ချေဂွေဗာရား၊ ဟိုချီမင်း၊ မော်စီတုံး၊ ဟိုဆေးရီဇော်၊ လင်ကွန်း၊ အဗ္ဗဒူကာလမ်၊ နရိန္ဒရာ မူဒီ၊ လီကာရှင်း၊ ဂျက်မား စတဲ့ပုဂ္ဂိုလ်တွေရဲ့ အားထုတ်ကြိုးစားပုံတွေကိုလည်း ရေးလည်းရေးတယ်။ စာပေဟောပြောပွဲတွေမှာလည်း ဟောပြောလေ့ရှိခဲ့တယ်။

**အသိမျှဝေ**

လူငယ်လူရွယ် အညွန့်အဖူးလေးတွေဟာ အမြင်ကျဉ်းပြီး အသိခေါင်းပါးရင် ကြိုးစားချင်စိတ် မထက်သန်ဘူး။ ပညာလိုလားတဲ့ ကြိုးစားလိုစိတ်ဟာ ပညာရကြောင်း တရားမှာ အဓိက အခြေခံအကျဆုံး ဖြစ်တယ်လို့ အာဠာဝက နတ်ဘီလူးကြီးကမေးလို့ မြတ်စွာဘုရားက ဖြေကြားခဲ့တာ(အာဠာဝကသုတ္တံဆိုတာ သားတို့ သမီးတို့ ရှာဖွေလေ့လာကြည့်ကြပါ)။ အောင်ခြင်းရှစ်ပါးထဲက စိတ်ဝင်စားစရာ ကောင်းလှတဲ့ အာဠာဝက ချွတ်ခန်းမှာ အဲဒီအမေးအဖြေ ၁၃ ချက်ဟာ ဘဝ တစ်သက်တာ မှတ်သားထိုက်တဲ့ မြတ်စွာဘုရားရဲ့ လမ်းညွှန်တရားတော်တစ်ပုဒ်ပါပဲ။

သူများတွေ ဘာကြောင့် အောင်မြင်သလဲ။

ကိုယ့်ဘဝမှာ သူနဲ့ထပ်တူကျအောင် ပုံတူကူးလို့ မရပေမယ့် သူတို့သိတဲ့၊ သူတို့သုံးတဲ့ နည်းလမ်းဗျူဟာ နည်းနာနိဿယတွေကတော့ သိရရင် ကောင်းတာပေါ့။ မသိရင် ခက်တယ်၊ သိရင်လွယ်တယ်။ အတဲ့၊ နုံတဲ့လူစားတွေက သူတို့ကိုယ်တိုင် တွေ့ကြုံရတဲ့ ဘဝသင်ခန်းစာတွေမှ တစ်ဆင့် သင်ယူကြတယ်။ ကျွန်ုပ်ကတော့ သူများတွေရဲ့ ဘဝအတွေ့အကြုံတွေ(စာအုပ်စာပေကရနိုင်တဲ့) သင်ခန်းစာတွေကနေ လေ့လာဆည်းပူးပါတယ်လို့ တစ်ခါက ဂျာမန်နန်းရင်းဝန်ဖြစ်ခဲ့တဲ့ ဗွန်ဘစ်စမတ်ဆိုတဲ့ ဥရောပခေါင်းဆောင်တစ်ဦး ရေးခဲ့ဖူးတယ်။

ဟုတ်တာပေါ့။ လူ့ဘဝဆိုတာ တိုတိုလေးပဲ။

အသက်ရှစ်ဆယ်၊ တစ်ရာအတွင်း ကိုယ့်ဘဝတစ်လျှောက် တွေ့သလောက်၊ မြင်သလောက် လုံလောက်ပြီထင်နေရင် ဒီလူဟာ လူညံ့ဖြစ်ပေမှာပေါ့။ ကျောင်းပညာ သင်သင်၊ မသင်သင်၊ စာအုပ်စာပေပေါင်းများစွာကို ဖတ်ရှုလေ့လာမှတ်သားရင် သူက ဗိုလ်ချုပ်အောင်ဆန်းနဲ့လည်း အနီးကပ်ရင်းနှီးနိုင်တာပဲ။ ဟိုချီမင်း၊ မော်စီတုံး၊ ကတ်စထရို၊ အေဘရာဟမ်လင်ကွန်း၊ ကွန်ဖျူးရှပ်စ်၊ ဂေါတမဗုဒ္ဓ စသည် စသည် သိရှိနိုင်တယ်နော။

ရှေးက ရှေ့က ဟောကြားပြောပြခဲ့တာတွေကို လေ့လာမှတ်သားရင် လူတော် လူချွန် လူမွန်တစ်ယောက် (လမ်းလွဲလမ်းချော်တွေ ကွေ့ကွေ့ကောက်ကောက် အချိန်မကုန်တော့ဘဲ) လွယ်လွယ်ကူကူနဲ့ ဖြစ်နိုင်ပေတာပေါ့။ စာဖတ်တဲ့သူတွေကတော့ ဗဟုသုတ ပြည့်ဝစမြဲပဲ။ ခေါင်းဆောင်ဟူသမျှက စာပေကို တော်တော်များများ လေ့လာဖတ်ရှုခဲ့ကြသူတွေပါပဲ။

**သူဘယ်သူလဲ**

ဒီနေရာမှာ မောင်တို့မယ်တို့ကို အယ်လွန်မက်စ်ဆိုတဲ့ လူတစ်ယောက်နဲ့ မိတ်ဆက်ပေးချင်ပါတယ်။ ၂၀၂၁ မှာ ကမ္ဘာ့အထူးခြားအထင်ရှားဆုံးပုဂ္ဂိုလ်လို့ တိုင်းမ်မဂ္ဂဇင်းက ရွေးချယ်သတ်မှတ်ပြီး မျက်နှာဖုံးမှာ သူ့ပုံကို ဖော်ပြခဲ့ပါတယ်။

သူက ဘယ်သူလဲ။ အချိန်ကို ငဲ့သောအားဖြင့် မောင်တို့မယ်တို့ ကိုယ်တိုင် သတင်းစာ၊ ဂျာနယ်၊ လက်ကိုင်ဖုန်းထဲက ဂူဂဲလ် စတဲ့ စာမျက်နှာတွေမှာ ဆက်လက်ဖတ်ရှုလေ့လာ ကြည့်လိုက်ပါလို့ တိုက်တွန်းပါတယ်။

**သူလိုလူစား**

ကမ္ဘာပေါ်မှာ ၂၀၂၁ ခုနှစ်အတွင်း ဝင်ငွေအကျိုးအမြတ်အများဆုံးရအောင် စွမ်းဆောင်နိုင်တဲ့ သန်းကြွယ်သူဌေးကြီးတစ်ယောက်ပေါ့။ အသက်လည်း သိပ်မကြီးလှသေးပါဘူး။ သန်းကြွယ်သူဌေးဖြစ်နေတာတော့ ကြာပါပြီ။ ကမ္ဘာ့အဆင်းရဲဆုံး လူသားတွေကို သန်းပေါင်းများစွာ လှူဒါန်းမယ် ကြေညာတော့ လူသိပိုများသွားတာပေါ့။ ထားပါတော့။

သူ့ရဲ့ ဥပဓိရုပ်ကို ကြည့်လိုက်ပါ။

ရည်ရည်မွန်မွန်၊ ကြည်ကြည်လင်လင် တွေ့ရမယ်။

သူ ၂၀၂၂ ခုနှစ် နှစ်သစ်နှစ်ဦးမှာ စကားငါးခွန်း ပြောခဲ့တယ်။ ပူပူနွေးနွေး လတ်လတ်ဆတ်ဆတ်ပြောတဲ့စကားက လူငယ်လူရွယ်များအတွက် တိုးတက်အောင်မြင်စေချင်တဲ့ ရည်ရွယ်ချက်နဲ့ ပြောတာပါလို့ သူကဆိုတယ်။ စာဖတ်သူများ သိပြီးပြီလား။ **စာမျက်နှာ ၇ သို့ »»**



အယ်လွန်မက်စ်



လီကာရှင်း



ဂျက်မား



မက်ဇူကာဘတ်



ဘီလ်ဂိတ်

»»» **စာမျက်နှာ ၆ မှ**

အယ်လွန်မက်စ်ဟာ သူ့ရဲ့ ဥပဓိရုပ်အရ၊ သူ့ရဲ့ ကိုယ်ရည်ကိုယ်သွေးနဲ့ လုပ်ရည်ကိုင်ရည်အရ ၂၀၂၁ ခုနှစ်ရဲ့ အထူးခြားဆုံးပုဂ္ဂိုလ်ရယ်လို့ တိုင်းမ်မဂ္ဂဇင်းက ရွေးချယ်ခံရလို့ ချီးမြှောက်နေခြင်းမဟုတ်ပါ။ ယုံကြည်လေးစားနိုင်တဲ့ လူတစ်ယောက်လို့ ယူဆရပါတယ်။

သူပြောတဲ့စကားဟာ စေတနာပါတယ်။ မှန်ကန်တယ်။ အချိန်အခါနဲ့ ဆီလျော်တယ်။ အခြေအနေအရ သင့်တော်တယ်။ နားထောင်သူအတွက် အကျိုးရှိစေလောက်တဲ့ အကြောင်းအချက်တွေပဲလို့ယူဆတယ်။

**သူဌေးစကား**

အယ်လွန်မက်စ် ပြောပြတဲ့စကားကို စာဖတ်သူက ကြိုက်ရင် မှတ်သား ကျင့်သုံးကြည့်ပေ့ါ။

မကြိုက်ရင်မမှတ်နဲ့။ မယူနဲ့။ ဒါပါပဲ။

စာရေးသူက ဖတ်သူအတွက် အသုံးချကြည့်ရင်တော့ အကျိုးတစ်စုံတစ်ရာရှိလောက်မှာ သေချာတယ်လို့ မှန်းဆမိတဲ့အတွက် လက်ဆင့်ကမ်းမျှဝေခြင်းပါ။

သူပြောတာက–

၁။ Be useful – အသုံးကျပါစေ။

၂။ Contribute to society – လူ့အဖွဲ့အစည်း အတွင်းမှာ အပြုသဘော ပါဝင်လုပ်ဆောင်ပါ။

၃။ Don't try to be a leader – ခေါင်းဆောင်တစ်ဦးရယ်လို့ ဖြစ်လာအောင် မကြိုးပမ်းပါနဲ့။

၄။ Read books and inject information – စာအုပ်များကိုဖတ်ပါ။ အသိပညာ အကြံသစ်ဉာဏ်သစ် လောင်းပါ။

၅။ Talk the people – လူတွေနဲ့စကားပြောပါ။

အယ်လွန်မက်စ်ဆိုတဲ့ ကမ္ဘာကျော်သန်းကြွယ်(အချမ်းသာဆုံးလို့ ပြောနေကြတာပဲ) သူဌေးကြီးတစ်ယောက်ရဲ့ စကားကို အောင်မြင်မှုကိုပန်းတိုင်ထားပြီး ကြိုးစားအားထုတ်နေကြတဲ့ လူငယ်အားလုံးအတွက် နှစ်သစ်ကူး နှစ်ဦး လက်ဆောင်ပေးလိုက်ခြင်းပါပဲ။

**အသုံးကျပါစေ**

သူပြောတာတွေကို အသေးစိတ်မဖော်ပြတော့ပါ။ အယ်လွန်မက်စ် တိတိကျကျ ရေးထား၊ ပြောထားတာကလည်း ရှင်းလင်းပြီးသားပါ။ အသုံးကျပါစေ။ အသုံးကျအောင် ကြိုးစားနေပါ။ အသုံးကျအောင် ကြိုးစားရတာဟာ လက်တွေ့မှာ တကယ်တမ်း ခက်ခဲပင်ပန်းလှပါတယ်လို့ ပြောထားပါသေးတယ်။

ကိုဗစ်ရောဂါကုသဖို့အတွက် အများပြည်သူကုသရာမှာ အသုံးပြုရန် ပြည်ပမှ တင်သွင်းသယ်ဆောင်လာတဲ့ အောက်ဆီဂျင်တိုင်ကီတင်ကားနဲ့ ယာဉ်မောင်းကို ပစ်ခတ်သတ်ဖြတ်ခြင်းမျိုး၊ လူနာတင်ယာဉ်ကို မိုင်းခွဲတိုက်ခိုက်ခြင်းနဲ့ ပြည်သူအများ သွားလာအသုံးပြုနေတဲ့ လမ်း၊ တံတားများကို မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်းမျိုးတွေက ဘယ်လောက်များ ဆိုးရွားလှပါသလဲ။

သူ့ရဲဘောကြောင်ရုံမျှသာမက မိုက်မဲယုတ်မာလွန်းပါတယ်။ အကုသိုလ်အကျိုးပေးမယ့် ဆိုးရွားမှုတွေမို့ အောင်မြင်မှုနဲ့ ဝေးလွန်းပါရဲ့ကွယ်။

သန်းကြွယ်သူဌေးကြီး အယ်လွန်မက်စ်အကြံပေးတဲ့ ဒုတိယအချက်ဖြစ်တဲ့ လူ့အဖွဲ့အစည်း၊ လူအများကို ကူညီရိုင်းပင်းထောက်ပံ့ပေးပါဆိုတာနဲ့ ဆန့်ကျင်ဘက်တွေလုပ်နေသမျှ ဘဝတက်လမ်းနဲ့ အောင်မြင်မှုဟာ ရနိုင်ပါတော့မလားကွယ်။

ခေါင်းဆောင် ဖြစ်ရမယ်လို့တော့ မကြိုးစားလေနဲ့ဆိုတာက အမှန်တကယ်သာ ကိုယ်က လူတော်လူကောင်းဖြစ်နေရင် ခေါင်းဆောင်နေရာ၊ ခေါင်းဆောင်တာဝန်ဆိုတာ အလိုလို ထင်ပေါ်ရင်စင်တော်ကကောက်စမြဲမို့ မိမိကိုယ်ကို အတ္တသမ္မာပဏီဓိစ မင်္ဂလာနဲ့ ပြည့်စုံအောင်ပဲ အတ္တာဟိ အတ္တနော နာထော ကိုယ်တိုင် လူကောင်းလူတော်ဖြစ်ဖို့သာ လုပ်ပါလို့ ဆိုလိုပုံရပါတယ်။

ကမ္ဘာကျော် သိပ္ပံပညာရှင်တွေ၊ ပညာကျော်တွေ၊ နိုင်ငံရေး၊ စစ်ရေးခေါင်းဆောင်ကြီးတွေ၊ သူဌေးသူကြွယ်ကြီးတွေ အားလုံးဟာ စာသိပ်ဖတ်ခဲ့ကြပါတယ်။ စာအုပ်စာပေမှာ မွေ့လျော်တော့ သူတကာတွေထက် ခေါင်းပေါ်ကျော်ပြီး မြော်မြင်နိုင်ကြပေတာပေ့ါ။ စာမဖတ်ဘဲ ခေါင်းဆောင်နေရာ တက်ထိုင်ရင်တော့ ကျတဲ့အခါ ကြောင်ကျမကျဘူး။ စာများများဖတ်သူများသာလျှင် ထိပ်ဆုံးသို့ ရောက်စမြဲထုံးစံ။ စာကောင်းပေကောင်းတွေကို အဖော်ပြုပါလေ။

**မေးမြန်းလေ့လာ**

အမှတ်စဉ်(၅)အချက် လူတွေနဲ့ စကားပြောပါဆိုတာ ကိုယ်ကသွားပြီးလေပေါနေဖို့ မဟုတ်ပါ။ သူတို့အမြင်၊ သူတို့အတွေး၊ သူတို့ဘဝအတွေ့အကြုံ၊ သူတို့ခံစားချက်၊ သူတို့ထင်မြင်ချက်၊ သူတို့ရဲ့ လက်တွေ့ဘဝထဲကို ထဲထဲဝင်ဝင် သိမြင်နားလည်ပါမှ ကိုယ်ပြောမယ့်၊ လုပ်မယ့်၊ စီမံမယ့်အကြံဉာဏ်က အံဝင်ခွင်ကျဖြစ်မယ်မဟုတ်လား။

အသက်မွေးမှု မတူ၊ ဒေသမတူ၊ အသက်အရွယ်မတူ၊ အုပ်စုမတူတဲ့ လူမျိုးစုံနဲ့ တွေ့ပါမေးပါ၊

ထိတွေ့ပါ။ သိအောင်လေ့လာပါတဲ့။ နယ်ပယ်စုံကိုသိနေရမယ်။

စာဖတ်သူ လူငယ်လူရွယ်အပေါင်းတို့–

ကမ္ဘာကျော်သူဌေးတစ်ယောက် (အယ်လွန်မက်စ်ဟာ အချမ်းသာဆုံးဖြစ်ရုံမက တစ်နှစ်တာကာလအတွင်း ၃၀၄ ဘီလီယံမှ ၃၀၆ ဘီလီယံထိအောင် ပိုမိုကြွယ်ဝသွားပြန်ပါပြီတဲ့။ နောက်ဆုံးသတင်းအရ) နှစ်သစ်ကူး နှစ်ဦးလက်ဆောင် ပြောတဲ့စကား ငါးချက်က အပ်ဖျားရေစက်ပါပဲ မောင်ရေ၊ အမောင်တို့၊ အမိတို့ ကြည့်တတ်ရင် ပင်လယ်ကိုပင် မြင်တွေ့ရနိုင်တယ်။

အပ်ဖျားရေစက် အနက်ပင်လယ်ဆိုတာ အသုံးချတတ်သူအတွက် မောင်ပေါက်ကျိုင်း ထီးနန်းစံရတဲ့ကိန်းပါပဲကွယ်။ မေးပါများစကားရ၊ သွားဖန်များခရီးရောက်၊ မအိပ်မနေ အသက်ရှည်တဲ့။ အိပ်မနေနဲ့ ကိုယ့်လူရေ စာကောင်းပေကောင်းတွေ မိတ်ဆွေဖွဲ့မှ လူရာဝင်ပေလိမ့်မယ်ခင်ဗျာ။ ။

## ကိုဗစ်-၁၉ ရောဂါ ဖြစ်ပေါ်နေသည့်ကာလအတွင်း ဒေသတွင်း စိုက်ပျိုးမွေးမြူရေး ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်နိုင်ရေး ဆောင်ရွက်

**နေပြည်တော် ဇန်နဝါရီ ၁၀**

ဒေသတွင်းစားနပ်ရိက္ခာဖူလုံရေးနှင့် ပြည်သူများ၏ စားသောက်ရေးကို အထောက်အကူဖြစ်စေရန်အတွက် ယနေ့တွင် တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် မျိုးမင်းထွန်းနှင့်အဖွဲ့ဝင်များသည် တိုင်းစစ်ဌာနချုပ်ရှိ စိုက်ပျိုး/မွေးမြူရေးလုပ်ငန်းများကိုလည်းကောင်း၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်အောင်နှင့် အဖွဲ့ဝင်များသည် ပုသိမ်မြို့ရှိ နယ်မြေခံတပ်၏ မိုးစပါးရိတ်သိမ်းနေမှုနှင့် နွေစပါးစိုက်ပျိုးရန် ထွန်ယက်နေမှုများကိုလည်းကောင်း သွားရောက်ကြည့်ရှု၍ တာဝန်ရှိသူများနှင့်တွေ့ဆုံကာ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်နိုင်ရေးနှင့် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

❒





## ၂၀၂၂ ခုနှစ် ကာကွယ်ရေးဦးစီးချုပ်(လေ) တံခွန်စိုက်ဒိုင်း ပိုက်ကျော်ခြင်းနှင့် ရိုးရာဝိုင်းဖွဲ့ခြင်းလုံးပြိုင်ပွဲ ဖွင့်ပွဲ ကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၁၀**

၂၀၂၂ ခုနှစ် ကာကွယ်ရေးဦးစီးချုပ်(လေ) တံခွန်စိုက်ဒိုင်း ပိုက်ကျော်ခြင်းနှင့် ရိုးရာဝိုင်းဖွဲ့ခြင်းလုံးပြိုင်ပွဲ ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် မှော်ဘီလေတပ်စခန်း မိုးလုံလေလုံအားကစားခန်းမ၌ ကျင်းပရာ တပ်မတော်(လေ)မှ အရာရှိကြီးများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင် အားကစားသမားများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြပြီး ကာကွယ်ရေးဦးစီးချုပ်(လေ)ကိုယ်စား ဗိုလ်ချုပ်လှညွန့်က အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသူများသည် မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ်မှ ခြင်းလုံးအလှပြကစားမှုနှင့် ပြိုင်ပွဲယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးကြသည်။

အဆိုပါ ပိုက်ကျော်ခြင်းနှင့် ရိုးရာဝိုင်းဖွဲ့ခြင်းလုံးပြိုင်ပွဲကို ပြိုင်ပွဲဝင်အသင်း ၁၀ သင်းဖြင့် ဇန်နဝါရီ ၁၃ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# အဆောက်အဦ၊ လမ်း၊ တံတား၊ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနနှင့် ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာနတို့မှ ဝန်ထမ်းသစ်များ၏ လုပ်ငန်းခွင်ဝင် သင်တန်းအမှတ်စဉ် (၁/၂၀၂၂)ဖွင့်ပွဲ ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၁၀**

ဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြင့်မားရေးနှင့် လုပ်ငန်းခွင်ကျွမ်းကျင်မှုရှိစေရန် ရည်ရွယ်၍ ဆောက်လုပ်ရေးဝန်ကြီးဌာန အဆောက်အဦ၊ လမ်း၊ တံတား၊ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနနှင့် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနတို့မှ ဝန်ထမ်းသစ်များ၏ လုပ်ငန်းခွင်ဝင် သင်တန်းအမှတ်စဉ် (၁/၂၀၂၂) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော် ဆောက်လုပ်ရေးဝန်ကြီးဌာန စုဝေးခန်းမဆောင်၌ ကိုဗစ်-၁၉ ညွှန်ကြားချက်များနှင့်အညီ ကျင်းပသည်။

**ဖွင့်လှစ်ပေးခြင်းဖြစ်**

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးရွှေလေးက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅)ရပ်၊ ဦးတည်ချက် (၉)ရပ်နှင့်အညီ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် တည်ဆောက်ရေးလုပ်ငန်းများတွင် အတွေးသစ်၊ အမြင်သစ်များဖြင့် လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်မည့် အင်ဂျင်နီယာနှင့် အခြားဝန်ထမ်းသစ်များအတွက် ဌာန၏ လိုက်နာဆောင်ရွက်ရမည့် စည်းမျဉ်း၊



စည်းကမ်းများနှင့် လုပ်ငန်းစဉ်များကို စနစ်တကျ သိရှိနားလည်နိုင်စေရန် ယခုသင်တန်းကို စီစဉ်ဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း။

၂၀၂၂ ခုနှစ်တွင် မိမိတို့ဝန်ကြီးဌာနအနေဖြင့် ပထမဦးဆုံးဖွင့်လှစ်သည့် သင်တန်းဖြစ်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီလက်ထက် အသစ်ခန့်ထားသည့် အင်ဂျင်နီယာဝန်ထမ်းများ၊ ငွေစာရင်းဝန်ထမ်းများနှင့် အုပ်ချုပ်မှုဆိုင်ရာဝန်ထမ်း စုစုပေါင်း ၃၅၂ ဦးကို အွန်လိုင်းမှ ပို့ချသင်ကြားပေးမည်ဖြစ်ပါကြောင်း။

သင်တန်းသားများအနေဖြင့် နိုင်ငံ့ဝန်ထမ်းတာဝန်များကို စတင်ထမ်းဆောင်ရမည်ဖြစ်သည့်အတွက် စည်းကမ်းလိုက်နာမှု၊ အမိန့်နာခံတတ်မှု၊ အပြန်အလှန် လေးစားတတ်မှုစသည့် အလေ့အထကောင်းများကို မွေးမြူပြီး ဝန်ကြီးဌာန၏ ဦးတည်ချက်၊ ရည်မှန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ကြရန် လိုပါကြောင်း။

ယခု အသစ်ခန့်အပ်သည့် ဝန်ထမ်းများတွင် တိုင်းရင်းသား လူမျိုးပေါင်းစုံပါဝင်ပြီး မွေးရပ်ဇာတိများနှင့် အနီးစပ်ဆုံးဒေသများတွင် ပြန်လည်တာဝန်ထမ်းဆောင်ရမည်ဖြစ်သည့်အတွက် မိမိဒေသဖွံ့ဖြိုးတိုးတက်ရေးတို့ကို ကာယ၊ ဉာဏစွမ်းအားဖြင့် လုပ်ငန်းတာဝန်များကို ကျေပွန်အောင် ထမ်းဆောင်ရန် အထူးမှာကြားလိုပါကြောင်း။

လုပ်ငန်းခွင်တွင် အခြေခံအဆောက်အဦများ အရည်အသွေးကောင်းမွန်ပြီး ရေရှည်တည်တံ့ခိုင်မြဲသော လမ်း၊ တံတား၊ အဆောက်အဦများဖြစ်ရန်အတွက် QA/QC ကို အလေးထားဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးရုံး ခေတ္တတာဝန်ခံ ညွှန်ကြားရေးမှူးချုပ် ဦးဝဏ္ဏဇော်က သင်တန်းပို့ချမည့် အစီအစဉ်များကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## မြို့ပြတည်ဆောက်ရေးလုပ်ငန်းများ အချိန်မီပြီးမြောက်စေရေး ဆောင်ရွက်နိုင်ရန် ယန္တရားမောင်း အထူးမွမ်းမံသင်တန်းသားများကို ရန်ကုန်မြို့တော်ဝန် မှာကြား

**ရန်ကုန် ဇန်နဝါရီ ၁၀**

ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ(မြို့တော်ဝန်) ဦးဗိုလ်ဌေးသည် ဒုတိယမြို့တော်ဝန်၊ အတွင်းရေးမှူး၊ ကော်မတီဝင်များနှင့်အတူ ယနေ့နံနက် ၈ နာရီတွင် ယာဉ်ယန္တရားစီမံခန့်ခွဲရေးနှင့် ထိန်းသိမ်းရေးဌာန ယန္တရားမောင်းအထူးမွမ်းမံသင်တန်း အမှတ်စဉ်(၁/၂၀၂၂) သင်တန်းဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

ဖွင့်ပွဲတွင် မြို့တော်ဝန်က "ရန်ကုန်မြို့တွင် လူဦးရေ ခုနစ်သန်း အထက်ရှိပြီး နိုင်ငံ၏စီးပွားရေးမြို့တော်ဖြစ်သည်နှင့်အညီ အလုပ်အကိုင်အခွင့်အလမ်းများပြားပြီး လူဦးရေထူထပ်သည့် မြို့တော်ဖြစ်ကြောင်း၊ မြို့တော်အတွင်း မြို့သစ်ဧရိယာတိုးချဲ့ခြင်း၊ အစိုးရစီမံကိန်းများဖြစ်သည့် အိုးအိမ်တိုက်တာအဆောက်အအုံများ ဆောက်လုပ်ခြင်း၊ ရေရရှိရေးနှင့် ရေပေးဝေရေးစီမံကိန်းများ ဆောက်ရွက်ခြင်းစသည့် လုပ်ငန်းအသစ်များအပြင် မြို့ပြဖွံ့ဖြိုးမှုအင်္ဂါရပ်နှင့် ညီညွတ်ရမည့် လမ်းတံတားလုပ်ငန်းများ၊ ရေစီးရေလာကောင်းမွန်ရေးလုပ်ငန်းများ၊ ရေရရှိရေးနှင့် ရေပေးဝေရေးလုပ်ငန်းများ၊ မြို့ပြပတ်ဝန်းကျင်ထိန်းသိမ်းရေး လုပ်ငန်းအဟောင်းများကိုလည်း ပြုပြင်မွမ်းမံခြင်း၊ တိုးချဲ့ဆောင်ရွက်ခြင်းတို့ကို နေ့စဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ရေတိုလုပ်ငန်းဆောင်တာအများအပြားကို ဆောင်ရွက်ရန်အတွက် လူအင်အားနှင့် ဆောင်ရွက်ရန်မလုံလောက်ခြင်းကြောင့် ဘဏ္ဍာနှစ်အလိုက် ဘဏ္ဍာငွေပေါ်မူတည်၍ လိုအပ်သောစက်ယန္တရားမျိုးစုံကို ဝယ်ယူဖြည့်တင်းနေကြောင်း၊ သင်တန်းတက်ရောက်ကြသော ဝန်ထမ်းများသည် လက်တွေ့လုပ်ငန်းတွင် ကွင်းဆင်းဆောင်ရွက်နေသော ဝန်ထမ်းများဖြစ်ပြီး လက်ရှိကိုင်တွယ်မောင်းနှင်နေသည့် စက်ယန္တရားများကို စနစ်တကျ နားလည်တတ်ကျွမ်းပြီး ထပ်မံဝယ်ယူမည့် စက်ယန္တရားအသစ်များကိုလည်း ခေတ်မီနည်းပညာအသစ်များ ကိုင်တွယ်ထိန်းသိမ်းမှုပညာများ စနစ်တကျ နားလည်တတ်ကျွမ်းစေရန်၊ ယခုသင်တန်းတွင် သင်တန်းသားများအနေဖြင့် ယန္တရားကိုင်တွယ်ထိန်းသိမ်းမှုကို စာတွေ့၊ လက်တွေ့ သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း ပြောကြားပြီး သင်တန်းတွင် အသုံးပြုမည့် သင်တန်းသုံးစက်ယန္တရားများကို ကြည့်ရှုစစ်ဆေးသည်။

ယခုသင်တန်းသို့ ကော်မတီအတွင်း ယန္တရားများ အသုံးပြုနေသည့် ဌာန ခြောက်ခုမှ ဝန်ထမ်းသင်တန်းသား ၃၆ ဦး တက်ရောက်ပြီး သင်တန်းကာလ တစ်ပတ်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ မြို့တော်ဝန်နှင့်အဖွဲ့သည် ယုဇနဥယျာဉ်မြို့တော်အိမ်ရာရှေ့ မြို့နယ်ခန်းမတည်ဆောက်နေမှုကိုလည်းကောင်း၊ မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံးသို့ သွားရောက်၍ (၅၈)ရပ်ကွက်အား စံပြရပ်ကွက်ထားရှိနိုင်ရေးတို့ကို မြေပုံကားချပ်ဖြင့်လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ထို့နောက် မြို့တော်ဝန်နှင့်အဖွဲ့သည် အဆိုပါရုံးဝင်းအတွင်းရှိ ရေစုကန်နှင့် ဝန်ထမ်းလိုင်းခန်းများအား ကြည့်ရှုစစ်ဆေး၍ ရုံးဝင်းအတွင်းနှင့် ပတ်ဝန်းကျင်မြောင်းများမှ ရေသွင်းရန်နှင့် ရုံးတွင်းရုံးပြင်သန့်ရှင်းသာယာသပ်ရပ်ရေး ဆောင်ရွက်ရန်တို့ကို မှာကြားပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**





## ပန်းခင်းစီမံချက် လျာထားချက် ရာနှုန်းပြည့်ပြီးမြောက်အောင်မြင်ပွဲ ကျင်းပ

**ပဲခူး ဇန်နဝါရီ ၁၀**

ပဲခူးခရိုင် ပန်းခင်းစီမံချက် လျာထားချက် ရာနှုန်းပြည့် ပြီးမြောက်အောင်မြင်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ပဲခူးမြို့တော်ခန်းမ၌ ကျင်းပသည်။

**အားကြိုးမာန်တက် ဆောင်ရွက်**

အခမ်းအနားတွင် ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက နိုင်ငံတော်၏ အနာဂတ်အတွက် မဖြစ်မနေ ဆောင်ရွက်ရမည့် နိုင်ငံသားတိုင်းကိုင်ဆောင်သင့်သည့် ကတ်ပြားတစ်မျိုးမျိုး ကိုင်ဆောင်နိုင်ရေး လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဦးစီးဌာနက နိုင်ငံနှင့်အဝန်း ပန်းခင်းစီမံချက်ဖြင့် ဆောင်ရွက်ပေးလျက်ရှိရာ ပဲခူးတိုင်းဒေသကြီးအတွင်း လူဦးရေ ၁၅၉၅၇၆ ဦး ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ယခုအခါ ပဲခူးခရိုင်အတွင်းရှိ မြို့နယ်ရှစ်မြို့နယ်တွင် ပန်းခင်းစီမံချက် လျာထားချက် ရာနှုန်းပြည့် ပြီးမြောက် အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့သဖြင့် ဂုဏ်ယူဝမ်းမြောက်မိကြောင်း၊ နိုင်ငံသားတစ်ယောက်၏ လူမှုဘဝလုပ်ငန်းများတွင် မရှိမဖြစ်လိုအပ်သော နိုင်ငံသားစိစစ်ရေးကတ်ပြားအား တစ်ယောက်မကျန် ထုတ်ပေးနိုင်ရေး ဆောင်ရွက်ပေးရမည်ဆိုသည့် ခံယူချက်ဖြင့် ဝန်ထမ်းများအားလုံး အားကြိုးမာန်တက် တက်ညီလက်ညီ ဆောင်ရွက်ပေးသွားရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် အခမ်းအနားတွင် ပြသထားသည့် ပန်းခင်းစီမံချက် ဆောင်ရွက်မှုမှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုခဲ့ကြသည်။

ပဲခူးခရိုင်အတွင်း မြို့နယ် ရှစ်မြို့နယ်၊ ရပ်ကွက် ၁၁၂ ရပ်ကွက်၊ ကျေးရွာအုပ်စု ၄၄၄ အုပ်စု၊ ကျေးရွာ ၁၃၄၄ ရွာဖြင့် ဖွဲ့စည်းထားရှိပြီး ပန်းခင်းစီမံချက်ဖြင့် ဆောင်ရွက်ပေးရန် လူဦးရေ ၅၀၉၀၆ ဦး ဖြစ်သော်လည်း လူဦးရေ ၅၁၇၀၀ ဆောင်ရွက်ပေးနိုင်ခဲ့သဖြင့် ပြီးစီးမှု ၁၀၄ ဒသမ ၂၂ ရာခိုင်နှုန်းဖြစ်ပြီး သတ်မှတ်ကာလထက် ကိုးလ ပိုမိုစောပြီးအောင် ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

**သစ်တောနဲ့သစ်ပင် ချစ်ခင်တဲ့လူမျိုး**
**သစ်ပင်ကိုနှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး**

# စက်သုံးဆီအရောင်းဆိုင် ၉၉ ဆိုင်တွင် အထူးဈေးနှုန်းဖြင့် ဒီဇယ်ဆီဖြန့်ဖြူးရောင်းချပေးသွားမည်

နေပြည်တော် ဇန်နဝါရီ ၁၀

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ စက်သုံးဆီတင်သွင်းဖြန့်ဖြူးရောင်းချရေးအသင်းတို့ ပူးပေါင်းစီစဉ်မှုဖြင့် ပြည်သူများ သက်သာသောဈေးနှုန်းဖြင့် ဝယ်ယူရရှိနိုင်ရန်ရည်ရွယ်၍ ဗဟိုဘဏ်မှ ရည်ညွှန်းငွေလဲနှုန်းဖြင့် တိုက်ရိုက်ရောင်းချပေးသည့် နိုင်ငံခြားငွေအမေရိကန်ဒေါ်လာ ၃၄ သန်းဖြင့် စက်သုံးဆီ မှာယူတင်သွင်းခဲ့သည့်ကုမ္ပဏီ ၂၆ ခုမှ ဒီဇယ်ဆီဂါလန် ၁၂ ဒသမ ၅၄ သန်းခန့်ကို အထူးဈေးနှုန်းဖြင့် ဖြန့်ဖြူးရောင်းချပေးသွားမည်ဖြစ်ပြီး ဇန်နဝါရီ ၁၁ ရက်မှစတင်၍ ကုမ္ပဏီ ၁၀ ခုမှ တိုင်းဒေသကြီး/ပြည်နယ်များရှိ စက်သုံးဆီအရောင်းဆိုင်စုစုပေါင်း ၉၉ ဆိုင်တွင် စတင်ဖြန့်ဖြူးရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ပြည်သူများအနေဖြင့် အထူးဈေးနှုန်းဖြင့် ရောင်းချပေးမည့် စက်သုံးဆီအရောင်းဆိုင်များတွင် ဒီဇယ်ဆီများကို မြန်မာ့ရေနံနှင့် ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေးဦးစီးဌာနမှ ထုတ်ပြန်ထားသော ရည်ညွှန်းဈေးနှုန်းအတိုင်း ဝယ်ယူရရှိနိုင်မည်ဖြစ်သည်။ တိုင်းဒေသကြီး/ပြည်နယ်များတွင် သတ်မှတ်ဈေးနှုန်းဖြင့် စတင်ရောင်းချပေးနေသည့် စက်သုံးဆီအရောင်းဆိုင်တို့မှာ ပူးတွဲဖော်ပြပါဇယားအတိုင်း ဖြစ်သည်။

ပြည်သူများအနေဖြင့် ဒီဇယ်ဆီများကို တိုင်းဒေသကြီး/ပြည်နယ်အလိုက် သတ်မှတ်စက်သုံးဆီအရောင်းဆိုင်များတွင် သတ်မှတ်ဈေးနှုန်းများအတိုင်း ဝယ်ယူရရှိခြင်းမရှိပါက ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေးလုပ်ငန်းကော်မတီ ဖုန်း ၀၉-၆၆၄၀၇၅၆၈၃၊ ၀၉-၆၆၄၅၉၆၃၂၇၊ ၀၉-၆၈၇၆၃၅၉၄၃၊ ၀၉-၆၇၆၃၂၀၈၂၆၊ စားသုံးသူရေးရာဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး ဖုန်း ၀၁-၂၅၀၂၇၀၊ မြန်မာနိုင်ငံ စက်သုံးဆီ တင်သွင်းဖြန့်ဖြူးရောင်းချရေးအသင်းဖုန်း ၀၉-၄၂၁၀၀၆၇၉၄တို့ကို ဆက်သွယ်တိုင်ကြားနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

## တိုင်းဒေသကြီး/ပြည်နယ်များတွင် ရောင်းချပေးမည့် စက်သုံးဆီအရောင်းဆိုင်များစာရင်း

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | ရောင်းချသည့် ဆိုင်အရေအတွက် |
|---|---|---|
| ၁ | ရန်ကုန်တိုင်းဒေသကြီး | ၂၇ |
| ၂ | မန္တလေးတိုင်းဒေသကြီး | ၂၄ |
| ၃ | နေပြည်တော် | ၃ |
| ၄ | ပဲခူးတိုင်းဒေသကြီး | ၁၄ |
| ၅ | မကွေးတိုင်းဒေသကြီး | ၃ |
| ၆ | တနင်္သာရီတိုင်းဒေသကြီး | ၂ |
| ၇ | ဧရာဝတီတိုင်းဒေသကြီး | ၆ |
| ၈ | မွန်ပြည်နယ် | ၅ |
| ၉ | ရခိုင်ပြည်နယ် | ၆ |
| ၁၀ | ရှမ်းပြည်နယ် | ၉ |
| | စုစုပေါင်း | ၉၉ |

## ရန်ကုန်တိုင်းဒေသကြီးတွင် အထူးဈေးနှုန်းဖြင့် ရောင်းချပေးမည့် ဒီဇယ်ဆီအရောင်းဆိုင်စာရင်း

| စဉ် | ကုမ္ပဏီအမည် | အရောင်းဆိုင်အမည် | အရောင်းဆိုင်လိပ်စာ |
|---|---|---|---|
| ၁ | မြတ်မေတ္တာမွန် | MMTM – Tamwe | အရှေ့မျဉ်းပြိုင်ကွင်းလမ်း၊ တာမွေမြို့နယ် |
| | | MMTM – Ywama | ဘုရင့်နောင်လမ်း၊ လှိုင်မြို့နယ် |
| | | MMTM – North Dagon | ပင်လုံလမ်း၊ မြောက်ဒဂုံ |
| | | MMTM – Thingankyun | သံသုမာလမ်း၊ သင်္ဃန်းကျွန်းမြို့နယ် |
| ၂ | Shwe Byain Phyu | SBP (Toon Tae) | တွံ့တေး-ဒလလမ်းမကြီး |
| | | SBP(Htan Ta Pin) | တူးချောင်းရွာ၊ ထန်းတပင်မြို့နယ် |
| | | SBP(Innsein) | အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့ |
| | | SBP(No-3 Mingalardon) | ပုလဲမြို့သစ်၊ မင်္ဂလာဒုံမြို့နယ် |
| | | SBP (No-4 Mhaw Bi ) | မှော်ဘီမြို့နယ် |
| | | SBP ( Tar Kay Ta ) | ရှုခင်းသာလမ်း၊ သာကေတမြို့နယ် |
| ၃ | Kyaw San Co.,Ltd | KS(019) | မှော်ဘီအမှတ်(၄)လမ်းမကြီး၊ မှော်ဘီမြို့၊ ရန်ကုန်တိုင်းဒေသကြီး။ |
| ၄ | Moon Sun Energy | Moon Sun Energy (Hlaing Thar Yar) | အမှတ်(၁၅)၊ ရန်ကုန် - ပုသိမ်လမ်းမကြီး၊ မြစိမ်းရောင်အိမ်ရာ၊ ဒဂုံဧရာအဝေးပြေးရှေ့၊ လှိုင်သာယာမြို့နယ်၊ |
| ၅ | Max Energy Co., Ltd. | Tar Kay Ta | မင်းနန္ဒာနှင့် ဧရာဝတီလမ်းအနီး၊သာကေတမြို့နယ် |
| | | Tharkata(Kamarkyi) | သန်လျင်တံတားချဉ်းကပ်လမ်း၊ (၁၀/တောင်ရပ်ကွက်) သာကေတမြို့နယ် |
| | | North Dagon (Bo Ba Htoo Road) | ဗိုလ်ဗထူးလမ်း၊ မြောက်ဒဂုံမြို့နယ် |
| ၆ | 360 Degree Energy Co., Ltd | 360˚ Petro (Bayintnaung) | ဘုရင့်နောင်လမ်းမကြီး |
| | | 360˚ Petro (Satsan) | စက်ဆန်းရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ် |
| | | 360˚ Petro (Danyingone) | ဒညင်းကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ် |
| | | 360˚ Petro (Thingankyun, Laydaungkan) | လေးထောင့်ကန်ရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ် |
| | | 360˚ Petro (Ayarwon, Tharkayta) | သာကေတမြို့နယ် |
| | | 360˚ Petro (Bomhuebahtoo, North Dagon) | ဗိုလ်ဗထူးလမ်း၊ မြောက်ဒဂုံမြို့နယ် |
| ၇ | Aye Nyein Thar | ထက်ကေရီ-အမှတ်(၂) လမ်းမကြီး | အမှတ်(၂)လမ်းကြီး၊ ရှမ်းတဲကြီးစံပြကျေးရွာ၊ လှည်းကူးမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| | | ထက်ကေရီ-အင်းတကော် | ရန်ကုန်-မန္တလေးလမ်းမကြီး (၁၀၅)တပ်ရှေ့၊ အင်းတကော်မြို့နယ်၊ ပဲခူးတိုင်းဒေသကြီး။ |
| | | သရဖူ-အင်းစိန် | ဒညင်းကုန်းဘူတာစုရပ်ကွက်၊ ဒညင်းကုန်းဘူတာရုံလမ်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့ |
| | | Petro K Bahan | အနောက်မျဉ်းပြိုင်ကွင်းလမ်းနှင့် ဆရာစံလမ်းထောင့်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ |
| | | Petro K Shan Su | ရှမ်းစုကျေးရွာ၊ ပျဉ်းမပင်ရပ်ကွက်၊ ရန်ကုန်-ပြည်လမ်းမကြီး၊ ထောက်ကြံ့မြို့၊ မင်္ဂလာဒုံမြို့နယ်၊ |
| | | Petro K Hmaw Bi | အမှတ်(၄)လမ်းမကြီး၊ မှော်ဘီမြို့နယ်၊ ယင်းတိုက်ပင် ကျေးရွာအုပ်စု၊ သဲဖြူကျေးရွာကွင်းအမှတ် (၅၆၇/A က)။ |

## မန္တလေးတိုင်းဒေသကြီးတွင် အထူးဈေးနှုန်းဖြင့် ရောင်းချပေးမည့် ဒီဇယ်ဆီအရောင်းဆိုင်စာရင်း

| စဉ် | ကုမ္ပဏီအမည် | အရောင်းဆိုင်အမည် | အရောင်းဆိုင်လိပ်စာ |
|---|---|---|---|
| ၁ | မြတ်မေတ္တာမွန် | MMTM – MDY 59 | ချမ်းမြသာစည်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |
| | | MMTM – MDY 67 | နတ်ရေကန်ရပ်ကွက်၊ အမရပူရမြို့နယ်၊ |
| | | MMTM – Kumae | ဝမ်းတွင်းမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |
| ၂ | Shwe Byain Phyu | SBP (Yinn Mar Pin) | ယင်းမာပင်ကျေးရွာအုပ်စု၊ သာစည်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |
| | | SBP (Madalay 26B) | (၅၈ လမ်းနှင့် ၅၉ လမ်းကြား) ချမ်းအေးသာစံမြို့နယ် |
| | | SBP (MDY – Myit Ngal) | စက်ကွေ့-စာတိုးမြို့ ပြင်ကြီးရပ်ကွက်၊ အမရပူရမြို့နယ်၊ ရန်ကုန်-မန္တလေးလမ်းဟောင်း၊ မန္တလေးတိုင်းဒေသကြီး |
| ၃ | Kyaw San Co., Ltd | KS(030) | ဥသျှစ်ကုန်းကျေးရွာ၊ တပ်ကုန်းမြို့နယ်၊ ရန်ကုန်-မန္တလေး လမ်းဟောင်း။ |
| | | KS(027) | ကျွဲတပ်ဆုံကျေးရွာ၊ သာစည်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။ |
| | | KS(031) | တောတွင်းကျေးရွာ၊ အမရပူရမြို့၊ မန္တလေးတိုင်းဒေသကြီး။ |
| | | KS(26) | ထန်းခွကျေးရွာအုပ်စု၊ နွားထိုးကြီးမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။ |
| ၄ | Moon Sun Energy | Moon Sun Energy(mandalay) | ပြည်ကြီးမင်္ဂလာကုန်တင်ရပ်နားစခန်း(စွယ်တော်ကားကြီးဝင်း)၊ အမရပူရမြို့နယ် မန္တလေးတိုင်းဒေသကြီး။ |
| | | Moon Sun Energy(Mikehtilar) | ရန်ကုန်-မန္တလေးလမ်းဟောင်း၊ ဝက်တိုးကျေးရွာအုပ်စု၊ မိတ္ထီလာတိုးဂိတ်အနီး၊ မိတ္ထီလာမြို့။ |
| | | Moon Sun Energy(Thazi) | မိတ္ထီလာ-တောင်ကြီးလမ်းမ၊ ကျွဲတပ်ဆုံကျေးရွာ၊ သာစည်မြို့။ |

စာမျက်နှာ ၁၀ သို့ ❍

○ စာမျက်နှာ ၉ မှ

| | | | |
|---|---|---|---|
| ၅ | Asia Energy Co., Ltd. | Asia Energy – ပုသိမ်လေးပန့်ဆိုင် (မန္တလေး) | မန္တလေး-မိုးကုတ်လမ်းမကြီး၊ ပုသိမ်လေးကျေးရွာ၊ ပုသိမ်ကြီးမြို့နယ် |
| | | Asia Energy –စဥ့်ကိုင်ပန့်ဆိုင် (မန္တလေး) | မိုင်တိုင် (၄၁၅)၊ ပေါ်တော်မူဘုရားအနီး၊ စဥ့်ကိုင်မြို့။ |
| | | Asia Energy – ကျောက်ချောပန့်ဆိုင် (မန္တလေး) | ၁၆ မိုင်၊ တိုးဂိတ်အကျော်၊ ကျောက်ချောကျေးရွာ၊ မန္တလေး-ပြင်ဦးလွင်ကားလမ်း။ |
| | | Asia Energy – စက်မှုပန့်ဆိုင် (မန္တလေး) | ၆၂ လမ်း၊ ကနောင်မင်းသားကြီးလမ်းနှင့် ယောမင်းကြီးလမ်းကြား၊ မန္တလေးမြို့။ |
| | | Asia Energy (ရမည်းသင်း) | ရမည်းသင်းမြို့နယ် |
| | | Asia Energy (ပုဂံညောင်ဦး) | ပုဂံ-ကျောက်ပန်းတောင်း၊ ကားလမ်းအထွက်၊ ပုဂံညောင်ဦးမြို့နယ်။ |
| | | Asia Energy (သာစည်-ယင်းမာပင်) | မိုင်တိုင်(၃၄)၊ မိတ္ထီလာ-တောင်ကြီးကားလမ်း၊ ယင်းမာပင်မြို့နယ်။ |
| | | Mandalay-4 | ရန်ကုန်-မန္တလေးလမ်းဟောင်းအနီး၊ ပြည်ကြီးတံခွန်မြို့နယ် |
| ၆ | 360 Degree Energy Co., Ltd. | Petro K Meikhtila | မိတ္ထီလာ – ကျောက်ပန်းတောင်းလမ်းမကြီး |
| | | Petro K Pyawbwe | ရန်ကုန်-မန္တလေးအဝေးပြေးလမ်းမကြီး၊ ပျော်ဘွယ်မြို့နယ် |
| | | Petro K Yinmarbin | မိတ္ထီလာ-တောင်ကြီးအဝေးပြေးလမ်းမကြီး၊ ယင်းမာပင်မြို့နယ် |

## နေပြည်တော်တွင် အထူးဈေးနှုန်းဖြင့် ရောင်းချပေးမည့် ဒီဇယ်ဆီအရောင်းဆိုင်စာရင်း

| စဉ် | ကုမ္ပဏီအမည် | အရောင်းဆိုင်အမည် | အရောင်းဆိုင်လိပ်စာ |
|---|---|---|---|
| ၁ | Moon Sun Energy | Moon Sun Energy (Nay Pyi Taw) | နန်းသြကျေးရွာ၊ ရန်ကုန်-မန္တလေးလမ်းဟောင်း၊ မိုင်တိုင် (၂၆၀) လမ်းမပေါ်၊ ဥတ္တရခရိုင်၊ ဇေယျာသီရိမြို့နယ်၊ နေပြည်တော်။ |
| ၂ | Max Energy Co., Ltd. | Nay Pyi Taw (2) | ပျဉ်းမနားမြို့နယ် |
| ၃ | Aye Nyein Thar | Petro K Tatkon | တပ်ကုန်းမြို့နယ် |

## ပဲခူးတိုင်းဒေသကြီးတွင် အထူးဈေးနှုန်းဖြင့် ရောင်းချပေးမည့် ဒီဇယ်ဆီအရောင်းဆိုင်စာရင်း

| စဉ် | ကုမ္ပဏီအမည် | အရောင်းဆိုင်အမည် | အရောင်းဆိုင်လိပ်စာ |
|---|---|---|---|
| ၁ | မြတ်မေတ္တာမွန် | MMTM – Bago | ရန်ကုန်-မန္တလေးအဝေးပြေးလမ်းမကြီး |
| | | SBP ( Min Hla ) | သရက်ပင်တာဆုံ၊ မင်းလှမြို့နယ် |
| | | SBP ( Oak Phoe ) | အုတ်ဖိုမြို့နယ်၊ အုတ်ဖို |
| | | SBP ( Lat Pa Tan ) | ကျွန်းကလေးကျေးရွာ၊ လက်ပံတန်းမြို့နယ်၊ |
| | | SBP ( Pyay ) | ပြည်မြို့နယ်၊ ပြည် |
| | | SBP (Paung Ta Lae ) | ပေါင်းတလည်မြို့နယ် |
| ၂ | Kyaw San Co.,Ltd. | KS(032) | မဲခုန်ကျေးရွာ၊ ပဲခူးမြို့၊ ပဲခူးမြို့ရှောင်လမ်း |
| | | KS(008) | တောင်နန်းချွန်ကျေးရွာ၊ ရေတာရှည်မြို့၊ ပဲခူးတိုင်းဒေသကြီး။ |
| ၃ | Khine Khine Phyo Int'l Trading Co., Ltd. | KKP Intakaw | အင်းတကော်မြို့နယ်၊ ပဲခူးတိုင်းဒေသကြီး |
| ၄ | Aye Nyein Thar | ထက်ကေရီ-အင်းတကော် | ရန်ကုန်-မန္တလေးလမ်းမကြီး၊ (၁၀၅)မိုင်တပ်ရှေ့၊ အင်းတကော်မြို့ |
| | | သရဖူ-တောင်ငူ | ခပေါင်းတံတားအနီး၊ ရန်ကုန်-မန္တလေးလမ်းဟောင်း၊ အုတ်တွင်းမြို့နယ်၊ တောင်ငူမြို့။ |
| | | Petro K Oktwin | ရန်ကုန်-မန္တလေးအဝေးပြေးလမ်းမကြီး၊ အုတ်တွင်းမြို့နယ် |
| | | Petro K Yedashe | ရန်ကုန်-မန္တလေးအဝေးပြေးလမ်းမကြီး၊ ရေတာရှည်မြို့နယ် |
| | | Petro K Shwedaung | ရန်ကုန်-ပြည်အဝေးပြေးလမ်းမကြီး၊ ရွှေတောင်မြို့နယ် |

## မကွေးတိုင်းဒေသကြီးတွင် အထူးဈေးနှုန်းဖြင့် ရောင်းချပေးမည့် ဒီဇယ်ဆီအရောင်းဆိုင်စာရင်း

| စဉ် | ကုမ္ပဏီအမည် | အရောင်းဆိုင်အမည် | အရောင်းဆိုင်လိပ်စာ |
|---|---|---|---|
| ၁ | Kyaw San Co.,Ltd. | KS(025) | ကသစ်ကန်ကျေးရွာ၊ အောင်လံမြို့၊ မကွေးတိုင်းဒေသကြီး။ |
| | | KS(024) | ကိုင်းတောကြီးကျေးရွာအုပ်စု၊ မင်းဘူးမြို့နယ်၊ မကွေးတိုင်းဒေသကြီး။ |
| | | KS(009) | ကိုးပင်ကျေးရွာ၊ ဆင်ပေါင်ဝဲမြို့နယ်၊ မကွေးတိုင်းဒေသကြီး။ |

## တနင်္သာရီတိုင်းဒေသကြီးတွင် အထူးဈေးနှုန်းဖြင့် ရောင်းချပေးမည့် ဒီဇယ်ဆီအရောင်းဆိုင်စာရင်း

| စဉ် | ကုမ္ပဏီအမည် | အရောင်းဆိုင်အမည် | အရောင်းဆိုင်လိပ်စာ |
|---|---|---|---|
| ၁ | Shwe Myan Aung | Shwe Myan Aung (Sandawat) | တိုင်းရုံးလမ်းခွဲ၊ မြိတ်-ထားဝယ်လမ်းမကြီး၊ ရွှေပေးကျေးရွာ၊ စန္ဒဝတ်ကျေးရွာအုပ်စု |
| | | Shwe Myan Aung (Kone Pauk) | ကုန်းပေါက်ရွာ၊ မြိတ်တောင်ရွာအုပ်စု၊ မြိတ်မြို့နယ်၊ တနင်္သာရီတိုင်းဒေသကြီး |

## ဧရာဝတီတိုင်းဒေသကြီးတွင် အထူးဈေးနှုန်းဖြင့် ရောင်းချပေးမည့် ဒီဇယ်ဆီအရောင်းဆိုင်စာရင်း

| စဉ် | ကုမ္ပဏီအမည် | အရောင်းဆိုင်အမည် | အရောင်းဆိုင်လိပ်စာ |
|---|---|---|---|
| ၁ | Shwe Byain Phyu | SBP (ZaLonn) | အဒါးလမ်းနှင့် ပုပ္ပါးလမ်းထောင့်၊ လမ်းမတော်မြောက်ရပ်ကွက်၊ ဇလွန်မြို့ |
| | | SBP (Kyan Khinn) | တလိုင်းကွင်းကျေးရွာ၊ ကြံခင်းမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး |
| | | SBP (MyanAung ) | အမှတ်(၂)ရပ်ကွက်၊ စာတဲလမ်း၊ မြန်အောင်မြို့ |
| ၂ | Kyaw San Co.,Ltd. | KS(016) | ဆင်တုန်းကျေးရွာအုပ်စု၊ ညောင်တုန်းမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး။ |
| | | KS(020) | မဲဇလီဒလကျေးရွာ၊ ညောင်တုန်းမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး။ |
| | | Petro K Pathein | ပုသိမ်-မုံရွာ-ရေး အဝေးပြေးလမ်းမကြီး |

## မွန်ပြည်နယ်တွင် အထူးဈေးနှုန်းဖြင့် ရောင်းချပေးမည့် ဒီဇယ်ဆီအရောင်းဆိုင်စာရင်း

| စဉ် | ကုမ္ပဏီအမည် | အရောင်းဆိုင်အမည် | အရောင်းဆိုင်လိပ်စာ |
|---|---|---|---|
| ၁ | မြတ်မေတ္တာမွန် | MMTM-Mawlamyaing | ကျိုက္ခမီလမ်း၊ မော်လမြိုင် |
| ၂ | Kyaw San Co.,Ltd. | KS(014) | ကျခတ်ငူကျေးရွာအုပ်စု၊ ပေါင်မြို့၊ မွန်ပြည်နယ်။ |
| | | KS(013) | တာပသွန်ကျေးရွာအုပ်စု၊ မုဒုံမြို့၊ မွန်ပြည်နယ်။ |
| | | KS(015) | ဒူးရင်းဆိပ်ကျေးရွာအုပ်စု၊ သထုံမြို့၊ မွန်ပြည်နယ်။ |
| | | KS(028) | ကျုံးဟောင်းရွာသစ်ကျေးရွာ၊ ရေးမြို့၊ မွန်ပြည်နယ်။ |

## ရခိုင်ပြည်နယ်တွင် အထူးဈေးနှုန်းဖြင့် ရောင်းချပေးမည့် ဒီဇယ်ဆီအရောင်းဆိုင်စာရင်း

| စဉ် | ကုမ္ပဏီအမည် | အရောင်းဆိုင်အမည် | အရောင်းဆိုင်လိပ်စာ |
|---|---|---|---|
| ၁ | Kyaw San Co.,Ltd | KS(017) | အောက်ကျေးရွာအုပ်စု၊ အမ်းမြို့၊ ရခိုင်ပြည်နယ်။ |
| | | KS(006) | မန်းကျည်မြိုင်ရပ်ကွက်၊ စစ်တွေမြို့၊ ရခိုင်ပြည်နယ်။ |
| | | KS(002) | အံတော်ကွင်း၊ ဒွါရဝတီမြို့သစ်၊ သံတွဲမြို့၊ ရခိုင်ပြည်နယ်။ |
| | | KS(007) | |
| | | KS(021) | ကိုင်းရှည်ကျေးရွာ၊ တောင်ကုတ်မြို့၊ ရခိုင်ပြည်နယ်။ |
| | | KS(022) | လင်းမှူတောင်ကျေးရွာအုပ်စု၊ သံတွဲမြို့ ၊ ရခိုင်ပြည်နယ်။ |

စာမျက်နှာ ၁၁ သို့ ❋

# ရေတာရှည်မြို့နယ် ဆွာစက်ရုံပရိယတ္တိစာသင်တိုက် ဦးစီးပဓာန နာယက၊ နိုင်ငံတော်သြဝါဒါစရိယဆရာတော် ဘဒ္ဒန္တသာသန မဟာထေရ်မြတ်ကြီး ဘဝနတ်ထံပျံလွန်တော်မူ

**နေပြည်တော် ဇန်နဝါရီ ၁၀**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ဆွာစက်ရုံပရိယတ္တိစာသင်တိုက် ဦးစီးပဓာန နာယက နိုင်ငံတော်သြဝါဒါစရိယဆရာတော် ဘဒ္ဒန္တသာသန မဟာထေရ်မြတ်ကြီးသည် သက်တော် ၉၂ နှစ်၊ သိက္ခာတော် ၇၂ ဝါအရ ၁၃၈၃ ခုနှစ် ပြာသိုလဆန်း ၇ ရက်၊ ၈-၁-၂၀၂၂ (စနေနေ့) ည ၁၁:၃၅ နာရီအချိန်တွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

**သတင်းစဉ်**

## နိုင်ငံတော်သြဝါဒါစရိယ ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ဆွာစက်ရုံပရိယတ္တိစာသင်တိုက် ဦးစီးပဓာနနာယကဆရာတော် ဘဒ္ဒန္တသာသန၏ ထေရုပ္ပတ္တိအကျဉ်း



**ဖွားမြင်တော်မူခြင်း**

ဆရာတော်လောင်းလျာသည် မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် သမလန်းပင်ကျေးရွာတွင် ခမည်းတော် ဦးလိုမ့်၊ မယ်တော် ဒေါ်လုပိုတို့မှ ၁၂၉၁ ခုနှစ် တပေါင်းလဆန်း ၂ ရက် (သောကြာနေ့)တွင် ဖွားမြင်တော်မူသော သားရတနာဖြစ်ပါသည်။

**ရှင်ရဟန်းပြုတော်မူခြင်း**

ဆရာတော်လောင်းလျာသည် တမလန်းပင်အနောက်ကျောင်းကြီးကျောင်းဆရာတော် ဘဒ္ဒန္တဓမ္မကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိတော်မူခဲ့ပါသည်။ တမလန်းပင်အနောက်ကျောင်းကြီးကျောင်း ဆရာတော် ဘဒ္ဒန္တဓမ္မကို ဥပဇ္ဈာယ်ပြု၍ မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ရှိတော်မူခဲ့ပါသည်။

**ပရိယတ္တိစာပေသင်ယူ ဆည်းပူးတော်မူခြင်း**

ဆရာတော်သည် မန္တလေးမြို့ တောင်ထီးလင်းတိုက်၊ မြတောင်စာသင်တိုက်တို့တွင် ကျမ်းကြီး၊ ကျမ်းငယ်ပါဠိ၊ အဋ္ဌကထာ၊ ဋီကာတို့ကို ကျမ်းကြီးပေါက်အဖြစ် နှစ်ပေါင်းများစွာ သင်ယူခဲ့ပါသည်။

**သာသနာရေးအားပေးဆောင်ရွက်တော်မူခြင်း**

ဆရာတော်သည် ၁၃၃၇ ခုနှစ်မှစ၍ ဆွာမြို့ စက်ရုံပရိယတ္တိစာသင်တိုက်တွင် ရှင်ငယ်၊ သာမဏေငယ် ကျောင်းသား ကျောင်းသူတို့ကို လောကုတ္တရာစာပေများနှင့် လောကီပညာများကို သင်ကြားပို့ချရင်း သံဃာ့အဖွဲ့အစည်းအဆင့်ဆင့် စတုတ္ထအကြိမ်၊ ပဉ္စမအကြိမ်တို့တွင် မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌအဖြစ် လည်းကောင်း၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖြစ်လည်းကောင်း၊ နိုင်ငံတော်သြဝါဒါစရိယဆရာတော်အဖြစ်လည်းကောင်း သာသနာ့တာဝန်များကို ဆောင်ရွက်တော်မူခဲ့ပါသည်။

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**

ဆရာတော်ကြီးသည် သာသနာတော်အကျိုးကို သယ်ပိုးဆောင်ရွက်တော်မူရင်း သက်တော် ၉၂ နှစ်၊ သိက္ခာတော် ၇၂ ဝါအရ ၁၃၈၃ ခုနှစ် ပြာသိုလဆန်း ၇ ရက်၊ ၈-၁-၂၀၂၂ (စနေနေ့) ည ၁၁:၃၅ နာရီအချိန်တွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ ■

# ရန်ကုန်တိုင်းဒေသကြီးတွင် (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းကော်မတီအစည်းအဝေး ကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၁၀**

ရန်ကုန်တိုင်းဒေသကြီးတွင် (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းကော်မတီအစည်းအဝေးကို တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ ယနေ့မွန်းလွဲ ၁ နာရီတွင်ကျင်းပသည်။



**ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်**

ရွှေဦးစွာ (၇၅)နှစ်မြောက်စိန်ရတုပြည်ထောင်စုနေ့ အခမ်းအနားကျင်းပရေး ဦးစီးကော်မတီနာယက ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှစိုးက ပြည်ထောင်စုနေ့အမျိုးသားရေး ဦးတည်ချက်များနှင့်အညီ (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ အခမ်းအနားတွင် နိုင်ငံတော်အလံအလေးပြုပွဲ၊ သဝဏ်လွှာဖတ်ကြားသည့် အခမ်းအနားနှင့် နေပြည်တော်တွင် ကျင်းပမည့် ဗိုလ်ရှုသဘင်အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီးကိုယ်စားပြုပါဝင်ဆောင်ရွက်ရမည့်လုပ်ငန်းများ အဆင်ပြေချောမွေ့ အောင်မြင်စွာဆောင်ရွက်နိုင်ရေး ဌာနအသီးသီးက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ကြရန် ပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ဥပဒေချုပ် ဦးဌေးအောင်က နေပြည်တော်တွင် ကျင်းပမည့် (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ ဗိုလ်ရှုသဘင်အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီးမှ ပါဝင်ပြသရမည့် တိုင်းဒေသကြီးအထိမ်းအမှတ် Land Mark အလှပြယာဉ်၊ ပြည်တွင်းပြည်ပမှအသိအမှတ်ပြုသော ဒေသထွက်ကုန်နမူနာပုံစံအလှပြယာဉ်၊ ဗမာတိုင်းရင်းသားများ၏ ဓလေ့ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ ပုံဖော်ထားသောအလှပြယာဉ် သုံးစီးပြင်ဆင်မှုဆိုင်ရာ အချက်အလက်များဆောင်ရွက်မည့် အခြေအနေနှင့် ရန်ကုန်တိုင်းဒေသကြီးအတွက် ရေးစပ်ထားရှိသော ဂုဏ်ပြုတေးသီချင်းအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ နိုင်ငံတော်အလံအလေးပြုခြင်းနှင့် သဝဏ်လွှာဖတ်ကြားသည့် အခမ်းအနားကျင်းပရေးလုပ်ငန်းကော်မတီ၊ အခမ်းအနားမွမ်းမံပြင်ဆင်ရေး၊ ဖိတ်ကြားရေးနှင့် ကြိုဆိုနေရာချထားရေး၊ သယ်ယူပို့ဆောင်ရေး၊ ဘဏ္ဍာရေးနှင့်ငွေစာရင်းထိန်းသိမ်းရေး၊ ကျန်းမာရေး၊ ပြန်ကြားရေး၊ လုံခြုံရေးလုပ်ငန်းကော်မတီများမှ ကော်မတီဥက္ကဋ္ဌများက အခမ်းအနားအောင်မြင်စွာကျင်းပနိုင်ရေး ကော်မတီအလိုက် လုပ်ငန်းဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

**ဆွေးနွေးတင်ပြ**

ဆက်လက်၍ . တိုင်းဒေသကြီးဝန်ကြီးများနှင့် တက်ရောက်လာသည့်တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများက အထွေထွေဆွေးနွေးတင်ပြကြသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့အခမ်းအနားကို ကိုဗစ် - ၁၉ ရောဂါ ကူးစက်ပြန့်ပွားမှုမရှိစေရေး ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော အမိန့်၊ ညွှန်ကြားချက်များ၊ လမ်းညွှန်ချက်များနှင့်အညီ ဂရုပြုဆောင်ရွက်ကြပြီး စိန်ရတုပြည်ထောင်စုနေ့၏ ဂုဏ်အင်္ဂါရပ်နှင့်လျော်ညီသည့် အနုစ်သာရပြည့်ဝသော အခမ်းအနားကြီးဖြစ်မြောက်အောင်မြင်စေရေးအတွက် တာဝန်ရှိသူများအားလုံး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ကြရန် နိဂုံးချုပ်စကားပြောကြားခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

✻ စာမျက်နှာ ၁၀ မှ

## ရှမ်းပြည်နယ်တွင် အထူးဈေးနှုန်းဖြင့် ရောင်းချပေးမည့် ဒီဇယ်ဆီအရောင်းဆိုင်စာရင်း

| စဉ် | ကုမ္ပဏီအမည် | အရောင်းဆိုင်အမည် | အရောင်းဆိုင်လိပ်စာ |
|---|---|---|---|
| ၁ | Kyaw San Co.,Ltd | KS(029) | ကြိမ်ဂနိုင်ကျေးရွာ၊ နောင်ချိုမြို့နယ်၊ ရှမ်းပြည်နယ်မြောက်ပိုင်း။ |
| | | KS(005) | မိုင်းယုကျေးရွာ၊ (၁၀၅)မိုင်၊ မူဆယ်မြို့နယ်၊ ရှမ်းပြည်နယ်မြောက်ပိုင်း။ |
| | | KS(004) | ကိုးနဝင်းတောင်ခြေ တံတားကြီးရပ်ကွက်၊ တောင်ကြီးမြို့၊ ရှမ်းပြည်နယ်တောင်ပိုင်း။ |
| | | KS(010) | ခိုမုန်းကျေးရွာအုပ်စု၊ ကျောက်မဲမြို့၊ ရှမ်းပြည်နယ်မြောက်ပိုင်း။ |
| | | KS(011) | ပန်စောက်မိန်းကျေးရွာအုပ်စု၊ သီပေါမြို့၊ ရှမ်းပြည်နယ်မြောက်ပိုင်း။ |
| | | KS(003) | နောင်ဖော့ကျေးရွာအုပ်စု၊ လားရှိုးမြို့၊ ရှမ်းပြည်နယ်မြောက်ပိုင်း။ |
| | | KS(007) | သာမိုင်ခန့်ကျေးရွာ၊ အောင်ပန်းကလောမြို့၊ ရှမ်းပြည်နယ်တောင်ပိုင်း။ |
| | | KS(018) | အော်ယော်ရပ်ကွက်၊ ပင်းတယမြို့နယ်၊ ရှမ်းပြည်နယ်တောင်ပိုင်း။ |
| ၂ | Asia Energy Co., Ltd. | Asia Energy (မူဆယ်) | တိုးဂိတ်အနီး ၁၀၅ မိုင်ဆီဆိုင်တန်း၊ မိုင်းယုကျေးရွာ |

# အင်ဒိုနီးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးငါးမျိုးကို ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအပိုဆောင်းထိုးနှံရန် အတည်ပြု

ဂျကာတာ ဇန်နဝါရီ ၁၀

အင်ဒိုနီးရှားအာဏာပိုင်များသည် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးငါးမျိုးကို တတိယအကြိမ် အပိုဆောင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအဖြစ် အရေးပေါ် အသုံးပြုရန် ယနေ့ခွင့်ပြုလိုက်သည်။

တရုတ်နိုင်ငံထုတ် Sinovac ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး၊ အမေရိကန်နိုင်ငံထုတ် Pfizer၊ ဗြိတိန်နှင့် ဆွီဒင်နိုင်ငံထုတ် AstraZeneca၊ အမေရိကန်နိုင်ငံထုတ် Moderna နှင့် ပြည်တွင်းဖြစ် Zifivax စသည့်ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ငါးမျိုးကို တတိယအကြိမ် အပိုဆောင်း ကာကွယ်ဆေးအဖြစ် အသုံးပြုရန် နိုင်ငံအတွင်း ဖြန့်ဖြူးသွားမည်ဖြစ်ကြောင်း အင်ဒိုနီးရှား အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးအေဂျင်စီအကြီးအကဲ ပဲနီ လူကီသိုက ပြောသည်။

ထို့ပြင် အင်ဒိုနီးရှားအစိုးရသည် နောက်ထပ်ကာကွယ်ဆေး အများအပြားကိုလည်း အရေးပေါ်အသုံးပြုခွင့်ရရှိရန် စမ်းသပ်လျက်ရှိကြောင်း ၎င်းက ထပ်မံပြောကြားသည်။

အင်ဒိုနီးရှား ကျန်းမာရေးဝန်ကြီးဌာန၏ တတိယအကြိမ် အပိုဆောင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှု အစီအစဉ်ကို ဇန်နဝါရီ ၁၂ ရက်မှ စတင်ဆောင်ရွက်မည်ဖြစ်ပြီး ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖွယ်အန္တရာယ်များသည့် သက်ကြီးရွယ်အိုများကို ဦးစားပေးထိုးနှံပေးသွားမည်ဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှထုတ်ပြန်သည့် အချက်အလက်များအရ သိရသည်။

အင်ဒိုနီးရှားအစိုးရသည် ယမန်နှစ် ဇူလိုင်လအတွင်းက တတိယအကြိမ် အပိုဆောင်းကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံရန်လိုအပ်သော ကာကွယ်ဆေးများအား ကျန်းမာရေးဝန်ထမ်းများအတွက် ဖြန့်ဖြူးခဲ့သည်။

ထို့ပြင် သက်ကြီးရွယ်အိုများနှင့် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရဖွယ် အန္တရာယ်များသော ပြည်သူများအတွက် အပိုဆောင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အခမဲ့ဖြန့်ဖြူးပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

ဇန်နဝါရီ ၉ ရက်အထိ ရရှိသည့် အချက်အလက်များအရ အင်ဒိုနီးရှားနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၄ ဒသမ ၂ သန်းကျော်ရှိပြီး ၎င်းတို့အနက် ၁၄၄၀၀၀ ကျော်သည် အဆိုပါရောဂါဖြင့် သေဆုံးခဲ့ကြောင်း သိရသည်။




ထို့ပြင် အင်ဒိုနီးရှားအစိုးရသည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးရန် စီစဉ်ထားသည့်ပြည်သူ ၂၀၈ သန်းအနက် ၁၁၆ သန်းကို ဒုတိယအကြိမ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးခဲ့ပြီးဖြစ်သည်။ **ကိုးကား - အေဝီ**

**ဘာသာပြန် - ဂျေတီ**

# အာဖရိကတိုက်၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၁၀ ဒသမ ဝ၆ သန်းကျော်ရှိလာ

အဒစ်အဘာဘာ ဇန်နဝါရီ ၁၀

အာဖရိကတိုက်၌ ဇန်နဝါရီ ၉ ရက် ညနေပိုင်းအချိန်အထိ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၁၀၀၆၅၀၈၂ ဦးရှိလာကြောင်း အာဖရိက ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာက ယနေ့ ပြောကြားသည်။

အာဖရိကသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ၏ ကျန်းမာရေးအေဂျင်စီများအားကိုယ်စားပြုသည့် အာဖရိက ရောဂါ ထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာ၏ ပြောကြားချက်အရ အာဖရိကတိုက်တစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူပေါင်း ၂၃၀၄၃၇ ဦးရှိကြောင်းနှင့် ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူစုစုပေါင်း ၈၉၄၆၀၃၉ ဦးရှိကြောင်း သိရသည်။



အာဖရိကတိုက်၌ တောင်အာဖရိကနိုင်ငံ၊ မော်ရိုကိုနိုင်ငံ၊ လစ်ဗျားနိုင်ငံ၊ တူနီးရှားနိုင်ငံနှင့် အီသီယိုးပီးယားနိုင်ငံတို့သည် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရမှု အများဆုံးနိုင်ငံများဖြစ်ကြောင်း အာဖရိကရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာက ပြောကြားသည်။

တောင်အာဖရိကနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၃၅၂၁၅၇၂ ဦးရှိပြီး မော်ရိုကိုနိုင်ငံ၌ ၉၉၇၁၂၁ ဦးနှင့် တူနီးရှားနိုင်ငံ၌ ၇၄၁၂၉၅ ဦးရှိကြောင်း အာဖရိကရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာက ပြောကြားသည်။

အာဖရိက ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာ၏ ပြောကြားချက်အရ အာဖရိကနိုင်ငံများတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အလုံးရေ ၅၄၇ သန်း အသုံးပြုပြီးဖြစ်ကြောင်းနှင့် အာဖရိကတိုက်လူဦးရေ စုစုပေါင်း၏ ၉ ဒသမ ၆ ရာခိုင်နှုန်းသည် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး နှစ်ကြိမ်ထိုးနှံမှုခံယူပြီးဖြစ်ကြောင်း သိရသည်။

**ကိုးကား- ဆင်ဟွာ**

**ဘာသာပြန်- အလင်းသစ်**

## ကျောက်မီးသွေးတင်ပို့ခြင်း ပိတ်ပင်ထားမှု ဖြေလျှော့ပေးရန် ဖိလစ်ပိုင်က အင်ဒိုနီးရှားအားတောင်းဆို

မနီလာ ဇန်နဝါရီ ၁၀

ဖိလစ်ပိုင်နိုင်ငံအား ကျောက်မီးသွေးတင်ပို့ခြင်းမှ ပိတ်ပင်ထားသည့် ကန့်သတ်ချက်အား ပြန်လည်ဖြေလျှော့ပေးရန် အင်ဒိုနီးရှားနိုင်ငံအား ဖိလစ်ပိုင်စွမ်းအင်ဌာနက ပန်ကြားခဲ့သည်။

၂၀၂၂ ခုနှစ် ဇန်နဝါရီလအတွင်း ဖိလစ်ပိုင်သို့ ကျောက်မီးသွေးတင်ပို့ခြင်းအား အင်ဒိုနီးရှားက ပိတ်ပင်ခဲ့သည်။

အင်ဒိုနီးရှားနိုင်ငံ၏ မကြာမီက ချမှတ်ခဲ့သော အဆိုပါ ကန့်သတ်ချက်သည် ကျောက်မီးသွေးစွမ်းအင်ကို အားကိုးအားထားပြုနေရသော မိမိတို့နိုင်ငံ၏ စီးပွားရေးအတွက် ထိခိုက်မှုများရှိကြောင်း ဖိလစ်ပိုင်စွမ်းအင်ဝန်ကြီး အယ်လ်ဖွန်ဆိုကူစီက ပြောသည်။

မိမိတို့နှစ်နိုင်ငံအကြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှုကို အားကောင်းစေလိုသော ဆန္ဒရှိကြောင်း ၎င်းက ပြောကြားသည်။ ယမန်နှစ်အတွင်း ဖိလစ်ပိုင်နိုင်ငံသည် အင်ဒိုနီးရှားနိုင်ငံထံမှ လစဉ်ကျောက်မီးသွေး မက်ထရစ်တန်ချိန် ၂ ဒသမ ၃ သန်းဝယ်ယူခဲ့ပြီး နိုင်ငံ၏ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံများကို လုပ်ငန်းလည်ပတ်ခဲ့ရသည်။ ဖိလစ်ပိုင်နိုင်ငံ၏ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှု၏ ၆၀ ရာခိုင်နှုန်းမှာ ကျောက်မီးသွေးစွမ်းအင်သုံး ဓာတ်အားပေးစက်ရုံများမှရရှိကြောင်း သိရသည်။ **ကိုးကား- ဆင်ဟွာ**

**ဘာသာပြန်- စိုးသူရ**

# နယူးယောက်မြို့ရှိ လူနေတိုက်ခန်းတစ်ခု၌ မီးလောင်မှုဖြစ်ပွား၊ လူ ၁၉ ဦးထက်မနည်းသေဆုံး

နယူးယောက် ဇန်နဝါရီ ၁၀

အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့ရှိ အထပ်မြင့်လူနေတိုက်ခန်းတစ်ခုတွင် ဇန်နဝါရီ ၉ ရက်က မီးလောင်မှုဖြစ်ပွားခြင်းကြောင့် ကလေးကိုးဦးအပါအဝင် လူ ၁၉ ဦးထက်မနည်း သေဆုံးခဲ့ကြောင်း နယူးယောက်မြို့တော်ဝန်အဲရစ်ခ်အာဒမ်က ယနေ့အတည်ပြုပြောကြားသည်။

အဆိုပါမီးလောင်မှုသည် အမှတ် (၁၈၁) လမ်း ဘရွန့်စ်ခရိုင် နယူးယောက်မြို့ရှိ လူနေတိုက်ခန်းတစ်ခုတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး မီးလောင်မှုအား အချိန်နှင့်တစ်ပြေးညီ ထိန်းချုပ်နိုင်ခဲ့သည့် နယူးယောက်မီးသတ်ဦးစီးဌာနမှ မီးသတ်တပ်ဖွဲ့ဝင်များကို ကျေးဇူးတင်ရှိကြောင်း အာဒမ်က ၎င်း၏ တွစ်တာစာမျက်နှာပေါ်တွင် ရေးသားဖော်ပြထားသည်။

မီးလောင်မှုကြောင့် အသက်အန္တရာယ်ရှိသောလူ ၃၂ ဦးကိုဆေးဝါးကုသမှုခံယူရန် ဆေးရုံသို့ ပို့ဆောင်ထားကြောင်း သိရသည်။

### ဒဏ်ရာအပြင်းအထန်ရရှိ

လူကိုးဦးသည် ဒဏ်ရာအပြင်းအထန် ရရှိခဲ့ပြီး ကျန် ၂၂ ဦးမှာ အသက်အန္တရာယ်မရှိပေ။ ထို့ပြင် မီးသတ်တပ်ဖွဲ့ဝင် တစ်ဦးလည်း မီးလောင်ဒဏ်ရာဖြင့် ဆေးရုံသို့ ပို့ဆောင်ထားကြောင်း ၎င်းက ထပ်မံဖော်ပြထားသည်။

နယူးယောက် မီးသတ်ဦးစီးဌာန အကြီးအကဲဒယ်နီယယ်လ်၏ ပြောကြားချက်အရ အဆိုပါတိုက်ခန်း၏ ဒုတိယအလွှာနှင့် တတိယအလွှာရှိ တိုက်ခန်းမှ မီးလောင်မှု စတင်ဖြစ်ပွားခဲ့ကြောင်း သိရသည်။

အဆိုပါ တိုက်ခန်းတွင် တံခါးဖွင့်ထားသည့်အတွက် ၁၉ လွှာရှိ တိုက်ခန်းတစ်ခုလုံးအတွင်း မီးလောင်မှုနှင့် မီးခိုးများ ချက်ချင်း ကူးစက်ပျံ့နှံ့သွားကြောင်း ၎င်းက ထပ်မံပြောကြားသည်။

အဆိုပါမီးလောင်မှုသည် နယူးယောက်မြို့တွင် မကြုံစဖူးသော မီးလောင်မှုဖြစ်ပြီး မီးလောင်မှုဖြစ်ပွားရခြင်း၏ အကြောင်းရင်းကို လက်ရှိအချိန်အထိ မသိရသေးကြောင်း၊ ယင်းမီးလောင်မှုနှင့် ပတ်သက်၍ မီးသတ်ဦးစီးဌာနမှ တာဝန်ရှိသူများက စုံစမ်းစစ်ဆေးမှု ပြုလုပ်သွားမည်ဖြစ်ကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

**ကိုးကား - ဆင်ဟွာ**

**ဘာသာပြန် - ဂျေတီ**



# ဗြိတိန်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၄၁၄၇၂ ဦးရှိ

**လန်ဒန် ဇန်နဝါရီ ၁၀**

ဗြိတိန်နိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၄၁၄၇၂ ဦး ထပ်မံတွေ့ရှိခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ စုစုပေါင်း ၁၄၄၇၅၁၉၂ ဦးရှိလာကြောင်း သိရသည်။

ထို့ပြင် ဗြိတိန်နိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့်သေဆုံးသူ ၉၇ ဦးထပ်မံတွေ့ရှိခြင်းကြောင့် အဆိုပါရောဂါဖြင့် သေဆုံးသူပေါင်း ၁၅၀၁၅၄ ဦး ရှိလာကြောင်း ဇန်နဝါရီ ၈ ရက်တွင် ထုတ်ပြန်သည့် တရားဝင်အချက်အလက်များအရ သိရသည်။

အမေရိကန်၊ ဘရာဇီး၊ အိန္ဒိယ၊ ရုရှား၊ မက္ကဆီကိုနှင့် ပီရူးနိုင်ငံများသည် ကမ္ဘာတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူအရေအတွက် တစ်သိန်းခွဲကျော်ရှိခဲ့သည့် နိုင်ငံများဖြစ်ခြင်းကြောင့် ဗြိတိန်နိုင်ငံသည် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ တစ်သိန်းခွဲကျော်ရှိခဲ့သည့် ခုနစ်နိုင်ငံမြောက် ဖြစ်လာကြောင်း သိရသည်။

ဗြိတိန်နိုင်ငံ၌ အသက် ၁၂ နှစ်နှင့်အထက် အသက်အရွယ်ရှိသူအားလုံး၏ ၉၀ ရာခိုင်နှုန်းကျော်သည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးတစ်ကြိမ် ထိုးနှံမှုခံယူပြီးဖြစ်ကြောင်း၊ ၈၂ ရာခိုင်နှုန်းကျော်သည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးနှစ်ကြိမ်ထိုးနှံမှု ခံယူပြီးဖြစ်ကြောင်း သိရသည်။

ထို့ပြင် ဗြိတိန်နိုင်ငံ၌ အသက် ၁၂ နှစ်နှင့်အထက် အသက်အရွယ်ရှိသူအားလုံး၏ ၆၁ ရာခိုင်နှုန်းကျော်သည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး တတိယအကြိမ် အပိုဆောင်းထိုးနှံမှုခံယူပြီးဖြစ်ကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အလင်းသစ်**






# ဗီယက်နမ်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၄၈၁၈ ဦး ထပ်မံတွေ့ရှိ

**ဟနွိုင်း ဇန်နဝါရီ ၁၀**

ဗီယက်နမ်နိုင်ငံ၌ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၄၈၁၈ ဦး ထပ်မံတွေ့ရှိကြောင်း၊ ယင်းလူဦးရေအနက် ၁၄၇၈၃ ဦးသည် ပြည်တွင်း၌ ကူးစက်ခံရသူများဖြစ်ကြောင်းနှင့် ၃၅ ဦးသည် ပြည်ပမှ ပြန်လည်ရောက်ရှိလာသူများအနက်မှ ကူးစက်ခံရခြင်းဖြစ်ကြောင်း ဗီယက်နမ်ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

လက်ရှိတွင် ဗီယက်နမ်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၁၉၁၄၃၉၃ ဦး ရှိကြောင်းနှင့် သေဆုံးသူပေါင်း ၃၄၅၃၁ ဦး ရှိကြောင်း ဗီယက်နမ်နိုင်ငံကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။ ထို့ပြင် ဗီယက်နမ်နိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသဖြင့် ဆေးရုံမှ ဆင်းခွင့်ရရှိသူ ၈၉၈၄၂ ဦး ရှိခြင်းကြောင့် အဆိုပါရောဂါမှ ပြန်လည်ကျန်းမာလာသူပေါင်း ၁၅၉၀၀၉၀ ရှိလာကြောင်း သိရသည်။

ဗီယက်နမ်နိုင်ငံ၌ နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှု အစီအစဉ်အောက်တွင် ကာကွယ်ဆေးအလုံးရေ ၁၆၁ ဒသမ ၃ သန်းခန့် အသုံးပြုပြီးဖြစ်ကြောင်း၊ ယင်းကာကွယ်ဆေးများအနက် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ၇၁ ဒသမ ၂ သန်းအား ဒုတိယအကြိမ်ထိုးနှံရာတွင် အသုံးပြုခဲ့ကြောင်းနှင့် ၁၁ ဒသမ ၈ သန်းအား တတိယအကြိမ်အပိုဆောင်းထိုးနှံရာတွင် အသုံးပြုခဲ့ကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အလင်းသစ်**

# ဘရာဇီးနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ၂၂ သန်းကျော် ရှိပြီဖြစ်

**ရီယိုဒီဂျနေးရိုး ဇန်နဝါရီ ၁၀**

ဘရာဇီးနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၂၄၃၈၂ ဦး ထပ်မံတွေ့ရှိခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၂၂၅၂၃၉၀၇ ဦးရှိလာကြောင်း ဘရာဇီးကျန်းမာရေးဝန်ကြီးဌာနက ဇန်နဝါရီ ၉ ရက်တွင် ပြောကြားသည်။

ထို့ပြင် ဘရာဇီးနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၄၄ ဦး ထပ်မံတွေ့ရှိခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါ စတင်တွေ့ရှိပြီးနောက်ပိုင်း အဆိုပါရောဂါဖြင့် သေဆုံးသူပေါင်း ၆၁၉၉၈၁ ဦး ရှိလာကြောင်း ဘရာဇီးကျန်းမာရေး ဝန်ကြီးဌာန၏ အချက်အလက်များအရ သိရသည်။

ဘရာဇီးနိုင်ငံသည် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးမှုတွင် အမေရိကန်နိုင်ငံပြီးလျှင် ဒုတိယ အများဆုံးနိုင်ငံဖြစ်ပြီး ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုတွင်မူ အမေရိကန်နိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့၏နောက်တွင် တတိယ အများဆုံးနိုင်ငံအဖြစ် ရပ်တည်လျက်ရှိကြောင်း သိရသည်။

**ကိုးကား-စီအင်န်အေ**
**ဘာသာပြန်-အလင်းသစ်**



**ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ**

| |
|---|
| ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ ၃၀၈၁၅၈၇၉၈ ဦး |
| သေဆုံးသူ ၅၅၀၇၆၀၄ ဦး |
| ပြန်လည်ကျန်းမာလာသူ ၂၅၉၆၉၆၂၀၅ ဦး |

# အစ္စရေးနိုင်ငံ၌ နိုင်ငံသား နှစ်သန်းမှ လေးသန်းအထိ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရဖွယ်ရှိ

**ဂျေရုဆလင် ဇန်နဝါရီ ၁၀**

အစ္စရေးနိုင်ငံ၌ အိုမီခရွန် ဗီဇပြောင်းဗိုင်းရပ်စ် ကူးစက်မှုများ မြင့်တက်လာခြင်းကြောင့် အစ္စရေးနိုင်ငံသားနှစ်သန်းမှ လေးသန်းအထိ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရဖွယ်ရှိကြောင်း အစ္စရေးဝန်ကြီးချုပ်နက်ဖ်တာလီဘန်နက်က ယမန်နေ့တွင် ပြောကြားသည်။

**ကူးစက်ခံရနိုင်ဖွယ်ရှိ**

အစ္စရေးအစိုးရအဖွဲ့အစည်းအဝေး၌ ရရှိသော သတင်းအချက်အလက်များအရ နိုင်ငံသား နှစ်သန်းမှ လေးသန်းအထိ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရနိုင်ဖွယ်ရှိကြောင်း ၎င်း၏ ဖွင့်ဘွတ် စာမျက်နှာတွင် ဘန်နက်က ပြောကြားသည်။ လက်ရှိအချိန်၌ နိုင်ငံအတွင်း အိုမီခရွန်ဗီဇပြောင်း ဗိုင်းရပ်စ်ကူးစက်မှုများကို တိုက်ဖျက်နိုင်ရန်အတွက် ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကျန်းမာရေးစည်းမျဉ်းများကို အချိန်နှင့်တစ်ပြေးညီ လိုက်လျောညီထွေစွာ တင်းတင်းကျပ်ကျပ် ချမှတ်သွားမည်ဖြစ်ကြောင်း နက်ဖ်တာလီဘန်နက်က ပြောကြားသည်။

အစ္စရေး နိုင်ငံသားများအကြားတွင် အစိုးရ၏ ကိုဗစ်-၁၉ ရောဂါဆိုင်ရာ စည်းမျဉ်းများ မကြာခဏ ပြောင်းလဲသတ်မှတ်ခြင်းနှင့်ပတ်သက်၍ ဝေဖန်မှုများ ထွက်ပေါ်လာခဲ့ပြီးနောက် ဘန်နက်က အထက်ပါအတိုင်း ပြောကြားလိုက်ခြင်းဖြစ်သည်။

အစိုးရသည်လက်ရှိအချိန်တွင် နိုင်ငံ၏ စီးပွားရေးလုပ်ငန်းများ ပြန်လည်လည်ပတ်ဆောင်ရွက်ခြင်းအား ဦးစားပေးသွားမည်ဖြစ်ပြီး အခြားတစ်ဖက်တွင်လည်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံရေးလုပ်ငန်းများကို ကျယ်ပြန့်စွာ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။ လူဦးရေ ၉ ဒသမ ၄၅ သန်းရှိသော အစ္စရေးနိုင်ငံ၌ လက်ရှိအချိန်၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁ ဒသမ ၅ သန်းကျော်ရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-စိုးသူရ**

## ယင်းမာပင်မြို့နယ်အတွင်း အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်ရန် ဦးနှောက်ကျေးရွာသို့ ရောက်ရှိနေသည့် အကြမ်းဖက်အဖွဲ့များအား ဝင်ရောက်ဖမ်းဆီးသည့် နေရာပြပုံ





ယင်းမာပင်မြို့နယ်အတွင်း အကြမ်းဖက်လုပ်ငန်းများလုပ်ဆောင်ရန် ဦးနှောက်ကျေးရွာ၌ စုဝေးရောက်ရှိနေသည့် အကြမ်းဖက်အဖွဲ့များအား ဝင်ရောက်ဖမ်းဆီးစဉ် သိမ်းဆည်းရမိသည့် လက်နက်၊ ခဲယမ်းများကို တွေ့ရစဉ်။

**■ ယင်းမာပင်မြို့နယ်မှ**

ဖြစ်စဉ်မှာ ယနေ့ နံနက်ပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်မြို့နယ်အတွင်း အကြမ်းဖက်လုပ်ငန်းများ လုပ်ဆောင်ရန်အတွက် PDF အမည်ခံ အကြမ်းဖက်သမားအင်အား ၅၀ ခန့်သည် ဦးနှောက်ကျေးရွာ၌ အစည်းအဝေးပြုလုပ်စုဝေးနေကြောင်း ဆူပူအကြမ်းဖက်မှုကို မလိုလားသည့် ကျေးရွာသားအချို့က အနီးဆုံးရှိ လုံခြုံရေးတပ်ဖွဲ့ဝင်များထံသို့ လျှို့ဝှက်ဆက်သွယ်အကြောင်းကြား သတင်းပို့လာသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက မွန်းလွဲ ၁၂ နာရီခွဲခန့်တွင် အဆိုပါကျေးရွာအတွင်းသို့ ဝင်ရောက်ဖမ်းဆီးစဉ် အကြမ်းဖက်သမားများနှင့် အပြန်အလှန်ထိတွေ့ ပစ်ခတ်မှုများဖြစ်ပွားခဲ့ကာ အကြမ်းဖက်သမားများ ကျေးရွာ၏တောင်ဘက်သို့ ဖရိုဖရဲဆုတ်ခွာထွက်ပြေးသွားခဲ့ရာ အကြမ်းဖက်သမား ငါးဦးကို အသေဖမ်းဆီးရမိခဲ့ပြီး ၎င်းတို့ထံမှ M4A1 သေနတ် တစ်လက်၊ MK 12 သေနတ် တစ်လက်၊ လက်လုပ်ခါးချိုးသေနတ် ၁၄ လက်၊ လက်လုပ်သေနတ်အတို သုံးလက်၊ လက်လုပ်စိန်ပြောင်း နှစ်လက်၊ လက်ပစ်ဗုံး နှစ်လုံး၊ လက်လုပ်စိန်ပြောင်းဗုံးသီး ၁၆ လုံး၊ ကျည်မျိုးစုံ ၁၅၅ တောင့်၊ ကျည်အိမ် သုံးခု၊ လမ်းလျှောက်စကားပြောစက် နှစ်လုံး၊ ဖောက်ခွဲဖျက်ဆီးမှုများ ပြုလုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ၊ FORD အမျိုးအစား မော်တော်ယာဉ်အမှတ်၊ 7 L /----- တစ်စီးတို့ကို သိမ်းဆည်းရမိခဲ့သည်။

အကြမ်းဖက်သမားများအနေဖြင့် ကျေးရွာအချို့အတွင်း ဝင်ရောက်၍ အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်လျက်ရှိရာ ဒေသခံပြည်သူများ အေးချမ်းတည်ငြိမ်စွာ နေထိုင်နိုင်ရေးအတွက် လုံခြုံရေးတပ်ဖွဲ့များက နယ်မြေလုံခြုံရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်းနှင့် အကြမ်းဖက်အဖွဲ့များ၏ ဝင်ထွက်သွားလာမှု သတင်းများရရှိပါက သက်ဆိုင်ရာသို့ လျှို့ဝှက်စွာသတင်းပေး၍ နယ်မြေတည်ငြိမ်အေးချမ်းရေးအတွက် ပူးပေါင်းပါဝင်ကြရန် သက်ဆိုင်ရာက သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

**သတင်းစဉ်**

## ကိုဗစ်- ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရာတွင် အသုံးများသည့် ဆေးဝါးများ၏ ပေါက်ဈေးများ

(၁၀-၁-၂၀၂၂)ညနေ ၆ နာရီအချိန်ထိဈေးနှုန်း

| No | Product Name | Pack Size | Price in Kyats (Retail) | Company Name |
|---|---|---|---|---|
| Antibiotics | | | | |
| 1 | PO – Azithromycin 500 mg | 5x3's | 4000 | Rammawaddy |
| 2 | P.O – Cefalexin 500 mg | Box of 10x10's | 6100 | Aorta |
| 3 | P.O – Levofloxacin 500 mg | Box of 10x10's | 7000 | Shwe Htay Min |
| 4 | P.O.Cefixime | Box of 3x10's | 3600 | Aorta |
| 5 | P.O Amoxicillin+ Clavulanic Acid | Box of 1x6's | 1800 | Aorta |
| 6 | Injection – Levofloxacin 500 mg | 1x1 | 3000 | Yadanar |
| 7 | Injection – Ceftriazone 1G | 1's | 700 | KCL |
| 8 | Injection – Cefoperazone and Sulbactam 1G | Vial | 4900 | Ready Medicine |
| 9 | Injection – Cefoperazone and Sulbactam 2G | Vial | 9300 | Ready Medicine |
| 10 | Injection – Meropenam | 1g/Vial | 10000 | AA Medical |

အခြားဆေးဝါးများ၏ဈေးနှုန်းများကို Website (www.mccpmd.org)နှင့် Facebook Page https://www.facebook.com/ 32330252139 2189/posts/ 1720802588308835/?d=n တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။



တကောင်းနီကယ်စက်ရုံအား သွယ်တန်းထားသည့် လျှပ်စစ်တာဝါတိုင်များအား မိုင်းထောင်ဖျက်ဆီးခဲ့သည့် အကြမ်းဖက်သမားများထံမှ သိမ်းဆည်းရမိသည့် လက်နက်/ခဲယမ်းများနှင့် ဆက်စပ်ပစ္စည်းများကို တွေ့ရစဉ်။

## တကောင်းနီကယ်စက်ရုံသို့ သွယ်တန်းထားသည့် လျှပ်စစ်တာဝါတိုင်များကို မိုင်းထောင်ဖောက်ခွဲခဲ့သည့် အကြမ်းဖက်သမားအချို့အား ဖမ်းဆီးရမိ

**နေပြည်တော် ဇန်နဝါရီ ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး ထီးချိုင့်မြို့နယ်အတွင်းရှိ တကောင်းနီကယ်စက်ရုံသို့ သွယ်တန်းထားသည့် လျှပ်စစ်တာဝါတိုင်များကို ဇန်နဝါရီ ၇ ရက်တွင် အကြမ်းဖက်သမားများက မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သည်။

**ဖမ်းဆီးရမိ**

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ အကြမ်းဖက်သမားများအား အမြန်ဆုံးဖမ်းဆီးဖော်ထုတ်ရမိရေး ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက် ၉ နာရီခန့်တွင် သံခြေတောင်ကျေးရွာလမ်းဆုံနေရာ၌ PDF အမည်ခံ အကြမ်းဖက်သမားများက လက်နက်ငယ်များဖြင့် စတင်ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် ပြန်လည်ပစ်ခတ်ဖမ်းဆီးခဲ့ရာ အကြမ်းဖက်သမား သုံးဦးကို လက်လုပ်သေနတ် နှစ်လက်၊ တူမီးသေနတ် တစ်လက်၊ လက်လုပ်မိုင်း တစ်လုံး၊ အကြမ်းဖက်လုပ်ရပ်များဆောင်ရွက်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ၊ မော်တော်ဆိုင်ကယ် နှစ်စီးတို့နှင့်အတူ အသေဖမ်းဆီးရမိခဲ့သည်။

**ဆက်လက်ဖော်ထုတ်လျက်ရှိ**

ဖော်ထုတ်စစ်ဆေးချက်များအရ အဆိုပါ သေဆုံးခဲ့သည့် အကြမ်းဖက်သမားများသည် ဇန်နဝါရီ ၇ ရက်တွင် ထီးချိုင့်မြို့နယ်ရှိ တကောင်းနီကယ်စက်ရုံသို့ သွယ်တန်းထားသော လျှပ်စစ်တာဝါတိုင်များအား မိုင်းထောင်ဖောက်ခွဲမှုဖြစ်စဉ်တွင် ပါဝင်ခဲ့သည့် အကြမ်းဖက်သမားများဖြစ်ကြောင်းနှင့် ဆက်စပ်တရားခံများ ဖမ်းဆီးရမိရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆက်လက်ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# အိုမီခရွန်နှင့် ဝေဝါးနေသော ကမ္ဘာ့စီးပွားရေး

မေယု-မျိုးအောင် (MANA)

ကိုဗစ်ကပ်ရောဂါသည် မျိုးကွဲသစ်များ တစ်မျိုးပြီးတစ်မျိုးဖြစ်ပေါ်လျက် လူသားတို့၏ ကျန်းမာရေးကို ဆက်လက်အန္တရာယ်ပြုနေသကဲ့သို့ ကမ္ဘာ့စီးပွားရေးကိုလည်း ဆက်လက်ဒုက္ခပေးနေဆဲ။ နိုဝင်ဘာလ ဒုတိယပတ်အစတွင် တောင်အာဖရိကၶ ဗိုင်းရပ်စ်မျိုးကွဲသစ်တစ်မျိုး ထပ်မံတွေ့ရှိသည်။ ချက်ချင်းကူးစက်ပျံ့နှံ့မှုဖြစ်လာသည်။ နိုဝင်ဘာလ ၂၄ ရက်နေ့တွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက အဆိုပါဗိုင်းရပ်စ်မျိုးကွဲသစ်ကို "အိုမီခရွန်" ဟု အမည်ပေးလိုက်သည်။ သတိပေးချက်အမျိုးမျိုး၊ ကာကွယ်ဟန့်တားမှုအမျိုးမျိုးကြားမှာပင် ရက်သတ္တ သုံးပတ်၊ လေးပတ်အတွင်း ကမ္ဘာ့နေရာအတော်များများတွင် ပျံ့နှံ့ရောက်ရှိကူးစက်သွားခဲ့ပြီဖြစ်သည်။

### နိုင်ငံပေါင်း ၁၅၀

ကိုဗစ်-၁၉ ဗီဇပြောင်းမျိုးကွဲ အိုမီခရွန် (Omicron) ရောဂါပိုးသည် ဇန်နဝါရီလ ၈ ရက်နေ့ ညနေ ၅ နာရီအထိ နိုင်ငံပေါင်း ၁၅၀ နိုင်ငံသို့ ကူးစက်ပျံ့နှံ့ခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ သိရသည်။ ဇန်နဝါရီလ ၈ ရက်အထိ ကမ္ဘာ့နိုင်ငံပေါင်း ၁၅၀ သို့ ကူးစက်ပျံ့နှံ့လျက်ရှိပြီး အတည်ပြုလူနာဦးရေ ၅၅၂၀၉၁ ဦးနှင့် သေဆုံးသူ ၁၁၅ ဦးရှိလာကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ သိရသည်။ အဆိုပါရောဂါပိုးသည် ဥရောပနိုင်ငံများ၊ မြောက်အမေရိက၊ တောင်အမေရိက၊ အာဖရိက၊ ဩစတြေးလျနိုင်ငံနှင့် အရှေ့တောင်အာရှနိုင်ငံ စသည်တို့ဖြစ်သည်။ မြန်မာနိုင်ငံတွင် ပြည်ပနိုင်ငံများမှ ပြန်လည်ရောက်ရှိလာသူများအနက် ကိုဗစ်-၁၉ ရောဂါပိုး တွေ့ရှိရသည့်လူနာများတွင် မျိုးရိုးဗီဇပြောင်းရောဂါပိုး ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးမှုများအရ ယူအေအီးနိုင်ငံ ဒူဘိုင်းမြို့မှ Relief Flight ဖြင့် ပြန်လည်ဝင်ရောက်လာသူ မြန်မာနိုင်ငံသားလေးဦး၏ ဓာတ်ခွဲနမူနာများတွင် အိုမီခရွန် (Omicron) ရောဂါပိုးတွေ့ရှိရကြောင်း ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် ကျန်းမာရေးဝန်ကြီးဌာနမှ သတင်းထုတ်ပြန်ထားသည်။

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ဗီဇပြောင်းမျိုးကွဲ အိုမီခရွန် (Omicron)နှင့် ပတ်သက်၍ ရောဂါဖြစ်ပွားမှုများကို မျက်ခြည်မပြတ် စောင့်ကြပ်ကြည့်ရှုလျက်ရှိကာ ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ မြန်မာနိုင်ငံတွင် အိုမီခရွန်ရောဂါပိုး လေးဦး တွေ့ရှိထားသည်ဟု ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားပြီး အသွားအလာကန့်သတ်၍ သီးသန့်ခွဲခြားထားရှိရာနေရာ (Quarantine Center) များနှင့် အောက်ဆီဂျင်အပါအဝင် ဆေးနှင့် ဆေးပစ္စည်းများ ကြိုတင်ပြင်ဆင်ထားကြောင်း သိရသည်။

ကမ္ဘာ့နိုင်ငံများအားလုံး၏ စီးပွားရေးပြန်လည်နာလန်ထူရေး အားထုတ်မှုများ၊ မျှော်လင့်ချက်များ သဲထဲရေသွန်ဖြစ်ရမည့်အခြေအနေမျိုးရောက်သွားသည်။ နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးပြန်လည်နာလန်ထူနိုင်ရေးအားထုတ်မှုတွင် အဓိကကျသည့် ကုန်ထုတ်လုပ်မှုကဏ္ဍနှင့် ငွေကြေးအရင်းအနှီးကဏ္ဍကို ခြိမ်းခြောက်မှုများ ထပ်မံဖြစ်လာတော့သည်။ ရောဂါမပြန့်ပွားရေးအတွက် လုပ်ဆောင်လာနိုင်သည့် ပိတ်ပင်ကန့်သတ်မှုအသစ်များသည် ယခင်ကတည်းက အားနည်းနေသော စီးပွားရေးအခြေအနေများကို ပို၍ချည့်နဲ့လာစေသည်။ ဆိုးရွားနေဆဲ ရောင်းလိုအားပြတ်လပ်မှု၊ ထောက်ပံ့ရေးကွင်းဆက်အခက်အခဲများကို ပိုမိုဆိုးရွားလာစေသည့် ခြိမ်းခြောက်မှုသဖွယ်ဖြစ်လာနိုင်သည်။

### ဗဟိုဘဏ်များအတွက် စိန်ခေါ်မှုအသစ်များ

ငွေကြေးဖောင်းပွမှုဖိအားများ ပိုမိုဖြစ်စေလျက် ပြန်လည်မျှော်လင့်နေသော စီးပွားရေးနာလန်ထူနိုင်ရေးအားထုတ်မှုများကို ခြိမ်းခြောက်မှုဖြစ်လာနေသဖြင့် ဗဟိုဘဏ်များအတွက် စိန်ခေါ်မှုအသစ်များ ပိုမိုများပြားလာနိုင်သည်။ လက်ရှိအခြေအနေတွင် နိုင်ငံအသီးသီးတွင် တရိပ်ရိပ်မြင့်တက်လာနေသော စားသုံးကုန်ဈေးနှုန်းများကို ရင်ဆိုင်နေကြရသည်။ ထိုအခြေအနေများကို သက်ဆိုင်ရာကဏ္ဍအလိုက် တာဝန်ရှိသူများက နည်းလမ်းအမျိုးမျိုးဖြင့် ဖြေရှင်းနိုင်ရေးလုပ်ဆောင်နေကြသည်။ ငွေကြေးဆိုင်ရာ အစီအမံများဖြင့် ထိန်းသိမ်းနိုင်ရေးလုပ်ဆောင်ရာတွင် ဗိုင်းရပ်စ်မျိုးကွဲသစ်ကြောင့် ဖြစ်လာနိုင်သည့် ဟန့်တားကန့်သတ်ချက်များက စီးပွားရေးပြန်လည်နာလန်ထူနိုင်ရေးကုစားမှုနည်းလမ်းများ၊ အစီအစဉ်များကို လမ်းလွဲချော်နိုင်စရာများဖြစ်စေနိုင်သည်ဟု စီးပွားရေးပညာရှင်အချို့၏ သုံးသပ်ချက်များတွင် တွေ့ရသည်။

> ကမ္ဘာတစ်ဝန်းတွင် ထိုးနှံနေသော ကပ်ရောဂါကာကွယ်ဆေးများသည် အိုမီခရွန်အပေါ် ခုခံနိုင်မှုမသေချာခြင်းနှင့် အိုမီခရွန်နှင့်ပတ်သက်သည့် သတင်းအချက်အလက်များ ကျယ်ကျယ်ပြန့်ပြန့်မသိရှိရခြင်းတို့သည် စိန်ခေါ်မှုများအဖြစ် ရှိနေသေးသည်။ မြန်မာနိုင်ငံတွင် နောက်ထပ်လှိုင်းတစ်ခု ထပ်မံမဖြစ်ပေါ်စေရေးအတွက် အားလုံးကအတတ်နိုင်ဆုံး ကြိုတင်ပြင်ဆင်ကြရမည်ဖြစ်သည်။ လူအများစိုးရိမ်ထိတ်လန့်နေမှုအပေါ် အခွင့်ကောင်းယူ၍ ဆိုရှယ်မီဒီယာများတွင် ထွက်ပေါ်လာသော သတင်းမှားများ၊ လုပ်ကြံသတင်းများနှင့် ကောလာဟလများကိုလည်း ချင့်ချိန်ယုံကြည်ကြရန်လိုအပ်

အိုမီခရွန် ဗိုင်းရပ်စ်မျိုးကွဲသစ် ထပ်မံကူးစက်ပျံ့နှံ့လာမှုကြောင့် ကမ္ဘာ့စီးပွားရေး ပြန်လည်နိုးထရေးလုပ်ဆောင်မှုများမှာ အရှိန်လျော့သွားခဲ့သည်။ ဗိုင်းရပ်စ်မျိုးကွဲသစ်ဖြစ်ပေါ်လာပြီး ရက်သတ္တတစ်ပတ်အချိန်အတွင်းမှာပင် နိုင်ငံကြီးအချို့၏ ဗဟိုဘဏ်များသည် ၎င်းတို့စီစဉ်နေသော စီးပွားရေးနိုးထရေးနည်းလမ်းများနှင့်ပတ်သက်၍ (ဥပမာ - အမေရိကန်ဗဟိုဘဏ်၏စီးပွားရေးနိုးဆွမှု အစီအစဉ်များ၊ အင်္ဂလန်ဘဏ်၏ အတိုးနှုန်းမြှင့်တင်ရေးအခြေအနေ၊ ဥရောပဗဟိုဘဏ်၏ အရေးပေါ်ငွေချေးစာချုပ်ဝယ်ယူခြင်းကိစ္စ) ပြန်လည်စဉ်းစားသုံးသပ်မှုများပြုလုပ်လာကြသည်။ အားလုံးသည် တစ်ဆင့်ပြီးတစ်ဆင့် အန္တရာယ်ကြီးမားလာနေသည့် ငွေကြေးဖောင်းပွမှုအခြေအနေကို တုံ့ပြန်တိုက်ခိုက်ရန် ပြင်ဆင်နေကြခြင်းဖြစ်သည်။ လက်ရှိရင်ဆိုင်နေရသော ငွေကြေးဖောင်းပွမှုအန္တရာယ် အတိမ်အနက်ကိုလည်း ကောင်းစွာသဘောပေါက်လာကြသည်။ အမေရိကန်နိုင်ငံတွင် ဆယ်စုနှစ်သုံးစုအတွင်း အမြင့်ဆုံး၊ ယူရိုဇုန်ဖြစ်ပေါ်လာသည့်အချိန်မှ ယခုအချိန်အထိ အမြင့်ဆုံးအခြေအနေမျိုးဖြစ်သဖြင့် အဆိုးရွားဆုံးသောအဆင့်တွင် ရှိနေသည်။

အိုမီခရွန်မျိုးကွဲ ဗိုင်းရပ်စ်သစ်ကူးစက်ပျံ့နှံ့မှုသည် အလုပ်အကိုင်အခြေအနေများနှင့် စီးပွားရေးတိုးတက်မှုအခြေအနေများကိုလည်း မျှော်လင့်ထားသည်ထက် ပိုမိုဆိုးရွားလာနိုင်သည်သာမက မသေချာမရေရာမှုများကိုပါ ထပ်မံတိုးလာစေသည်ဟု အမေရိကန်ဗဟိုဘဏ်ဥက္ကဋ္ဌ ဂျရွန်းပါဝဲလ်က မှတ်ချက်ပြုထားသည်။ အင်္ဂလန်ဗဟိုဘဏ်၏ အကြီးတန်းအရာရှိဟောင်းတစ်ဦးဖြစ်သူ အဲလက်စ်ဘရေ့ဂျာကလည်း စီးပွားရေးပြန်လည်စတင်မှုများအတွက် နှောင့်နှေးကြန့်ကြာမှုများ မည်မျှကြာအောင် မည်ကဲ့သို့ရှိမည်နည်းဆိုသည်မှာ အားလုံးအတွက် မေးခွန်းထုတ်ဖွယ်ဖြစ်လာသည်ဟု ဆိုထားသည်။ အသစ်တွေ့ရှိရသော ကိုရိုနာဗိုင်းရပ်စ် အိုမီခရွန်နှင့် ပတ်သက်၍ ကမ္ဘာတစ်ဝန်းရှိ အစိုးရအသီးသီးသည် သူတို့နိုင်ငံသားများအပေါ် အကာအကွယ်ပေးရန်နှင့် ဖြစ်ပွားလာနိုင်သောကပ်ဆိုက်မှုကို တားဆီးရန် ထိတ်ထိတ်ပျာပျာကြိုးပမ်းနေကြသည်။

### ယခင်မျိုးကွဲများထက် ပိုမိုမြင့်မား

ဗီဇသစ်ထွန်းလာသော အိုမီခရွန် ကိုရိုနာဗိုင်းရပ်စ်ကို တောင်အာဖရိကတွင် ပထမဆုံးတွေ့ရှိခဲ့ရပြီး ကူးစက်နိုင်စွမ်းမှာလည်း ယခင်မျိုးကွဲများထက် ပိုမိုမြင့်မားသည်။ ယနေ့အထိ ခြေရာခံ၍ရသမျှ ယူနိုက်တက်ကင်းဒမ်း၊ ဂျာမနီ၊ အစ္စရေး၊ အီတလီ၊ ချက်သမ္မတနိုင်ငံနှင့် ဟောင်ကောင်တို့တွင် ဤဗိုင်းရပ်စ်ကူးစက်ခံထားရသော လူနာများကို တွေ့နေရပြီဖြစ်သည်။ အိုမီခရွန်၏ကူးစက်မှုကို စိုးရိမ်သည့်အတွက် နိုင်ငံတွင်းသို့ ဝင်ရောက်လာမည့် နိုင်ငံခြားသားများအားလုံးကို ပိတ်ပင်လိုက်ပြီဖြစ်ကြောင်း၊ အစ္စရေးအာဏာပိုင်များက ကြေညာခဲ့သည်။ ပိတ်ပင်မှုသည် အစိုးရ၏ဆုံးဖြတ်ချက်အဖြစ် တရားဝင်ပြဋ္ဌာန်းရန် အနည်းဆုံးနောက်ထပ်နှစ်ပတ်ခန့် အချိန်ယူရလိမ့်မည်ဖြစ်သည်။ အာဖရိကတိုက်တောင်ပိုင်းရှိအရေးပေါ်အခြေအနေ အနီရောင်ပြထားသောနိုင်ငံများမှာ ခရီးပြန်လည်ရောက်ရှိလာမည့် အစ္စရေးလူမျိုးများအနေနှင့်လည်း အစိုးရက သတ်မှတ်ပေးထားသည့် ဟိုတယ်များတွင် တစ်ပတ်တိတိ သီးခြားနေထိုင်ကြရမည်ဖြစ်သည်။

အစ္စရေးနိုင်ငံတွင် အိုမီခရွန်ဗိုင်းရပ်စ် ကူးစက်ခံထားရသည်ဟု သံသယရှိသောလူနာ ခုနစ်ဦးရှိပြီး အတည်ပြုလူနာတစ်ဦးမှာ မာလာဝီမှပြန်လာသူဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။ ဩစတြေးလျနိုင်ငံ ဆစ်ဒနီသို့ ဆိုက်ရောက်လာသော တောင်အာဖရိကမှ ခရီးသည်များကို ထွက်ခွာလာရာဒေသ၌ ကိုဗစ်-၁၉ စစ်ဆေးပြီးခဲ့သည့်တိုင် အရေးပေါ်အခြေအနေအဖြစ် ထပ်မံစစ်ဆေးသွားမည်ဖြစ်ကြောင်း နယူးဆောက်ဝေးကျန်းမာရေးဝန်ကြီးဌာနက တနင်္ဂနွေနေ့၌ ထုတ်ပြန်ထားသည်။ မျိုးပွားဗိုင်းရပ်စ်၏ကွင်းဆက်ကို အရေးပေါ်ခြေရာခံနိုင်ရန် ဆောင်ရွက်နေခြင်းဖြစ်ပြီး အကယ်၍ရောဂါလက္ခဏာပြခဲ့သော် ဗီဇသစ် အိုမီခရွန် B.1.1.529 ဟုတ်၊ မဟုတ် သိရှိနိုင်မည်ဖြစ်ကြောင်း ထုတ်ပြန်ချက်က ဆိုပါသည်။ လေယာဉ်ပေါ်တွင် အတူစီးလာသူများအနက် ယခုရည်ညွှန်းသောခရီးသည်တို့နှင့် နီးကပ်စွာဆက်စပ်ခဲ့သူများကိုလည်း ဗိုင်းရပ်စ်ရှိ၊ မရှိ အလျင်အမြန်စစ်ဆေးခံကြရန် နှိုးဆော်ထားပါသည်။

### နိုင်ငံရှစ်နိုင်ငံမှ တားမြစ်ကန့်သတ်

ဩစတြေးလျသည် တောင်အာဖရိက၊ လီဆိုသို၊ ဘော့ဆွာနာနှင့် ဇင်ဘာဘွေအပါအဝင် တောင်အာဖရိက ကိုးနိုင်ငံသို့ ၁၄ ရက်အတွင်း သွားရောက်ခဲ့သောနိုင်ငံခြားသားများ သူ့နိုင်ငံအတွင်းသို့ ဝင်ရောက်ခွင့်ကို တားမြစ်ခဲ့သည်။ တောင်ကိုရီးယားနိုင်ငံ ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးအေဂျင်စီက အာဖရိကတိုက်တောင်ပိုင်းရှိ နိုင်ငံရှစ်နိုင်ငံမှ ခရီးသည်များကို တားမြစ်ကန့်သတ်ကြောင်း ကြေညာခဲ့သည်။ တောင်အာဖရိက၊ ဘော့ဆွာနာ၊ နမီးဘီးယား၊ ဇင်ဘာဘွေ၊ လီဆိုသို၊ အက်ဆွာတီနီ၊ မာလာဝီနှင့် မိုဇမ်ဘစ်နိုင်ငံခြားသားများကို တောင်ကိုရီးယားနိုင်ငံတွင်းသို့ ဝင်ရောက်ခွင့်မပြုကြောင်း အေဂျင်စီကပြောကြားခဲ့သည်။ နောက်ထပ်ကြေညာချက်တစ်စုံတစ်ရာမထုတ်မချင်း အဆိုပါနိုင်ငံသားများသို့ ပြည်ဝင်ခွင့်ဗီဇာထုတ်ပေးမည် မဟုတ်ပေ။ အဆိုပါနိုင်ငံများမှ ပြန်လည်ရောက်ရှိလာမည့် ကိုရီးယားနိုင်ငံသားများသည်လည်း အစိုးရက သတ်မှတ်ပေးထားသောအစီအစဉ်အတိုင်း ၁၀ ရက် ကွာရန်တင်းဝင်ရမည် ဖြစ်သည်။

ဥရောပတိုက်တွင် ခရီးသွားလာမှုဆိုင်ရာကန့်သတ်ချက်များကို ချမှတ်ခဲ့ပြီး ကိုရိုနာဗိုင်းရပ်စ်အသစ်၏ကွင်းဆက်များကို ဖြတ်တောက်ရန် ကြိုးပမ်းနေဆဲမှာပင် ဒေသတွင်းနိုင်ငံအချို့၌ အိုမီခရွန်လူနာများကို တွေ့ရှိနေပြီဖြစ်သည်။ ဩစတြီးယားအနောက်ပိုင်း အင်းစ်ဘရပ်၌ သံသယအဖြစ်တွေ့ရှိထားသော လူနာတစ်ယောက်မှာ တောင်အာဖရိကနိုင်ငံမှ ယခုရက်ပိုင်းအတွင်း ပြန်ရောက်လာသူဖြစ်ပြီး စစ်ဆေးကြည့်သည့်အခါ ကိုဗစ်-၁၉ တွေ့ရကြောင်း တိုင်ရိုးပြည်နယ်အစိုးရက ပြောကြားခဲ့သည်။ လူနာထံမှ နှာခေါင်းတို့ဖတ်နမူနာများကို မြို့တော်ဗီယင်နာသို့ ပေးပို့ထားပြီး မကြာမီရက်ပိုင်းအတွင်း စစ်ဆေးချက်အဖြေများ ထွက်ပေါ်လာပါလိမ့်မည်ဖြစ်သည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (The World Health Organization – WHO) က တောင်အာဖရိက၌ အိုမီခရွန်ဗိုင်းရပ်စ်အသစ်တွေ့ရသော ပထမဆုံးလူနာကို အတည်ပြုခဲ့ပြီး ကူးစက်မှုများ တစ်ဖန်ပြန်လည်ကာခေါင်းထောင်လာမည်ကို စိုးရိမ်နေကာ ယခုအိုမီခရွန်ဗိုင်းရပ်စ်ကို စိုးရိမ်ရသည့်မျိုးကွဲသစ်အဖြစ်သတ်မှတ်ခဲ့သည်။

အိုမီခရွန်ဗိုင်းရပ်စ်အသစ်ကို တွေ့ရှိခြင်းက ကမ္ဘာအနှံ့ စိုးရိမ်သောကကို ပွားစေခဲ့သည်။ တိုင်းပြည်များစွာတွင် ခရီးသွားလာရေးဆိုင်ရာကန့်သတ်ချက်များကို ပြဋ္ဌာန်းခဲ့ရပြီး တစ်ကမ္ဘာလုံးရှိ လူစည်ကားရာဈေးများမှာလည်း ရုတ်တရက်ပိတ်သိမ်းခဲ့ရသည်။ ကာကွယ်ခြင်းသည် ကုသခြင်းထက် ပိုကောင်းသည်ဟူသော သမားစဉ်ဆက်ဆိုရိုးစကားသည် ယခုတိုင်မှန်ကန်နေဆဲဖြစ်သည်။ အရိုးဆုံးဆိုထုံးကို အလေးဂရုမူလျက် မိမိတို့နိုင်ငံ၊ မိမိတို့ဒေသ၊ မိမိတို့မြို့၊ မိမိတို့ဝန်းကျင်၊ မိမိတို့မိသားစုနှင့် အဓိကအကျဆုံးနှင့် အသေချာဆုံးဖြစ်သော မိမိကိုယ်တိုင်ကာကွယ်နိုင်သည့် ပြုမူဆောင်ရွက်နေထိုင်ပုံမျိုးကို မွေးမြူကျင့်ကြံနိုင်မှသာ ကပ်ဘေးက လွတ်အောင်ရှောင်နိုင်မည်ဖြစ်သည်။

စာမျက်နှာ ၁၇ သို့ ✳

# တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော် ဇန်နဝါရီ ၁၀**

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များ၊ ဘာသာရေးခေါင်းဆောင်များအပါအဝင် လူမျိုးမရွေး ဘာသာမရွေး အသက် ၄၀ အထက် ဒေသခံပြည်သူများ၊ အကျဉ်းသား အကျဉ်းသူများ၊ မသန်စွမ်းသူများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၊ နာတာရှည်ရောဂါအခံရှိသူများ၊ ကယ်ဆယ်ရေးစခန်းများ၊ ယာယီတိုက်ပွဲရှောင်စခန်းများအတွင်းရှိ ပြည်သူများ၊ အသက်၁၂ နှစ်နှင့်အထက် အခြေခံပညာအလယ်တန်းနှင့် အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူများ စသည့်ဦးတည်အုပ်စုများ သတ်မှတ်၍ တပ်မတော်မှ ဆေးအဖွဲ့များ၊ ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများက ကာကွယ်ဆေးထိုးခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

**ထိုးနှံပေး**

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၉ ရက်နှင့် ယနေ့တို့တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း)အတွင်းရှိ မြို့နယ် ခြောက်မြို့နယ်တို့၌ ဒေသခံပြည်သူ ၁၃၁၂ ဦး၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)အတွင်းရှိ မြို့နယ် သုံးမြို့နယ်၌ ဒေသခံပြည်သူ ၆၅၅ ဦး၊ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ်နှင့် ပုလောမြို့နယ်တို့၌ ဒေသခံပြည်သူ ၁၂၅၀၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ခြောက်မြို့နယ်၌ ဒေသခံပြည်သူ ၆၅၁၀၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်၌ ဒေသခံပြည်သူ ၁၉၀၉၁ ဦး၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင် ခုနစ်ခုမှ ဒေသခံပြည်သူ ၇၆၈၂ ဦးနှင့် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် သုံးမြို့နယ်၌ ဒေသခံပြည်သူ ၁၆၆၀ တို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့်ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးနိုင်ခဲ့သည်။



**ထိုးနှံပေးလျက်ရှိ**

ထို့အတူ ကျောင်းသား ကျောင်းသူများကိုလည်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိရာ ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်၌ ကျောင်းသား ကျောင်းသူ ၇၀၃ ဦးကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပေါက်တောမြို့နယ်ရှိ IDPs စခန်း၌ ခိုလှုံနေကြသည့် ပြည်သူများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး စတုတ္ထအသုတ် (ဒုတိယအကြိမ်) ဆက်လက်ထိုးနှံ

**ပေါက်တော ဇန်နဝါရီ ၁၀**

ရခိုင်ပြည်နယ် ပေါက်တောမြို့နယ်ရှိ ဘင်္ဂါလီများနှင့် IDPs စခန်းတို့တွင် ခိုလှုံနေကြသော ပြည်သူများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံရာ အသက်၁၈ နှစ်နှင့်အထက် ပြည်သူများအား စတုတ္ထအသုတ် (ဒုတိယအကြိမ်) ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ယနေ့နံနက် ၁၀ နာရီက ဆက်လက်ထိုးနှံပေးသည်။

အဆိုပါ IDPs စခန်းများသို့ ကိုဗစ် - ၁၉ ရောဂါကာကွယ်ဆေး ထိုးနှံနေမှုအား ပေါက်တောမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ဝင်းနှင့် အဖွဲ့ဝင်များ လာရောက်ကြည့်ရှုအားပေးခဲ့ကြသည်။ ထိုသို့ကာကွယ်ဆေးထိုးနှံခြင်း ဆောင်ရွက်ရာတွင် ပေါက်တောမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာကိုကိုအောင် ကြီးကြပ်မှုဖြင့် မြို့နယ်ကျန်းမာရေးဝန်ထမ်းများက ကာကွယ်ဆေးထိုးနှံခြင်းမပြုမီ ကိုယ်အပူချိန်တိုင်းတာပေးခြင်း၊ သွေးပေါင်ချိန် တိုင်းတာပေးခြင်း၊ သွေးအတွင်း အောက်ဆီဂျင်ပမာဏ တိုင်းတာပေးခြင်းတို့ကို ပြုလုပ်ပေးကြပြီး ကာကွယ်ဆေးကို ဆက်လက်ထိုးနှံပေးကြသည်။

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးခြင်းကို ပေါက်တောမြို့နယ်၌ ဒေသခံဘင်္ဂါလီများနှင့် IDPs စခန်းငါးခု စုရပ်များဖြစ်သည့် ကြိမ်နီပြင် IDPs စခန်း၊ ဆင်တက်မော် IDPs စခန်း၊ အနောက်ရဲ IDPs စခန်း၊ ငှက်ချောင်း-၁(IDPs)စခန်း၊ ငှက်ချောင်း-၂( IDPs)စခန်းများ၌ ခိုလှုံနေကြသည့် ပြည်သူများနှင့် ဆင်တက်မော်(ဘင်္ဂါလီ)များ၊ အနောက်ရဲ (ဘင်္ဂါလီ)များ၊ စစ်ကဲပြင်အထက်(ဘင်္ဂါလီ)များ၊ စစ်ကဲပြင်အောက်(ဘင်္ဂါလီ)များ၊ ကုန်တန်း(ဘင်္ဂါလီ) များနှင့် တောင်ရွာ(ဘင်္ဂါလီ) များကို ဇန်နဝါရီ ၈ ရက်မှ စတင်ထိုးနှံခဲ့ရာ ယမန်နေ့ကအထိ စုစုပေါင်း ၅၀၃၂ ဦး ထိုးနှံပြီးကြောင်း သိရသည်။

**ကျော်သန်း(မြို့နယ် ပြန်/ဆက်)**



✳ စာမျက်နှာ ၁၆ မှ

လက်ဆေးခြင်း၊ နှာခေါင်းစည်းတပ်ခြင်း၊ လူအချင်းချင်း ခပ်ခွာခွာနေထိုင်ခြင်းနှင့် ကာကွယ်ဆေးထိုးထားခြင်းတို့ကသာ ကပ်ဘေးမှကျော်နင်းနိုင်မည့် လက်နက်ကောင်းများဖြစ်ပါသည်။

အိုမီခရွန် ကိုရိုနာဗိုင်းရပ်စ် မျိုးကွဲသစ်ပေါ်ထွက်လာချိန်တွင် ယင်းဗိုင်းရပ်စ်ကိုတုံ့ပြန်ရာ၌ နိုင်ငံအများအပြားမှာ ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုကပ်ဘေး စတင်ခါစကာလအတိုင်း စမ်းတဝါးဝါးဖြစ်နေကြဆဲဖြစ်သည်။ ဗိုင်းရပ်စ်ကူးစက်မှုနှုန်းမြင့်တက်လာသည့် နိုင်ငံအချို့က ပြင်ပထွက်ခွာသွားလာမှုကန့်သတ်ရေးစည်းမျဉ်းများကို ခြေမြန်လက်မြန်ကျင့်သုံးလာကြသော်လည်း အချို့နိုင်ငံများမှာ ဘာလုပ်၍လုပ်ရမှန်းမသိသေးဘဲ ချီတုံချတုံဖြစ်နေကြဆဲဖြစ်သည်။ ကိုရိုနာဗိုင်းရပ်စ်ကပ်ဘေးအတွင်း နောက်ဆုံးပေါ်ထွက်လာသည့် အိုမီခရွန်ဗိုင်းရပ်စ်သည် ကမ္ဘာကြီး၏ ကြိုတင်ပြင်ဆင်မှုမရှိသောအဖြစ်ကို နောက်တစ်ဖန်ပြန်၍ သက်သေခံနေလေပြီဖြစ်သည်။ ကိုရိုနာဗိုင်းရပ်စ်သစ် အိုမီခရွန်တွေ့ရှိရသောနိုင်ငံများထဲတွင် အိမ်နီးချင်း အိန္ဒိယနိုင်ငံပါဝင်နေသဖြင့် စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ရှိ ကလေးလေဆိပ်သို့ ပျံသန်းပြေးဆွဲမည့်လေကြောင်းခရီးစဉ်များကို ယာယီရပ်ဆိုင်းကြောင်း သက်ဆိုင်ရာက ဒီဇင်ဘာလ ၅ ရက်နေ့တွင် ထုတ်ပြန်ခဲ့သည်။

အိမ်နီးချင်း ထိုင်းနိုင်ငံတွင်လည်း မကြာသေးမီသီတင်းပတ်အတွင်း စပိန်နိုင်ငံမှ ဝင်ရောက်လာသူတစ်ဦးထံမှ အသွင်ပြောင်းကိုရိုနာဗိုင်းရပ်စ် အိုမီခရွန်ကူးစက်ခံရမှု ပထမဆုံးစစ်ဆေးတွေ့ရှိခဲ့ကြောင်း ထိုင်းပြည်သူ့ကျန်းမာရေးဝန်ကြီးဌာနက ဒီဇင်ဘာလ ၆ ရက်နေ့တွင် အတည်ပြုခဲ့သည်။ ဒယ်လ်တာဗိုင်းရပ်စ်ကို အပြင်းအထန်ကာကွယ်ခုခံနေရသောကမ္ဘာကြီးသည် ကိုရိုနာဗိုင်းရပ်စ်မျိုးကွဲ အိုမီခရွန် ထွက်ပေါ်လာသဖြင့် ပြီးခဲ့သည့်သီတင်းပတ်အတွင်း နိုင်ငံအများအပြားကို တုန်လှုပ်သွားစေခဲ့သည်။ နိုင်ငံအချို့ ပြည်ပခရီးသည်ဝင်ခွင့်ပိတ်ပင်လိုက်ကြသည်။ ကာကွယ်ဆေးနှစ်ကြိမ်ထိုးနှံပြီးသည့် နိုင်ငံအချို့က ထပ်ဆောင်းကာကွယ်ဆေးထိုးရန် ဆော်ဩလာကြသည်။ တောင်အာဖရိကနိုင်ငံ၌ စတင်တွေ့ရှိရသော ကိုဗစ်မျိုးကွဲသစ် အိုမီခရွန်သည် ကူးစက်မှုပိုမိုမြန်ဆန်ပြီး အန္တရာယ်ရှိနေကြောင်း Nikkei သတင်းဌာနက ဖော်ပြသည်။

ကမ္ဘာပေါ်တွင် လူအသေအပျောက်များပြားစေသောကပ်ရောဂါဖြစ်သည်။ ယခုတစ်ဖန် ထွက်ပေါ်လာသော ဗိုင်းရပ်စ်မျိုးကွဲသစ် အိုမီခရွန်သည် ဒယ်လ်တာထက် ကူးစက်မြန်ဆန်ကြောင်း သတိပေးထားပြီးဖြစ်၍ တတိယလှိုင်းဒဏ်ကို ပြင်းပြင်းထန်ထန်ခံစားခဲ့ကြရသော ပြည်သူများအနေဖြင့် သတိကြီးကြီးထားရမည့်အခြေအနေမျိုးဖြစ်သည်။ သို့သော်လည်း အလွန်အကျွံစိုးရိမ်မှုကို ရှောင်ရှားကြရမည်ဖြစ်သည်။ ကမ္ဘာတစ်ဝန်းတွင် ထိုးနှံနေသော ကပ်ရောဂါကာကွယ်ဆေးများသည် အိုမီခရွန်အပေါ် ခုခံနိုင်မှုမသေချာခြင်းနှင့် အိုမီခရွန်နှင့်ပတ်သက်သည့် သတင်းအချက်အလက်များ ကျယ်ကျယ်ပြန့်ပြန့် မသိရှိရခြင်းတို့သည် စိန်ခေါ်မှုများအဖြစ် ရှိနေသေးသည်။ မြန်မာနိုင်ငံတွင် နောက်ထပ်လှိုင်းတစ်ခု ထပ်မံမဖြစ်ပေါ်စေရေးအတွက် အားလုံးက အတတ်နိုင်ဆုံး ကြိုတင်ပြင်ဆင်ကြရမည်ဖြစ်သည်။ လူအများ စိုးရိမ်ထိတ်လန့်နေမှုအပေါ် အခွင့်ကောင်းယူ၍ ဆိုရှယ်မီဒီယာများတွင် ထွက်ပေါ်လာသော သတင်းမှားများ၊ လုပ်ကြံသတင်းများနှင့် ကောလာဟလများကိုလည်း ချင့်ချိန်ယုံကြည်ကြရန် လိုအပ်သည်။

ကျန်းမာရေးဝန်ကြီးဌာနက တိုက်တွန်းထားသော ကပ်ရောဂါကာကွယ်ရေးဆိုင်ရာ ဆောင်ရန်၊ ရှောင်ရန်နှိုးဆော်ချက်များကို အများပြည်သူတို့ တိတိကျကျလိုက်နာနိုင်မှသာ အိုမီခရွန်ကို အန်တုနိုင်မည်ဖြစ်သည်။ ကမ္ဘာ့စီးပွားရေး ပြန်လည်နာလန်ထူရေးကို ထိခိုက်စေနိုင်သည်ဟု အသံများကြားမှပင် အိုမီခရွန်သည် တစ်ရက်ပြီးတစ်ရက် ကမ္ဘာ့ဒေသနေရာစုံသို့ ခြေဆန့်နေခဲ့ပြီဖြစ်သည်။ အိုမီခရွန်ကြောင့် နာလန်ထတော့မည့် ကမ္ဘာ့စီးပွားရေးသည် နာလန်မထူနိုင်တော့ဘဲ ဝေဒနာပင် ထပ်၍တိုးနေပြီဖြစ်သည်။ ချမ်းသာသောနိုင်ငံကြီးများပင်လျှင် ဤကဲ့သို့ကြုံတွေ့နေရပါလျှင် ဖွံ့ဖြိုးဆဲချို့တဲ့ဆင်းရဲသောနိုင်ငံတို့ မည်သို့ရင်ဆိုင်ကြရမည်နည်းဟု စဉ်းစားဆင်ခြင်နိုင်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

■

# ထင်းခွေ ရေခပ်

**ဆရာမဇာ**



ကျွန်တော်ငယ်ငယ်ကပင် ဖခင်က လမ်းလျှောက်ဝါသနာပါအောင် စည်းရုံးခဲ့၏။ ဆယ်နှစ်သားအရွယ်တွင် ရန်ကင်းမှ ဗိုလ်တထောင်မြို့နယ်အရောက် လမ်းလျှောက်ရ၏။ အဘိုးနှင့်အဘွားကိုတွေ့ရန်အတွက်ဟူသော ရည်ရွယ်ချက်ဖြင့် သားအဖနှစ်ယောက် လမ်းလျှောက်ခဲ့ကြသည်မှာ တနင်္ဂနွေနေ့တိုင်းပင်။ ခြေလျင်တောင်တက်ခရီးများကိုမူ ရှစ်တန်းကျောင်းသားဘဝတွင် စတင်ခဲ့ပါသည်။ ခြေစမ်းသည့်အနေဖြင့် ပုပ္ပားတောင်မကြီးကို တက်ခဲ့၏။

**ဆယ့်ငါးမိုင်ခန့်ခရီး**

ဆေးကျောင်းရောက်သောအခါတွင် ကျောင်းပိတ်ရက်တိုင်း ပုံမှန်လမ်းလျှောက်ဖြစ်၏။ မြေနီကုန်းမှ ထောက်ကြံ့လမ်းဆုံအထိဖြစ်ပါသည်။ အဖော်အပေါင်းများနှင့် လျှောက်ရသည်ဖြစ်၍ ပင်ပန်းမှုကို မေ့ဖျောက်နိုင်၏။ ဆယ့်ငါးမိုင်ခန့်ခရီးကို ခြေကျင်လျှောက်နိုင်သွားသဖြင့် ရန်ကုန်မြို့တွင် ခြေကျင်မသွားနိုင်သောနေရာမရှိချေ။

“စံနမူနာ x x အမှန်ယူစရာ x x အလေ့အကျင့်တွေရှိသည်။ မမောမပန်း အစွမ်းနဲ့လှမ်းခဲ့ပါပြီ x x တောင်ကြီးတွေ ဒို့ခြေဖဝါးအောက်မှာရှိသည် သွားပါများ ခရီးရောက်သည် x x x”

လမ်းလျှောက်၍ မောသည့်အချိန်များတွင် ဤခြေလျင်တောင်တက်အသင်း၏ သီချင်းကလေးကို ငြီးရင်းလျှောက်၏။ အဖော်ကောင်းလျှင် သံပြိုင်သီဆို၍ တောင်တက်ခရီးဆက်ခဲ့နိုင်ပါသည်။ ပုပ္ပားတောင်မကြီးအပြင် မြင်းမထိတောင်၊ အရှေ့မြင် အနောက်မြင်တောင်ရှိရာ ရှမ်းရိုးမသို့လည်းကောင်း၊ ပန်းတောင်း – တောင်ကုတ်လမ်းအတိုင်း ငပလီသို့ ခရီးရှည်သွား၍လည်းကောင်း စိတ်ရောကိုယ်ပါ ကျန်းမာကြံ့ခိုင်မှုကို ရယူကြပါသည်။

“ခြေလျင်ချီတက်မယ့် တောင်တက်အဖွဲ့လာပြီ x x x ရည်ရွယ်မျှော်မှန်းချက် ကိုယ်လက်ကြံ့ခိုင်သည် x x x စည်းကမ်းကျနစေမည် x xx နည်းလမ်းအစစ ဖွေသည် x x x စစ်မှုထမ်းအထောက်အပံ့ပြုနိုင်သည် x x x”

ဤသီချင်းကို အပျော်ဆိုခြင်းမျှမဟုတ်။ ခရီးကြမ်းလမ်းလျှောက်ရင်း ဆိုကြရာတွင် သံပြိုင်အားပေးပြီးသားဖြစ်သွား၏။ ဗဟုသုတနှင့်အလုပ်တစ်တွဲတည်းဖြစ်သွားသည့်လုပ်ငန်းကား ခြေလျင်တောင်တက်ခြင်းပင်ဖြစ်တော့၏။ “Know-Do-Gap”ခေါ် အသိနှင့်အလုပ် ကွာဟချက်မရှိတော့ချေ။ အပိုဆုအနေဖြင့် ကြံ့ခိုင်မှုသည် ကိုယ်ခန္ဓာသာမက စိတ်ဓာတ်ကြံ့ခိုင်မှု၊ စည်းကမ်းလိုက်နာမှုများ ရှိလာသဖြင့် စစ်သင်တန်းများတက်ရာတွင် သက်သောင့်သက်သာ ဖြတ်သန်းသွားနိုင်လေသည်။

**“ခွန်အားရှိသမျှ ကျုံး၍အလုပ်လုပ်နေကြသူများမှာကော အားကစားလိုက်စားသူများကဲ့သို့ ကျန်းမာမှုနှင့်လိုက်လျောညီထွေဖြစ်နေပါသလား” ဟူသောအမေးကို ဖြေရန်လိုလာ၏။ “ဆောင်သုံးဆောင်” ထဲတွင် နံပတ် (၁) ဖြစ်သော မျှတသောအာဟာရများကို သုံးဆောင်ရန်တော့လိုပါသည်။ အာဟာရပညာရှင်များက အလုပ်ကြမ်းလုပ်ရသူများအတွက် သတ်မှတ်ထားသော လိုအပ်ချက်များကို အသိပညာပေးရန် ပံ့ပိုးသောပတ်ဝန်းကျင်အခြေအနေဖန်တီးပေးရန်တော့လိုအပ်**

သို့သော် ကျွန်တော်တို့အဖွဲ့ကို သရော်သူများကလည်း စာချိုးနှင့်ပင်။ “မကြည်တောင်တက်၊ မတက်လေ့လော့”ဟူ၍ ဖြစ်ပါသည်။ အနားမှာမှီ၍ တူယှဉ်နေချင်သူမရှိ (မကြည်)သဖြင့် တောင်တက်သည့်အလုပ်ကို လုပ်သူ၊ လေ့လော့သည့်အလုပ်ကို လုပ်သူများဟု သရော်ကြလေသည်။

သရော်သည့်အလုပ်ကို လုပ်သူလုပ်ချိန်တွင် ကျွန်တော်တို့ကား နံနက်စောစောထ၍ လမ်းလျှောက်ထွက်သွားပေပြီ။ ရန်ကုန်တက္ကသိုလ်ခြေလျင်နှင့် တောင်တက်အသင်းနှင့်လည်း ချိတ်ဆက်လှုပ်ရှားမှုများ ရှိခဲ့ပါသည်။ အထူးသဖြင့် ခရီးဝေး ခြေလျင်တောင်တက်သွားရာတွင် တစ်ယောက်နှင့်တစ်ယောက် ဖေးမကူညီရင်း စောင့်ရှောက်ကြရသည့် ရဲဘော်ရဲဘက်စိတ်သည် မိတ်ဆွေစစ်များကို မွေးဖွားစေ၏။

ကျွန်တော်တို့ငယ်စဉ်က “ပြည်သူ့စစ် မဟာဗျူဟာ” တစ်ခုရှိထားပြီးသားဖြစ်၍ ပတ်ဝန်းကျင်က လူအားသန်းပေါင်း သုံးထောင်ကျော်ညှပ်ထားသည့် နိုင်ငံငယ်ကလေးဖြစ်သော မြန်မာပြည်ကို ကာကွယ်ဖို့ အရေးကြီးချိန်တွင် သွေးစည်းရုံမက လက်တွေ့ရင်ဆိုင်နိုင်စွမ်းများကို ဖြည့်ခဲ့ပြီးဖြစ်ပါ၏။

**နည်းပညာများကို သုံးစွဲစပြုလာ**

ခေတ်ပြိုင်လူငယ်များမှာမူ နည်းပညာများကို သုံးစွဲစပြုလာပြီ။ ရိုးရိုးကြံ့ခိုင်မှုနည်းဟန်များမှသည် စက်ပစ္စည်းနှင့် နည်းပညာအကူအညီဖြင့် “Gym”ခေါ် အားကစားရုံများပေါ်လာ၏။ ငွေပေးမှ အားကစားလေ့ကျင့်ခွင့်ရသောရုံများဖြစ်ပေါ်လာ၏။ ထို့အတူ လူ့အလှ္ခာတစ်ရပ်လည်း ပေါ်လာခဲ့လေသည်။

ထို့ပြင် စက်ပစ္စည်းကို အကူအညီမပါဘဲ လေ့ကျင့်နည်းပညာသက်သက်ဖြင့် ကိုယ်လက်လှုပ်ရှားကြ၏။ “အေရိုးဘစ်” (Aerobics) ကို မူလက “အေရိုးဘစ်အက” ဟု သတ်မှတ်ကြသော်လည်း နောင်တွင် လေ့ကျင့်ခန်းသက်သက်သာ အသုံးပြုကြ၏။ ခေတ်ဆန်သူတို့ ဖုဖုထစ်ထစ်အဝတ်အစားများဖြင့် လေ့ကျင့်နေသည်ကိုယှဉ်၍ “မြန်မာ့ရိုးရာကဗျာလွတ်အက” များကိုလည်း လူငယ်မိန်းကလေးများကြားတွင် လူထုလှုပ်ရှားမှုအသွင်ပြုလုပ်ခဲ့၏။ ငါးကြိမ်မြောက် အရှေ့တောင်အာရှကျွန်းဆွယ်ပွဲတွင် မြန်မာမိန်းကလေးများ၊ ကျောင်းသူများသည် အောင်ဆန်းကွင်းအပြည့် ကဗျာလွတ်အကဖြင့် ကပြဖျော်ဖြေခဲ့၏။ အကဟုခေါ်သော်လည်း “ခေါင်း၊ ခါး၊ ခြေ၊ လက် ဤလေးချက်မပျက်စေရ သုခုမ” ဆိုစကားအတိုင်း လှုပ်ရှားမှုနှင့် ရည်ရွယ်ချက်သည် “မြန်မာ” ဟူသော သရုပ်ကို ပေါ်လွင်စေခဲ့လေသည်။

**တေးသရုပ်ဖော်များ**

နောက်ပိုင်းတွင် အကဟု အမည်တပ်ထားသော ကချေသည်တစ်မျိုးပေါ်ပေါက်လာပြန်၏။ မိုက်ကယ်ဂျက်ဆင်နှင့် ပြိုင်နွှဲရင်း တေးသရုပ်ဖော်ကြသည်ကို ကြည့်ရသည်မှာ အမြင်တစ်မျိုးဆန်းနေ၏။ ဗိုလ်ကလေးတင့်အောင်တို့ခေတ်က “တေးသရုပ်ဖော်” များနှင့်မူ တစ်လမ်းစီဖြစ်ပါသည်။ အခုတော့ ဇွန်ဘား (Zumba) အကသည် ခေတ်စားလာ၏။ ခေတ်အမီလိုက်ချင်သော လူငယ်များအတွက် စိတ်ဝင်စားစရာ ကိုယ်လက်လှုပ်ရှားမှုလေ့ကျင့်ခန်းများကို ခေတ်ပေါ်တေးသံနှင့်ယှဉ်၍ လေ့ကျင့်ပြီး ကြံ့ခိုင်မှုကို တည်ဆောက်နိုင်ကြ၏။

ထိုအရာအားလုံးသည် မြို့ကြီးပြကြီးများ၏ အားကစားယဉ်ကျေးမှုဖြစ်လာ၏။ ထိုသူတို့၏ အားကစားဆိုသော အလုပ်များကိုကြည့်၍ ကျေးလက်က စိတ်ဝင်စားမည်မဟုတ်ပေ။ “ကျောပူမှ ဝမ်းအေး” ရသည့်ဘဝထဲတွင် နဖူးကချွေး ခြေမကျအောင် လုပ်နေကြရသည်ဖြစ်၍ Gym ကို သွား၍ ချွေးထုတ်စရာမလိုဟုထင်၏။

မြို့ပြနှင့် ကျေးလက်တို့၏ ကွာဟမှု (Gap)၊ တတ်နိုင်သူနှင့် မတတ်နိုင်သူတို့၏ကွာဟချက် (Gap) များသည် အားကစားနယ်ပယ်တွင် အကြီးအကျယ် စိန်ခေါ်၍နေလေသည်။

“နေ့စဉ် ကိုယ်လက်လှုပ်ရှား အားကစားလုပ်ဆောင်ပါ” ဟု “ဆောင်သုံးဆောင်” ဖြင့် ကျန်းမာအောင်လုပ်ရန် တိုက်တွန်းရသောအခါတွင် အတော်ပင်သတိထားရလေသည်။ မလုပ်နိုင်သူ၊ မတတ်နိုင်သူများကို သရော်ရာမကျအောင် လမ်းပြဆောင်ဖို့ လိုလာတော့၏။

မြန်မာနိုင်ငံတွင် လူများစုကြီးမှာ ကျေးလက်ဒေသအောက်ခြေတွင် နဖူးကချွေး ခြေမကျအောင် လုပ်နေကြရသူများဖြစ်ပါ၏။

“ခါးပုံကို မောင်ဖြုတ်လို့၊ သုတ်တော့မည်ပေး၊ စီးပါလေစေ မောင်မသုတ်နဲ့ တုတ်တုတ်ကျချွေး” ဟူသော ဒွေးချိုးကဗျာဖြင့် ချွေးသုတ်ဖို့မအားအောင်ပင် အလုပ်လုပ်ရသော ကျေးရွာသူတို့၏ဘဝကို ရေးခဲ့ပြန်၏။ မြို့ပြတွင်မူ နဖူးကချွေး မျက်နှာပေါ်ပင် အကျမခံဘဲ နဖူးစည်းလေးများဖြင့် စတိုင်မပျက် အလှတက်အောင် လုပ်နိုင်ကြ၏။

“ခွန်အားရှိသမျှ ကျုံး၍အလုပ်လုပ်နေကြသူများမှာကော အားကစားလိုက်စားသူများကဲ့သို့ ကျန်းမာမှုနှင့် လိုက်လျောညီထွေဖြစ်နေပါသလား” ဟူသောအမေးကို ဖြေရန်လိုလာ၏။ “ဆောင်သုံးဆောင်” ထဲတွင် နံပတ် (၁) ဖြစ်သော မျှတသောအာဟာရများကို သုံးဆောင်ရန်တော့ လိုပါသည်။ အာဟာရပညာရှင်များက အလုပ်ကြမ်းလုပ်ရသူများအတွက် သတ်မှတ်ထားသော လိုအပ်ချက်များကို အသိပညာပေးရန် ပံ့ပိုးသောပတ်ဝန်းကျင်အခြေအနေဖန်တီးပေးရန်တော့ လိုအပ်ပါသည်။

ထို့ပြင် “ကောင်းမှုဆောင်” လိုစိတ်များ၏ အခြေခံဖြင့် လုပ်ဆောင်ရင်း ကျွမ်းကျင်ကျန်းမာလာသောသူများအတွက် အလုပ်သည် ပင်ပန်းစရာမဟုတ်တော့ဘဲ ပီတိဖြစ်စရာရလဒ်များကို မျှော်မှန်းနိုင်လာမည်မှာ သေချာ၏။

**ပင်ပန်းကြီးစွာအလုပ်လုပ်နေကြရသူများ**

သို့ဖြစ်၍ ကျေးလက်ဒေသအောက်ခြေတွင် ပင်ပန်းကြီးစွာ အလုပ်လုပ်နေကြရသူများအတွက် အမျိုးမျိုးသောကကွက်ကို ကကြရာတွင် အလုပ်လုပ်ချင်သောဆန္ဒနှင့်အတူ မေတ္တာစိတ်ဖြင့် လုပ်သမျှအကျိုးရှိသည်ဖြစ်ကြောင်း တွေ့လာကြ၏။

စာရေးဆရာ ဂျော့ရှုဝါမက်ကာ့ဖ် (Joshua Medcalf) ၏ “ထင်းခွေရေခပ်” (Chop Wood Carry Water) ဟူသော စာအုပ်သည် ကမ္ဘာတွင် ထင်ရှားခဲ့သည်။ လွန်ခဲ့သောနှစ်ပေါင်းသုံးဆယ်က ဖတ်ခွင့်ကြုံရသဖြင့် အလုပ်လုပ်ရာတွင် အားရှိစေသော တောသူတောင်သားများမှာ ကိုယ့်ထင်းကိုယ်ခွေ၊ ကိုယ့်ရေကိုယ်ခပ်ဟူသည်မှာ သဘာဝဖြစ်၏။ ဤသဘာဝကိုပင် ရှုမှတ်သုံးသပ်ခြင်းဖြင့် မမောမပန်း အလုပ်တွေလုပ်နိုင်၏။ ကိုယ်လက်လှုပ်ရှားမှု ပုံမှန်ပြုရသဖြင့် ကျန်းမာခြင်းကိုရရှိကာ လုပ်ငန်းဆောင်တာများပြီးမြောက်သဖြင့် ပီတိဖြစ်ခြင်း၊ ကိုယ်လက်လှုပ်ရှားမှုအတွက် ကာယဒါနပြုနိုင်ခြင်းကြောင့် ကုသိုလ်များလည်း ရစေနိုင်ပါသည်။ ကာယကံမေတ္တာလည်းမြောက်ပါ၏။

“နေတတ်လျှင် ကျေနပ်စရာပါ” ဟူသော စကားထဲတွင် ကျေနပ်အောင် ဘယ်လိုနေမလဲ ဆိုသောဆောင်ပုဒ်ကို လက်တွေ့ကျကျစဉ်းစားလုပ်ဆောင်ရန်လို၏။ ကုသိုလ်စိတ်ဖြစ်ပါ၏။ အများအတွက် အလုပ်လုပ်နေခြင်းဖြင့်လည်း ကိုယ်လက်လှုပ်ရှား ဆေးတစ်ပါးကို ရယူနိုင်ပါ၏။

ဆရာတော် သမားတော်ကြီးများပင်လျှင် အမှိုက်ရှင်း၊ တံမြက်စည်းလှည်းသည့် နေ့စဉ်အလုပ်ကို အသက်ရှည်သမျှ လုပ်ဆောင်ကြလေ့ရှိ၏။ မိမိ၏ခန္ဓာကိုယ်အင်အားကို အသုံးချ၍ ပတ်ဝန်းကျင် သန့်ရှင်းသပ်ရပ်အောင် လုပ်ဆောင်ခြင်းဖြစ်ရုံသာမက မေတ္တာဘာဝနာပါပွား၍ နေနိုင်လေသည်။

ကျွန်တော်တို့သည် အားကစားလုပ်သည် မည်ကာမျှနှင့် ရမည့်အကျိုး…ပေးဆပ်မှုမျိုးဖြင့် လောကတ္ထစရိယကျင့်စဉ်ကို ကျင့်ခွင့်ရှိပါ၏။ စုပေါင်းအားကစားလှုပ်ရှားမှုများဖြင့် ပို၍အင်အားကြီးသော ကောင်းကျိုးဆောင်မှုများကို ဖော်ထုတ်နိုင်ပါ၏။

ထင်းခွေရေခပ်ရင်းနှင့်လည်း သံသရာနစ်ဖြာ အကျိုးရနိုင်ပါ၏။ ။

ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ မောင်သိန်းဆိုင်၏ ရေနံ့သာခင်ခင်ကြီး အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနင်္လာနေ့မှ သောကြာနေ့အထိ ဖော်ပြပေးသွားမည် ဖြစ်ပါသည်။

**ယမန်နေ့မှအဆက်**

သည်အချိန်တွင် အိမ်၌ ခင်ခင်ကြီးတို့သားအမိမရှိကြ။

ဦးအောင်ခန့်သည် စစ်သတင်းကို အဆက်မပြတ် လေ့လာနေသူပီပီ စစ်အခြေအနေကို နားလည်သည်။ စစ်ရိပ်စစ်ကဲကို သိသည်။ သို့ဖြင့် ခင်ခင်ကြီးတို့သားအမိနှင့်အတူ အစေခံမိန်းကလေးနှစ်ယောက်ကိုပါ ညောင်ဦးသို့ ပို့ထားလိုက်သည်။ အိမ်မှာ သူနှင့် ကိုထွန်းခင်သာ ကျန်ခဲ့သည်။

သူသည် ရေနံချောင်းမှခွာရန် စိတ်မကူးသေး။ မည်သည့်အခြေအနေနှင့်ပင် ဖြစ်စေ၊ သည်မြေမှာ ဆက်လက်နေထိုင်ရန် စိတ်ဆုံးဖြတ်ချင်သည်။ သည်မြေမှ ခွာဖို့ဆိုသည်မှာလည်း သူ့အတွက် ဝန်လေးဖွယ်ကောင်းလှပါဘိသည်။

ရေနံ့သာကိုလည်း သည်အတိုင်း မထားခဲ့ချင်။ ရေနံတွင်းများ၏ အခြေအနေ မည်သို့ရှိလေမည် မတွေးတတ်သေး။

ဆရာတပည့်နှစ်ယောက် ဖြစ်သလိုစား၊ ဖြစ်သလိုအိပ်ကြသည်။ အခြေအနေသည် တစ်မျိုးတစ်ဖုံ ပြောင်းလဲလာတော့မည်ကို သိသည်။ အခြေအနေမှာ ကောင်းလာမည်ဟူ၍တော့ မထင်။ ပိုမိုဆိုးရွားလာမည်ကို သိလာသည်။

သို့ဖြင့် ယခုမူ သတင်းစကားကို ကြားရလေပြီ။

**“ဂျပန်တပ်တွေ မကွေးကို ရောက်နေကြပြီတဲ့”**

အောက်ဘက်အောက်ရပ်မှ ပြေးလာကြသော စစ်ပြေးဒုက္ခသည်များကို မြင်ရသည်။ လူအားလုံး နွမ်းနယ်ညှိုးခြောက်ခြင်း၊ ပင်ပန်းခြင်းအရိပ်အသွင်ကို တစ်ပါတည်း သယ်ဆောင်လာကြသည်။

ဦးအောင်ခန့်သည် တစ်စုံတစ်ခုလုပ်ကြမှ သင့်တော်တော့မည်ဟု သိသည်။ ဘာလုပ်ရမည်ကိုမူ မတွေးတတ်သေး။

ကိုထွန်းခင်အား အိမ်တံခါးများ အနက် ပင်မထွက်ပေါက်တံခါးတစ်ခုမှ တစ်ပါး အခြားတံခါးများကို ပိတ်ထားလိုက်ရန်ပြောသည်။ သူသည် ဧည့်ခန်းမှ ထိုင်နေသည်။ အိမ်ရှိ ပစ္စည်းပစ္စယများကို ထုပ်ပိုးပြင်ဆင်ထားသည်။ နေရာတကျ သိမ်းဆည်းထားသည်။ အိမ်တံခါးကို သော့ခတ်ပြီး ထွက်ဖို့သာ လိုတော့သည်။ အကယ်၍ ရေနံချောင်းတွင် တိုက်ပွဲများဖြစ်ပွားပါက ထွက်ခွာရန် ပင်ဖြစ်သည်။




ရေနံချောင်း တစ်မြို့လုံးလိုလိုပင် ဗရုတ်သုတ်ခဖြစ်လျက်ရှိသည်။ မကွေးဆီမှ ပြေးလာသော စစ်ဘေးဒုက္ခသည်များ၊ စစ်ကိုရှောင်ရန်အတွက် ထွက်ပြေးနေကြသူများ စသည်ဖြင့် ရုတ်ရုတ်သဲသဲရှိနေသည်။ စီစီညံညံအသံများကို ကြားနေရသည်။

ရှေ့တန်းစစ်မြေပြင်မှ သယ်ဆောင်လာသော လူနာများသည်လည်း မြို့အနှံ့၊ နေရာအနှံ့ ပြန့်နေသည်။

ခြေပြတ်လက်ပြတ် ဖြစ်နေသူများ၊ သေလုမြောပါးဖြစ်နေသူများကို မြင်နေရသည်။ သွေးသံရဲရဲ ရှုခင်းကို နှလုံးသွေးပျက်မတတ် မြင်တွေ့နေရသည်။

အစသော် ဦးအောင်ခန့်သည် စာကြည့်ခန်းထဲမှထိုင်ကာ စာအုပ်ဖတ်နေခဲ့သေးသည်။ ထိုအထိ သူ၏စိတ်မှာ ကြည်လင်အေးချမ်းနေသည်။ သို့ရာတွင် စီစီညံညံ ရုတ်ရုတ်သဲသဲအသံများကြောင့် စိတ်သန္တာန်မှာ ကြာရှည်ငြိမ်သက်မနေနိုင်။ လှုပ်လှုပ်ရှားရှားဖြစ်လာရသည်။ စာကြည့်ခန်းမှ ထွက်လာခဲ့သည်။ အပြင်သို့ထွက်ကာ အခြေအနေကို အကဲခတ်သည်။ ထိုနောက် ဧည့်ခန်းသို့ ပြန်ဝင်လာကာ ထိုင်နေသည်။ သို့တိုင်အောင် စိတ်မှာ မငြိမ်နိုင်သေး။ မကြာမီ အခြေအနေဆိုးရောက်လာတော့မှာပါကလားဟု တွေးတောရင်ခုန်နေသည်။

မတ်လ၏ နေရောင်ခြည်သည် ပူပြင်းလှသည်။ တောက်ပလှသည်။ လူတို့၏ အသားအရေကိုသာမက အရာရာကို လောင်ကျွမ်းပစ်လေတော့မလား ထင်ရသည်။ ဆောင်းကာလတွင် စခဲ့သော စစ်သတင်းသည် ယခု နွေကာလသို့ ရောက်သည်အထိ အလျော့အပါးမရှိ။ တိုးသည်ထက်တိုးကာ ပြင်းထန်သည်ထက် ပြင်းထန်လာသည်။ တစ်စထက် တစ်စ ပူလောင်လာသော နွေအပူရှိန်နှယ်ပင် တရိပ်ရိပ် မြင့်တက်လာသည်။

“ထွန်းခင်ရေ”

ဦးအောင်ခန့် လှမ်းခေါ်သည်။ ကိုထွန်းခင် ရောက်လာသည်။

“အခြေအနေက မဟန်တော့ဘူး ထင်တယ်ကွ”

စိုးရိမ်ပူပန်ခြင်း ပြင်းပြနေသော မျက်နှာအနေအထားရှိသည့် ကိုထွန်းခင်သည် အဖြေမပေးမီ ခေါင်းကို အလျင်ညိတ်ပြလိုက်သည်။ ပြီးမှ အဖြေပေးသည်။

“ဟုတ်တယ် ဆရာ”

သူ၏အသံမှာ တုန်လှုပ်ချောက်ချားနေသည်။ စင်စစ် ကိုထွန်းခင်အနေနှင့် ဦးအောင်ခန့်၏အပြုအမူကို ကျေနပ်လှသည်မဟုတ်။ သူသည် မြို့မှခွာချင်နေသည်မှာ ကြာပြီ။ အမှန်ပြောရလျှင်တော့ ခင်ခင်ကြီးတို့သားအမိများကို ညောင်ဦးသို့ ပို့လိုက်ကတည်းက တစ်ပါတည်း လိုက်ပါချင်သည်။ ဦးအောင်ခန့်သည် ပစ္စည်းဥစ္စာကို ခင်မင်လွန်းလှသည်ဟု ထင်သည်။ အသက်ထက် ဥစ္စာပစ္စည်းကို မက်မောလွန်းလှသည်ဟု သူ့စိတ်မှာ တွေးနေသည်။

“တို့ရဲ့ကား အခြေအနေကောင်းတယ် နော်”

ဦးအောင်ခန့်၏အမေးကို ကိုထွန်းခင် ခေါင်းညိတ် အဖြေပေးသည်။

“မြို့ထဲကို တစ်ပတ်လောက် စနည်းနာထွက်ရင် ကောင်းမယ်ထင်တယ်”

သည်စကားကိုမူ ကိုထွန်းခင် သဘောမကျလှ။ သို့ရာတွင် သူသည် မကန့်ကွက်ခဲ့။ ကန့်ကွက်ရဲခြင်းလည်း မရှိ။ သူ့အခြေအနေနှင့် သူ့ကိုယ်ပိုင်ဆုံးဖြတ်ပိုင်ခွင့် မရှိ။ ပြဋ္ဌာန်းနိုင်ခွင့်မရှိ။ သူ့ဆန်စားနေရလေတော့လည်း သူ့စကားကိုပင် နားထောင်ရချေတော့မည်။

သူတို့သည် အိမ်တံခါးမကို သော့ခတ်ပိတ်သည်။ အိမ်ထဲမှ ထွက်ခဲ့ကြသည်။

မကွေးကားလမ်းအတိုင်း ကားကို မောင်းခဲ့သည်။

သည်တွင် မကွေးဆီမှ လာသောကားများ၊ လူသူများဖြင့် လမ်းမှာပြည့်ကျပ်နေကြောင်း တွေ့မြင်ကြရသည်။

ရေနံချောင်းတစ်မြို့လုံးမြို့ကို ပစ်ပြေးနေကြလေသလား အောက်မေ့ရသည်။

ယခုတွေ့နေရသူများမှာ အများအားဖြင့် ဆင်းရဲနွမ်းပါးသော မိလက္ခူ လူတန်းစားများသာဖြစ်သည်။ ကြွယ်ဝသူများကား မြို့ကို စောစောကပင် စွန့်ခွာသွားခဲ့ကြပြီ ဖြစ်သည်။ မြို့နှင့် မနီးမဝေးဖြစ်သော ပင်း၀၊ သက္ကယ်တန်း စသော အနောက်ဘက်မှရွာများ နတ်ကန်ဦး၊ အုတ်ရှစ်ကုန်း၊ ကမ္ဘာဖြူ စသော အရှေ့ဘက်မှရွာများသို့ ခိုလှုံကြသည်။

သည်နေရာတွင် ဦးအောင်ခန့်သည် ဘီအိုစီကုမ္ပဏီမှ မျက်နှာဖြူ အရှင်သခင်ဆိုသူများနှင့်ပတ်သက်၍ စိတ်ထဲတွင် မကျေနပ်ခြင်းများ ပေါ်ပေါက်လာသည်။ အစသော် ဂျပန်တပ်များသည် မည်သည့်နည်းနှင့်မျှ ရေနံမြေသို့ ရောက်မလာနိုင်ဟု ဆိုကြသည်။ ရန်ကုန်ကို ဗုံးကြဲလေသော နာတာလူး ပွဲတော်ရက်များတွင် ယိုးဒယား ဟန်မပျက် နေထိုင်လျက်ရှိကြသည်။ ရန်ကုန်ကို ဂျပန်သိမ်းခဲ့သည်၏ နောက်ပိုင်းအထိ စွန့်ခွာခြင်းမပြုကြသေး။ ရေနံမြေ အလုပ်သမားများအား အလုပ်မပျက်ရန်၊ အားမလျော့ရန် တိုက်တွန်းခဲ့သည်။ ဂျပန်တို့ ရေနံမြေသို့ ရောက်မလာမီ နောက်လန်အောင် တိုက်ခိုက်နိုင်လိမ့်မည်ဟု ကြုံးဝါးခဲ့သည်။ သို့ရာတွင် ပါးစပ်ကသာ ယင်းသို့ ကြုံးဝါးနေသည်။ လက်ကမူ အထုပ်အပိုး ပြင်ဆင်နေကြလေပြီ။ ဣန္ဒြေမရလောက်အောင် ဖြစ်နေကြပေပြီ။ ဂျပန်က ရေနံချောင်းကို ဗုံးကြဲသည်နှင့် တစ်ပြိုင်နက် အလုပ်သမားများ အလုပ်မဆင်းကြလေတော့။ မျက်နှာဖြူတို့၏ ဇနီး သားမယားတို့သည်လည်း ကားကြီးကားငယ် အသွယ်သွယ်ဖြင့် ရေနံမြေကို စွန့်ခွာထွက်ပြေးကြလေတော့သည်။ သူတို့ကား အကြွားသန်သလို အပြေးမြန်ကြ သူများပေတကား။

ဦးအောင်ခန့်၏စိတ်ထားမှာ မျက်နှာဖြူများအပေါ်တွင် ပြောင်းလဲစပြုသည်။ အထင်အမြင်သေးချင်လာသည်။ ပထမ ဥရောပစစ်မြေပြင်တွင် အဆုံးအရှုံးများပြားနေခြင်း၊ ဒုတိယ ဂျပန်ကို ဟန့်တားနိုင်မှုမရှိခြင်း စသည်များကို ကြည့်ကာ သဘောထားပြောင်းလဲလာခြင်းဖြစ်သည်။

ဂျပန်ကို ဟန့်တားနိုင်မှုမရှိ။ ဂျပန်သည် တစ်မြို့ပြီး တစ်မြို့၊ တစ်နယ်ပြီး တစ်နယ် တစိမ့်စိမ့် ထိုးဖောက်ဝင်ရောက်လာသည်။ ရေနံချောင်းကျောနားသို့ ကပ်လာပြီဆိုသောအခါ ရေနံကန်းသွားစေရန် ရေနံတွင်းထဲသို့ အင်္ဂတေများ လောင်းထည့်သည် ဆိုသော သတင်း၊ ပိုက်လိုင်းတွေ ဖြတ်တောက်ပစ်သည့်သတင်း၊ စက်ရုံများကို ဖျက်ဆီးသည့်သတင်းများ ထွက်ပေါ်လာသည်။ မျက်နှာဖြူများသည် နှစ်ပေါင်းမြောက်မြားစွာ အဆီစား၍ အသားမျိုခဲ့သည့် အမဲကို သဲနှင့်ပက်ပြန်လေပြီတည်း။ ရေနံမြေတွင် ဂျပန်တို့ ဗုံးကြဲချသည့် ဗုံးသံနှင့် ဘီအိုစီကုမ္ပဏီ၏ ဖောက်ခွဲသံတို့မှာ ခြိမ့်ခြိမ့်သဲသဲညံနေသည်။

ယခုမှပင် ဦးအောင်ခန့်သည် နယ်ချဲ့စနစ်၏ ညစ်ပတ်ယုတ်မာမှုကို တွေ့ရမြင်ရ ကြုံကြိုက်ရကာ နယ်ချဲ့အရင်းရှင်များ၏ ပရိယာယ်ကို သဘောပေါက်နားလည်လာရခြင်းဖြစ်သည်။ သူတို့ကား သည်မြေသို့လာ၊ သည်မြေမှရသမျှယူ၊ သည်မြေသူမြေသားများကို ကျွန်သပေါက်သဖွယ် ဆက်ဆံဖို့သာ စိတ်ကူးကြောင်း သိမြင်လာသည်။ မြန်မာပြည်အား ဖက်ဆစ်ဂျပန်လက်မှ ကာကွယ်ရန် တာဝန်သည် အင်္ဂလိပ်တွင်ရှိ၏။ သို့ရာတွင် အင်္ဂလိပ်တို့ကား ကာကွယ်ရန်ထက် မြေလှန်ဖျက်ဆီးပစ်ခဲ့ရန်ကိုသာ စိတ်စောလျက်ရှိကြောင်း တွေ့ရသည်။ စင်စစ် နယ်ချဲ့အရင်းရှင်စနစ်ဆိုသည်မှာ သူတို့ဖို့ သက်သက်သာပါကလားဟု နားလည်ရသည်။

**ဆက်လက်ဖော်ပြပါမည်။**

**“ယခုမှပင် ဦးအောင်ခန့်သည် နယ်ချဲ့စနစ်၏ ညစ်ပတ်ယုတ်မာမှုကို တွေ့ရမြင်ရ ကြုံကြိုက်ရကာ နယ်ချဲ့အရင်းရှင်များ၏ ပရိယာယ်ကို သဘောပေါက်နားလည်လာရခြင်းဖြစ်သည်။ သူတို့ကား သည်မြေသို့လာ၊ သည်မြေမှရသမျှယူ၊ သည်မြေသူမြေသားများကို ကျွန်သပေါက်သဖွယ် ဆက်ဆံဖို့သာ စိတ်ကူးကြောင်း သိမြင်လာသည်။ မြန်မာပြည်အား ဖက်ဆစ်ဂျပန်လက်မှ ကာကွယ်ရန် တာဝန်သည် အင်္ဂလိပ်တွင်ရှိ၏။ သို့ရာတွင် အင်္ဂလိပ်တို့ကား ကာကွယ်ရန်ထက် မြေလှန်ဖျက်ဆီးပစ်ခဲ့ရန်ကိုသာ စိတ်စောလျက်ရှိကြောင်း တွေ့ရသည်။ စင်စစ် နယ်ချဲ့အရင်းရှင်စနစ်ဆိုသည်မှာ သူတို့ဖို့ သက်သက်သာပါကလားဟု နားလည်”**

ဆရာမောင်သိန်းဆိုင်၏ “ရေနံ့သာခင်ခင်ကြီး” စာအုပ်အား စာရေးသူ၏ မိသားစု ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်းဖြစ်ပါသည်။

**စာတည်း**

# ခရောင်းလမ်းကို ဖြတ်ကျော်ခြင်း

နန္ဒာသိန်းဇံ

**အခန်း[၅]**

**ကိုယ့်ဝန်းကျင်ကိုပါ စင်ကြယ်စေနိုင်သူ**

မြင့်မြတ်တဲ့ရည်မှန်းချက်၊ ပြင်းထန်တဲ့ဆန္ဒရှိမယ်ဆိုရင် မကောင်းတာကိုပြုခြင်းမှ ရှောင်ကြဉ်ရတဲ့ စာရိတ္တသီလတွေမှာလည်း ခိုင်သည်ထက်ခိုင် စင်ကြယ်သည်ထက် စင်ကြယ်လာနိုင်တယ်။ ဘဝမှာနေရခိုက် ငါ့စိတ်၊ ငါ့ခန္ဓာမှာ အညစ်အကြေးတွေမတင်အောင် သန့်စင်အောင်ထားမယ်၊ မြင့်မြတ်တဲ့စိတ်ထားရှိသူ ဖြစ်ရမယ်ဆိုတဲ့ ရည်မှန်းချက်ရှိရင် သူတစ်ပါးအသက်ကို မတော်မတရား မသတ်ဖြတ်အောင်၊ သူတစ်ပါးပစ္စည်းကို မတရားအချောင်မခိုးယူမိအောင်၊ ကာမဂုဏ်ဖောက်ပြန်မှုတွေမဖြစ်အောင်၊ မဟုတ်မမှန်စကားတွေကို မပြောမိအောင်၊ အရက်... အစရှိတဲ့ ယစ်မူးစေတတ်တာတွေကို မသုံးဆောင်မိအောင် ရှောင်ကြဉ်ရတဲ့ သီလဟာလည်း သာမန်လူထက်တော့ ပိုပြီးခိုင်ခံ့လာနိုင်တာပဲ။ သီလရှိခြင်းဟာ မှုမှန်တဲ့လောကတိုးတက်ရေးမှာ အထောက်အကူ အများကြီးပေးမှာပဲ။ ဗုဒ္ဓစာပေတွေမှာ သီလရှိသူရနိုင်တဲ့အကျိုးငါးမျိုးကို ပြထားတာရှိတယ်။ ဘာတွေလဲဆိုတော့.... သီလရှိတဲ့သူဟာ–

(၁) မမေ့မလျော့တဲ့ အသိသတိရှိတဲ့အတွက် စည်းစိမ်ဥစ္စာကို ရတယ်။

(၂) ကောင်းတဲ့ကျော်စောခြင်းဂုဏ်ကို ရတယ်။

(၃) ဘယ်ပရိသတ်မျိုးထဲကိုမဆို ရဲရဲဝံ့ဝံ့ဝင်နိုင်တယ်၊ ဘယ်ပရိသတ်မျိုးထဲမှာမဆို ရဲရဲရင့်ရင့် တင့်တင့်တယ်တယ်နေနိုင်တယ်။

(၄) မတွေမဝေဘဲလည်း သေရတယ်။

(၅) သေပြီးနောက်မှာလည်းကောင်းရာဘဝမျိုးကိုရောက်နိုင်တယ်တဲ့။

သီလမရှိသူ၊ သီလပျက်စီးသူကတော့ အသိသတိတွေ လစ်ဟင်းတဲ့အတွက် တိုးတက်အောင်မြင်မှု၊ ပစ္စည်းဥစ္စာပြည့်စုံမှုကို မရနိုင်ဘူးတဲ့။ သူတစ်ပါးအသက်ကို မတော်မတရားသတ်ဖြတ်နိုင်လောက်တဲ့ ဒေါသတွေ၊ မိုက်မဲတွေဝေခြင်းတွေရှိနေတဲ့လူဟာ ပြဿနာတွေကို ကမူးရှူးထိုးနဲ့ မဆင်မခြင် အသိသတိကင်းမဲ့စွာနဲ့ ဖြေရှင်းတတ်တာပဲ၊ ရင်ဆိုင်တတ်တာပဲ။ ဒီအခါမဖြစ်သင့်တာတွေဖြစ်ပြီး ဆုံးရှုံးမှုတွေနဲ့ ကြုံရတတ်တာပဲ။ မိုက်မဲမှုတွေနဲ့ အသက်မွေးမှုပြုခြင်းအားဖြင့်လည်း အဆုံးမှာပျက်စီးခြင်းနဲ့ နိဂုံးချုပ်တတ်တာများတာပဲ။ ဒီလိုပုဂ္ဂိုလ်မျိုးအဖို့ ကောင်းတဲ့ကျော်စောသတင်းလည်း မရှိနိုင်ပါဘူး။ ပြီးတော့အများက သူ့ကို "လူယုတ်မာကြီး၊ ရက်စက်တတ်သူကြီး"လို့သာ ပြောကြမှာပဲ။ သူ့ကိုအများက ရှောင်ရှားကြမှာပဲ။ ဒီလိုရက်စက်ယုတ်မာသူဟာ အကျင့်သီလရှိသူတွေ နူးညံ့သိမ်မွေ့ကြသူတွေကြားမှာ တင့်တင့်တယ်တယ်မရှိနိုင်ပါဘူး။ ဒီလိုပရိသတ်မျိုးထဲဝင်ဖို့လည်း သူ့မှာမဝံ့မရဲဖြစ်နေတတ်ပါတယ်။

သူတစ်ပါးရဲ့ပစ္စည်းဥစ္စာကို မတော်မတရားခိုးယူသူ၊ ကာမဂုဏ်အရာမှာ ဖောက်ပြန်လိုက်စားသူဟာလည်း အဆုံးမှာပြဿနာအမျိုးမျိုး၊ ဘေးဒုက္ခအမျိုးမျိုးနဲ့ စီးပွားဥစ္စာပျက်စီးခြင်းတွေ၊ ဆုံးရှုံးမှုတွေနဲ့ ကြုံတတ်တာပဲ။ အကျင့်မကောင်းသူအဖြစ်မကောင်းတဲ့ကျော်စောသတင်းလည်း ထွက်မှာပဲ။ ပညာရှိတဲ့၊ မြင့်မြတ်ကြတဲ့ ပရိသတ်အတွင်းမှာလည်း ဒီလိုပုဂ္ဂိုလ်မျိုးဟာ တင့်တင့်တယ်တယ်နေဝံ့ဖို့ မလွယ်ပါဘူး။ မဝံ့မရဲမလုံမလဲဖြစ်နေမှာပဲ။ မကောင်းကျင့်တွေ ပြုခဲ့မိတော့ တစ်ချိန်မှာ နောင်တတွေ၊ သောကတွေနဲ့ အကြည်တသာသေလွန်ခြင်း လည်းမဖြစ်နိုင်ဘူး။ ကောင်းတဲ့ဘဝကိုရဖို့လည်း မလွယ်ဘူး။

မုသာဝါဒ အစရှိတဲ့ မဟုတ်မမှန်စကားတွေ၊ အလိမ်အညာစကားတွေကို ပြောတတ်သူဟာလည်း စီးပွားဥစ္စာကအစ တိုးတက်ဖို့မလွယ်လှဘူး။ ခေတ္တခဏအားဖြင့် လိမ်ညာလှည့်ပတ်ပြောလို့ ပစ္စည်းဥစ္စာရကောင်းရမယ်၊ ဒါပေမဲ့ ရေရှည်မှာတော့ မှုမမှန်တဲ့ သူ့အကျင့်တွေကြောင့် သူ့ကိုအကျိုးပြုတဲ့ တစ်ပါးသူတွေဟာ သူ့ကိုစွန့်ခွာသွားကြမှာပဲ။ သူ့ပစ္စည်းဥစ္စာဆုတ်ယုတ်အောင် သူ့ကိုတစ်ဖန် လိမ်ညာသူလည်း ပေါ်ချင်ပေါ်လာနိုင်တာပဲ။ မဟုတ်မမှန်တဲ့စကားတွေကို ပြောတဲ့အတွက် "လူလိမ်လူညာ" အဖြစ် မကောင်းတဲ့ကျော်စောသတင်း ထွက်မှာပဲ။

"ဒီလူဟာဖြင့် သိပ်ပါးတဲ့လူ၊ သိပ်လျင်တဲ့လူ၊ သိပ်လည်တဲ့လူ၊ ဂျင်ကလေးကျနေတာပဲ" လို့ ပြောတတ်ကြပါတယ်။ ဒါပေမဲ့ ဘယ်လောက်လည်တဲ့ဂျင်ပဲဖြစ်ဖြစ် အရှိန်သေချိန်၊ ရပ်ချိန်ဆိုတာ ရှိတာပါပဲ၊ တခြားပိုလည်တဲ့ဂျင်နဲ့ တိုက်မိတဲ့အခါလည်း ရှိနိုင်တာပါပဲ၊ ဒီအခါမှာ လည်ပေ့ဆိုတဲ့ဂျင်လည်း ယိုင်လဲသွားတတ်တာပဲ။ လောကမှာ လိမ်ညာပြောဆိုပြီး လှည့်ပတ်စားသောက်သူဟာ အချိန်မရွေးပျက်စီးဆုံးရှုံးမှုတွေနဲ့ကြုံနိုင်တာပဲ၊ ပုံမှန်တိုးတက်ပြည့်စုံမှုကို ရနိုင်မှာမဟုတ်ပါဘူး။

အရက်သေစာ အစရှိတဲ့ ယစ်မူးစေတတ်တာတွေကို အလွန်အကျွံ သုံးဆောင်ခံစားခြင်းတွေဟာလည်း လူကိုအသိသတိတွေ ထုံထိုင်းမေ့လျော့စေတတ်တာပဲ၊ ဒီလိုထုံထိုင်းမေ့လျော့နေသူဟာ အကြံကောင်းဉာဏ်ကောင်းတွေ ထုတ်နိုင်မှာလည်းမဟုတ်ဘူး။ အကြံကောင်းဉာဏ်ကောင်းမရှိရင် တိုးတက်အောင်မြင်မှုကို ရဖို့မလွယ်ပါဘူး၊ ပစ္စည်းဥစ္စာပြည့်စုံဖို့ မလွယ်ပါဘူး။ ဇာတကစာပေတစ်နေရာမှာ အရက်ကြောင့် လူဟာ ဘယ်လိုမဖွယ်မရာတွေ၊ အမှားမှားအယွင်းယွင်းတွေ ဖြစ်တတ်ပုံကို ဖော်ပြထားတာရှိတယ်။

သေရည် သေရက်ကို သောက်စားပြီး ယစ်မူးနေသူဟာ ခြေလှမ်းတိုင်း၊ ခြေလှမ်းတိုင်း လဲပြိုကျတတ်တယ်၊ ကမ်းပါးပြတ်၊ တွင်း၊ လိုဏ်တွေထဲကိုလည်း လိမ့်ကျသွားနိုင်တယ်၊ ရွှံ့နွံတွေ၊ မစင်အညစ်အကြေးတွေပေါ်ကိုလည်း လဲကျပြီး ပေရေကုန်နိုင်တယ်၊ မစားသင့်တဲ့အစာတွေကိုလည်း မူးတူးမင်တင်နဲ့ အတိုင်းအဆမရှိ စားမိတတ်တယ်။

အရက်ယစ်မူးနေသူဟာ စိတ်ကို အစိုးမရတဲ့အဖြစ်ကိုရောက်သွားတယ်၊ ဒီအခါမှာ သွားချင်ရာရာ လျှောက်သွားတယ်၊ ကိုယ်မှာအဝတ်မရှိဖြစ်ပြီး မြို့ထဲရွာထဲ ဒယိမ်းဒယိုင်နဲ့ လျှောက်သွားတယ်၊ ရှက်ရမှန်းလည်းမသိတော့ဘူး၊ သီချင်းတွေလည်း အော်ဟစ်ဆိုတယ်။ ကချင်ခုန်ချင်စိတ်တွေပေါက်ပြီး ကလား ခုန်လား လုပ်တယ်၊ ကပြန်တော့လည်း ယစ်ယစ်မူးမူး၊ တုန်တုန်လှုပ်လှုပ်နဲ့ဆိုတော့ သစ်သားရုပ်ရဲ့ဦးခေါင်း၊ ခြေလက်တွေကို လှုပ်သလို အချိုးမကျ မလှမပဖြစ်ရတယ်။

အရက်မူးယစ်နေတော့ လှဲအိပ်ချင်ရာမှာ အိပ်တတ်တယ်၊ မိမိအော့အန်ထားတဲ့ အန်ဖတ်တွေနဲ့ပေကျံပြီး အဝတ်အစားတွေ ကျွတ်နေတဲ့ကိုယ်နဲ့ အိပ်ပျော်ချင်ပျော်သွားတတ်တယ်။

အရက်မူးယစ်နေတဲ့အခါ မဆိုသင့်တာတွေဆိုရဲ၊ ပြောရဲဖြစ်လာပြီး ဆိုမိပြောမိတတ်တယ်၊ နှုတ်မစောင့်မိဘဲ ကုန်းတိုက်စကားတွေ ပြောမိတယ်၊ အနီးအပါးမှာ ပညာရှိတွေရှိပေမယ့် မူးမူးယစ်ယစ်နဲ့ဆိုတော့ ကလေးကလားနဲ့ ရယ်ဖွယ်ဖြစ်တဲ့ ကိုယ့်စကားတွေကို အဟုတ်ကြီးလုပ်ပြီး ပြောတတ်တယ်။ အရက်အရှိန်ကြောင့်ဖြစ်လာတဲ့ မျက်လုံးနီကြောင်ကြောင်တွေနဲ့ "လောကမှာဖြင့် ငါနဲ့တူသူမရှိဘူး"လို့ လွဲမှားတဲ့မာနတွေ ဝင်လာတယ်၊ "အရက်သောက်မှလူရာဝင်တယ်။ လူတော်လူတတ်ဖြစ်တယ်ဟေ့" လို့လည်း ဟစ်အော်ကြုံးဝါးတတ်တယ်၊ မဆိုသင့်တာဆို၊ မပြုသင့်တာပြုမိပြီး တခြားတစ်ပါးသူတွေနဲ့ ခိုက်ရန်ဒေါသတွေ၊ သတ်ပုတ်ညှဉ်းဆဲတာတွေလည်းဖြစ်ကုန်တယ်။ ရုံးပြင်ကနားတွေရောက်တယ်။ ငွေကုန်လူပန်းတွေလည်းဖြစ်ရတယ်။

အရက်သမားဟာ ပစ္စည်းဥစ္စာပြည့်စုံတဲ့ မျိုးရိုးက ဆင်းသက်လာသူဖြစ်ပေမယ့် အရက်ကြောင့် ပစ္စည်းဥစ္စာကုန်ခန်း ဆင်းရဲသွားသူအဖြစ်ကို ရောက်သွားတယ်။ ဒါဟာ ဥစ္စာပစ္စည်းပြည့်စုံတဲ့ အမျိုးအစဉ်ကို သူ့ကျမှ ဖြတ်တောက်ဖျက်ဆီးပစ်လိုက်ရာရောက်တယ်။ အရက်ကြောင့်ပဲသူ့ဝန်းကျင်က ဆွေမျိုးသားချင်းတွေ့ရဲ့ ရွှေ၊ ငွေရတနာ၊ ဥစ္စာစပါး၊ ကျွဲ၊ နွား၊ ဆင်၊ မြင်း စတဲ့ပစ္စည်းတွေကို မသိအောင် ခိုးယူခြင်းအားဖြင့်ဖြစ်စေ၊ အကြမ်းဖက်ယူခြင်းအားဖြင့်ဖြစ်စေ ဖျက်ဆီးလဲပစ်တတ်တယ်။ အရက်အတွက် အမျိုးကို ဖျက်ဆီးခြင်းပြုတတ်တာပဲ။

**(ဆက်လက်ဖော်ပြပါမည်)**

# ကြီးပွားချမ်းသာနည်းဗျူဟာ

ထက်ခိုင်

**လူမှုဆက်ဆံရေးကောင်းရှိပါစေ**

"ကောင်းမွန်သော ဆက်ဆံရေးက ပုဂ္ဂိုလ်ရေးဆိုင်ရာ ကျေနပ်မှုအမျိုးမျိုးကို ဖြစ်စေပြီး တစ်ချိန်တည်းမှာပင် တစ်ဖက်လူ၏အတ္တကို ဖယ်ရှားပစ်နိုင်စွမ်းလည်း ရှိလေသည်။"

**လက်ဂစ်ဘလင်(Les Giblin)**



လူမှုဆက်ဆံရေးကောင်းဟူသည် မိမိကိုယ်တိုင်က လုပ်ဆောင်ရသော၊ မိမိကိုယ်တိုင်လုပ်ဆောင်မှ ရသည့် လုပ်ရပ်ဖြစ်သည်။ မိမိကိုယ်တိုင် ဝန်ဆောင်မှုပေးရသည့် ဝန်ဆောင်မှုလုပ်ရပ်တစ်ခုပင်။ ဝန်ဆောင်မှုကောင်းလျှင် လူမှုဆက်ဆံရေးကောင်းသည်။ ဝန်ဆောင်မှုညံ့လျှင် လူမှုဆက်ဆံရေးညံ့မည်ဖြစ်သည်။

ကောင်းမွန်သော လူမှုဆက်ဆံရေးက အောင်မြင်ကြီးပွားချမ်းသာမှု၏ လမ်းစလည်းဖြစ်သည်။

ကြီးပွားတိုးတက်လိုသူတိုင်း၊ ဘဝမှာအောင်မြင်လိုသူတိုင်း ပထမဆုံးလိုက်နာရမည့်အချက်ကား လူမှုဆက်ဆံရေးကောင်းမွန်စေရေးပင် ဖြစ်ပေသည်။

မိသားစု အသိုက်အဝန်းမှသည် လုပ်ငန်းနယ်ပယ်အားလုံးတွင် အဓိကလိုအပ်ချက်သည် "လူမှုဆက်ဆံရေးကောင်းရှိရန်"ဖြစ်သည်။ လူမှုဆက်ဆံရေးမပြေပြစ်လျှင် အမှန်တကယ်အောင်မြင်သင့်သလောက် ခရီးမပေါက်နိုင်ပေ။

သို့ဖြစ်၍ လူမှုဆက်ဆံရေးနည်းနာသည် မျိုးဆက်သစ်လူငယ်လူရွယ်များနှင့် အသက်အရွယ်မရွေး လူတိုင်းလူတိုင်းအတွက် ဘဝနှင့်ချီကာအရေးပါလှသည်။ ပညာသင်ယူသည့် အသက်အရွယ်မှသည် လုပ်ငန်းခွင် ဝင်ရောက်နေသည့်သူများ၊ စီးပွားရေးလုပ်ငန်း လုပ်ကိုင်နေသူများ၊ နိုင်ငံရေးသမားများနှင့် အုပ်ချုပ်စီမံသူများအထိ လူမှုဆက်ဆံရေးနယ်ပယ်က ကျယ်ဝန်းသည်။

မိမိ၏ လူမှုဆက်ဆံရေးဟူသည့် ဝန်ဆောင်မှုကောင်းလေလေ အောင်မြင်မှုရလေလေဖြစ်သည်။

"လောကရှိသမျှ စားစရာများအနက် ဘယ်အရာက အရသာအကောင်းဆုံး၊ အထူးကဲဆုံးပါလဲမှူးမတ်ကြီးများ"

အင်းဝခေတ်အချိန်ကာလ ဘုရင်ကြီးတစ်ပါးက နန်းတော်ညီလာခံတစ်ခုတွင် အမတ်ကြီးဘိုးရာဇာအပါအဝင် ပညာရှိများအား မေးခွန်းထုတ်လိုက်ခြင်းဖြစ်သည်။

ဘုရင်ကြီး၏အမေးအား မည်သူမျှ မဖြေကြားဘဲ နန်းတော်ညီလာခံကြီးတွင် တိတ်ဆိတ်လျက်ရှိရာ အသက်အကြီးဆုံး အမတ်ကြီးဖြစ်သည့် ဝန်ကြီးဘိုးရာဇာက ပြန်လည်လျှောက်တင်လိုက်သည်။

"မှန်လှပါ – လောကရှိသမျှ စားစရာအဝဝမှာ လျှာဖျားအရသာအကောင်းဆုံး၊ အထူးကဲဆုံးသော အစားအစာမှာ ဖွတ်ဥ၊ လိပ်အသည်းနှင့် ကျွဲနို့ခဲတို့ဖြစ်ပါကြောင်း၊ ရှေးဟောင်းစာပေများတွင် လေ့လာမှတ်သားဖူးပါကြောင်း လျှောက်တင်ရပါတယ်ဘုရား"

"အမတ်ကြီးဘိုးရာဇာ သူ့ချည်းသာလော"

"ဆားလေးနဲ့ပါဘုရား"

အမတ်ကြီးဘိုးရာဇာက ဘုရင်ကြီးထပ်မံမေးသည့်အမေးစကားကို ချက်ချင်းပင် ပြန်လည်ဖြေကြားလိုက်ခြင်းဖြစ်သည်။

အရသာတို့၏ အထွတ်အမြတ်၊ အကောင်းဆုံးဖြစ်သည့် ဖွတ်ဥ၊ လိပ်သည်းနှင့် ကျွဲနို့ခဲတို့သည် စား၍ကောင်းကြသည်မှာ မှန်သော်လည်း သူ့ချည်းကတော့ အရသာမထူးကဲနိုင်သေးဘဲ ဆားပါမှသာ အရသာ အပြည့်အဝရှိလှပါကြောင်း သာဓကတစ်ခုပင်။

လောကတွင် လူမှုဆက်ဆံရေးသည် "ဆား" ပမာ ဖြစ်ပေတော့သည်။

ဆားသည် သင့်တင့်မျှတစွာ သုံးစွဲမှသာလျှင် စားစရာများကို အရသာထူးကဲစေခြင်းဖြစ်ရာ လူမှုဆက်ဆံရေးကိုလည်း လောကအလယ်တွင် သင့်တင့်မျှစွာ လိုက်လျောညီထွေသုံးစွဲနိုင်ခြင်းအားဖြင့် ဘဝမှာ အောင်မြင်ကြီးပွားမှုကို ဆွတ်ခူးနိုင်မည်ဖြစ်သည်။

သို့ဖြစ်၍ လူမှုဆက်ဆံရေးဝန်ဆောင်မှုကို သင့်တင့်မျှတစွာဖြင့် အသက်ထက်ဆုံး သုံးစွဲကြရမည်လည်းဖြစ်ပေသည်။

**စာမျက်နှာ ၂၁ သို့ ❖**

# စီမံခန့်ခွဲသူ ဖြစ်ချင်သလား

မောင်ထူးချွန်

ဘဝဖြတ်သန်းမှုမှာ စီမံခန့်ခွဲမှုဟာ အရေးပါတဲ့ကဏ္ဍမှာ ရှိနေတယ်ကွယ့်။

မောင်တို့ မယ်တို့အနေနဲ့ "စီမံခန့်ခွဲရေးအခြေခံ" သဘောသဘာဝတွေကို သိရှိနားလည်ထားရင် ဘဝဖြတ်သန်းမှုတစ်လျှောက်မှာ သာမန်ထက်သာလွန်တဲ့ အခြေအနေကောင်းတွေကို ဖန်တီးတည်ဆောက်နိုင်မှာဖြစ်တယ်။

စီမံခန့်ခွဲရေး အခြေခံသဘောသဘာဝတွေကို မောင်တို့မယ်တို့အရွယ်မှာ သိရှိထားရင်တော့ အခြေခံပညာကျောင်းသား ကျောင်းသူအရွယ်ဆိုရင် ကျောင်းကောင်စီအဖွဲ့အစည်းတွေမှာ စီမံခန့်ခွဲမှုတွေကို လက်တွေ့အသုံးချနိုင်မှာပေါ့။ တက္ကသိုလ်ကျောင်းသား ကျောင်းသူအရွယ်ဆိုရင်တော့ အနုပညာအသင်းတို့၊ ဘာသာရေးအသင်းတို့၊ ပညာရပ်ဆိုင်ရာအသင်းတို့မှာပေါ့။ ရပ်ကွက်အတွင်းက လူငယ်၊ လူရွယ်တွေအနေနဲ့ဆိုရင်လည်း ပရဟိတအသင်းတွေ၊ လူမှုရေးအသင်းတွေ၊ ဘာသာရေးအသင်းအဖွဲ့တွေမှာပေါ့။ လုပ်ငန်းခွင်က မောင်တို့ မယ်တို့ဆိုရင်တော့ လုပ်ငန်းခွင် စီမံခန့်ခွဲမှုတွေကို လက်တွေ့အသုံးချနိုင်တာပေါ့ကွယ်။

ယနေ့မျိုးဆက်သစ် မောင်တို့ မယ်တို့အနေနဲ့ စီမံခန့်ခွဲရေးအခြေခံသဘောတရားတွေကို သိရှိနားလည်နေမယ်ဆိုရင် ဘဝမှာ အကျိုးကျေးဇူးများလှပါတယ်။

စီမံခန့်ခွဲမှု ဘွဲ့ဒီဂရီသင်တန်းတွေ၊ ဒီပလိုမာသင်တန်းတွေ၊ အောင်လက်မှတ်သင်တန်းတွေလည်း ခေတ်အလိုက် ပေါ်ပေါက်လာတာတွေ ရှိနေတာပါပဲ။ သင်ခန်းစာအရ စာတွေ့လေ့လာနိုင်ကြသလို ဒစ်ဂျစ်တယ်နည်းပညာအရ အွန်လိုင်းကနေ လေ့လာသင်ယူနိုင်ကြတာတွေလည်းရှိနေပြီပေါ့။ လေ့လာသင်ယူဖို့ကတော့ မောင်တို့ မယ်တို့ ကိုယ်တိုင်ပဲ ကြိုးစားမှရမှာဖြစ်တယ်။

စီမံခန့်ခွဲမှု လုပ်ငန်းတွေအနေနဲ့ကတော့ ကြီးကြီး၊ သေးသေး ဘယ်အရွယ်အစားပဲဖြစ်ဖြစ် အခြေခံအချက်လေးချက်ပဲရှိတယ်လို့ မှတ်သားဖူးပါတယ်။



၁။ စီမံချက်ရေးဆွဲချမှတ်ခြင်း(Planning)၊

၂။ စုဖွဲ့ခြင်း၊ ဖွဲ့စည်းခြင်း(Organizing)၊

၃။ ခေါင်းဆောင်ခြင်း(Leading)၊

၄။ ထိန်းကျောင်းကြပ်မတ်ခြင်း (Control) တို့ပဲဖြစ်တယ်။

အသင်းအဖွဲ့တွေရဲ့ ဖွဲ့စည်းမှုမှာ ကျောင်းစာသင်ခန်းမှသည် ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်ကနေ ဗဟိုအဆင့်အထိ အဆင့်ဆင့်ကို ထိန်းကျောင်းတဲ့နေရာမှာ နည်းလမ်းနှစ်ရပ်နဲ့ ကြီးကြပ်နိုင်ပါတယ်။

၁။ အစီရင်ခံစာ(Report)၊

၂။ ပြန်တမ်း(Return)။

မိမိအသင်းအဖွဲ့အတွင်း တာဝန်ယူမှုအဆင့်ဆင့်မှာ လုပ်ငန်းဆောင်ရွက်မယ့်ကိစ္စတွေကို ကြိုတင်အစီရင်ခံတင်ပြမှု၊ လုပ်ငန်းဆောင်ရွက်ပြီးစီးမှု၊ လုပ်ငန်းလုပ်ဆောင်ရာမှာ တွေ့ကြုံကြရတဲ့ အားသာချက်၊ အားနည်းချက်တွေကို အစီရင်ခံတင်ပြမှုတွေဖြစ်ပြီး လုပ်ဖော်ကိုင်ဖက်တွေသိရှိနိုင်ရေးကို ပွင့်လင်းမြင်သာရှိအောင် ပြန်တမ်းထုတ်ပြန်ချပြပေးခြင်းအားဖြင့် မိမိအဖွဲ့အစည်းကို ပိုမိုစည်းလုံးစေကာ ခွန်အားဖြည့်ရာရောက်မှာဖြစ်ပါတယ်။

စီမံခန့်ခွဲရာမှာ လိုက်နာရမယ့်အခြေခံသဘောတရား(၁၀)ချက်လည်း ရှိပါသေးတယ်။

၁။ များများနားထောင်ရမယ်၊ မေးမယ်၊ သိအောင်လုပ်မယ်လို့ ခံယူရမယ်၊ ငါအသိဆုံးလို့ သဘောမထားရ။

၂။ အခြေအနေ အကောင်းအဆိုးတို့ကို အဖွဲ့ဝင်များအား အချိန်နှင့်အမျှ အသိပေးမျှဝေနေရမယ်။

၃။ တိုးတက်မှု၊ အောင်မြင်မှုရှိသူကို အားပေးချီးကျူးအသိအမှတ်ပြုရမယ်။

၄။ တရားမျှတမှုရှိရမယ်။

၅။ စံနမူနာပြသပြီး ဦးဆောင်ရမယ်။

၆။ ကြိုတင်မြော်တွေး ပြင်ဆင်စီမံရမယ်။

၇။ လုပ်ဖော်ကိုင်ဖက်များကို ဘာမျှော်လင့်ချက်ထားရှိတယ်ဆိုတာ အသိပေးထားရမယ်။

၈။ လုပ်ဖော်ကိုင်ဖက်များကို အရည်အသွေးမြှင့်တင်ပေးနေရမယ်။

၉။ ရည်မှန်းချက်တာဝန်နှင့် လုပ်ငန်းအောင်မြင်မှုကို စံချိန်စံညွှန်းတိကျရေရာစွာ ချမှတ်ပေးထားရမယ်။

၁၀။ အရေးကြီးသောပန်းတိုင်များကို မျက်ခြည်မပြတ်စေရ၊ အစဉ်နှိုးဆော်ပေးရမယ်။

စီမံခန့်ခွဲရမယ့်တာဝန်မျိုးကို ကျောင်းသားကျောင်းသူပဲဖြစ်ဖြစ်၊ လုပ်ငန်းခွင်က ဝန်ထမ်းပဲဖြစ်ဖြစ်၊ အိမ်ထောင်ဦးစီးပဲဖြစ်ဖြစ်၊ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်၊ ဗဟိုအဆင့်ဆင့်မှာပဲဖြစ်ဖြစ် မောင်တို့ မယ်တို့ဟာ တစ်နေ့နေ့တစ်ချိန်ချိန်မှာ မလွှဲမသွေလုပ်ကိုလုပ်ကြရမယ့် မျိုးဆက်သစ်တွေပါပဲ။

ဒါကြောင့် မှတ်သားခဲ့ဖူးတာတွေထဲက စီမံခန့်ခွဲသူတွေအနေနဲ့ ရှောင်ကြဉ်ရမယ့် အချက်(၁၀) ချက်ကိုလည်း ဖော်ပြပေးလိုက်ပါတယ်။

၁။ ငါသိငါတတ်၊ အရာရာအကုန်သိ၊ ကိုဖိုးသိဟု မိမိကိုယ်ကိုထင်ထားခြင်း။

၂။ ဆောင်ရွက်ချက်၏အကျိုးအပြစ်၊ ထွက်ပေါ်လာသောရလဒ်များကို လုပ်ဖော်ကိုင်ဖက်များအား မျှဝေအသိပေးမှု မရှိခြင်း။

၃။ တိုးတက်မှု၊ အောင်မြင်မှုများကို အသိအမှတ်ပြုချီးကျူးအားပေးရန် ဝန်လေးခြင်း။

၄။ မျက်နှာလိုက်ခြင်း။

၅။ စံနမူနာပြသခြင်းဖြင့် ဦးဆောင်မှု မပြုတတ်ခြင်း။

၆။ ကြိုတင်ကာကွယ်ခြင်း၊ ပြင်ဆင်ခြင်း၊ စီမံခြင်းတို့ကို မပြုမိခြင်း။

၇။ လုပ်ဖော်ကိုင်ဖက်များအတွက် ဘာမျှော်လင့်ချက် ထားရှိရမည်ကို အသိပေးမထားခြင်း။

၈။ လုပ်ဖော်ကိုင်ဖက်များကို အရည်အသွေးမြှင့်တင်ပေးရန် ပျက်ကွက်ခြင်း။

၉။ ရည်မှန်းချက်တာဝန်နှင့် လုပ်ငန်းအောင်မြင်မှု စံချိန်စံညွှန်းချမှတ်ပေးရန် ပျက်ကွက်ခြင်း။

၁၀။ အရေးကြီးသော ပန်းတိုင်များ ပျောက်ကွယ်နေတတ်ခြင်း။

ယနေ့မျိုးဆက်သစ် မောင်တို့ မယ်တို့အနေနဲ့ စီမံခန့်ခွဲမှုသဘောသဘာဝများကို သိမြင်ကာ စီမံခန့်ခွဲသူတွေရဲ့ ဆောင်ရန်၊ ရှောင်ရန်အချက်များကို လိုက်နာကျင့်ဆောင်ကြမယ်ဆိုရင် စီမံခန့်ခွဲမှုပညာအခြေခံရလာပြီပေါ့။

စီမံခန့်ခွဲသူဖြစ်လာနိုင်ပြီပေါ့ကွယ်။ ။

❖ စာမျက်နှာ ၂၀ မှ

လူမှုဆက်ဆံရေးကောင်းလိုလျှင် လူ့သဘော၊ လူ့သဘာဝကို ကောင်းစွာသိမြင်တတ်ရမည်ဖြစ်သည်။

၁။ သဘောထားအမြင်၊

၂။ စိတ်ခံစားချက်၊

၃။ မျက်နှာထား၊ အမူအရာ၊ ဟန်ပန်၊

၄။ စကားသံ၊ လေသံ၊ စကားလုံး စသည့်အချက်လေးချက်ကို လူ့သဘော၊ လူ့သဘာဝအလျောက်သင့်တင့်မျှတစွာ ကျင့်ဆောင်နိုင်ခြင်းအားဖြင့် လူမှုဆက်ဆံရေးကောင်းရရှိအောင် ဖန်တီးရယူနိုင်မည်ဖြစ်ပေသည်။

လူသားတို့သည် ငယ်သည်ကြီးသည်မဟူ စိတ်ခံစားမှုအတိုင်းသာ ပြုမူပြောဆိုဆက်ဆံတတ်လေရာ စိတ်ကိုထိန်းသိမ်းကွပ်ကဲနိုင်လျှင် ရာခိုင်နှုန်းအတော်များများအောင်မြင်နိုင်မည်ဖြစ်သည်။

ယင်းတို့မှ သည်းခံနိုင်မှုစိတ်၊ နားလည်ခွင့်လွှတ်နိုင်မှုစိတ်၊ ကိုယ်ချင်းစာတရားထားရှိနိုင်မှုစိတ်၊ အနစ်နာခံနိုင်မှုစိတ် စသည်တို့ကိုအရင်းတည်၍ လောဘစိတ်၊ အတ္တစိတ်တို့ကို ချုပ်တည်းနိုင်မည်ဆိုပါက လူမှုဆက်ဆံရေး အထူးကောင်းမွန်သူဖြစ်လာပေမည်။

ထို့ကြောင့် ယနေ့မျိုးဆက်သစ် လူငယ်၊ လူရွယ်များနှင့် လူတိုင်းလူတိုင်းသည် လူမှုဆက်ဆံရေးကောင်းများရှိအောင် တည်ဆောက်နိုင်ကြမည်ဆိုလျှင် ဘဝမှာ အောင်မြင်ကြီးပွားချမ်းသာမှုကို ရရှိမှာ အသေအချာပင်ဖြစ်ပေတော့သည်။ ။

# ဘဝအောင်မြင်ရေးလမ်းညွှန်

ကောင်းပြည့်စုံ

**လူသာလျှင်ပဓာန**

ကျွန်ုပ်တို့လူသားကမ္ဘာကြီးတွင် မျိုးဆက်ပြန့်ပွားရေးအတွက် နှစ်ထောင်ပေါင်းများစွာမှ လက်ဆင့်ကမ်းစတင်ခဲ့ကြသည်မှာ အားလုံးအသိ။

ထို့ကြောင့် ဘိုးဘေးဘီဘင်မှအစပြု၍ ချစ်ချင်းမေတ္တာကို အကြောင်းပြုလျက် မိဘဟူသောဘဝကို ရယူပိုင်ဆိုင်လိုကြသည်မှာ သူသူငါငါ။ ထိုမှ မိမိတို့ကိုယ်တိုင် မိခင်ဖခင်ဘဝသို့ရောက်ရှိခဲ့လျှင် တောင့်တမျှော်မှန်းကြသည်မှာ သားသမီးရတနာရရှိရေး။

မိခင်ဖြစ်သူ ကိုယ်ဝန်ဆောင်စအချိန်တွင် ဖခင်ဖြစ်သူက အစောဆုံး၊ အမြန်ဆုံးသိလိုကြသည်မှာ သားလေးလား၊ သမီးလေးလား..။ ယခုခေတ်တိုးတက်လာသောကမ္ဘာကြီးတွင် ပို၍ပို၍ခေတ်မီနေသောနည်းပညာများကြောင့် သားသမီးဟူသောအကြောင်းတရားအဖြေသည် စောစီးစွာသိရှိနိုင်ကြပေပြီ။

သို့သော်...။

ထိုသား၊ ထိုသမီးတို့သည် အနာရောဂါကင်း၍ ကိုယ်လက်အင်္ဂါအစုံအလင်ပါရဲ့လား။ အင်္ဂါအစုံအလင်ပါခဲ့သော်လည်း သုံးနှစ်၊ လေးနှစ်အရွယ်တွင် အများသူငါလို စကားကောပြောတတ်ရဲ့လား၊ ကျန်းမာရေးကောင်းရဲ့လားဟူသော အတွေးများနှင့် မိဘနှစ်ပါးတို့၌ ရင်တဖိုဖို...ရင်တမမ ...။

ထိုမှ ယောကျ်ား၊ မိန်းမဟူသော စဉ်ဆက်မပြတ်သောမျိုးဆက်သစ်လူငယ်များဘဝသို့။

ထိုကာလများတွင် အားရှိစေရန် ကျွန်ုပ်တို့ဘဝခရီးဖြတ်သန်းခဲ့ရမှုနှင့် နှိုင်းယှဉ်၍ရရှိလာသော "လူသာလျှင် ပဓာန"ဟူသော အတွေးအခေါ်။

ကျွန်ုပ်တို့ကိုယ်တိုင် မိမိဘဝကို စိတ်ပျက်အားလျော့၊ အားငယ်ဖွယ်ရာများဖြင့် ကြုံတွေ့ရသောအချိန်ကာလများ၌ပင် ကျွန်ုပ်တို့ ဖွဲ့မလျှော့ရန်းကန်ရခြင်းအမျိုးမျိုးတို့ကို ခေါင်းမော့ရင်ကော့ကာ ရဲရဲရင်ဆိုင်ဖြတ်သန်းရင်း လောကဓံလှိုင်းမျိုးစုံအား အနိုင်ယူပြဦးမည်ဟူသောစိတ်သာ ယခုအချိန်အထိ ရင်ဝယ်နားခိုလျက်...။

ထိုသို့ရင်ဆိုင်နိုင်သော စိတ်တန်ခိုး၊ စိတ်စွမ်းအား အကြောင်းတရားများကို အဘယ်ကရရှိပါသနည်းဆိုသော် စာအုပ်စာပေနှင့် မိမိတို့၏ပတ်ဝန်းကျင်မှ။

မိတ်ဆွေလူငယ်များ စာများများဖတ်ကြပါ။

မိမိပတ်ဝန်းကျင်ရှိ အားကျစရာ၊ ကြည်ညိုစရာ၊ အတုယူစရာ ပုဂ္ဂိုလ်ကြီး/ငယ်များနှင့် စာအုပ်စာပေများတွင် အောင်မြင်သော ကမ္ဘာကျော်ကြားပုဂ္ဂိုလ်ကြီးများ၊ ကမ္ဘာကျော်သူရဲကောင်းကြီးများ၊ ကမ္ဘာ့ခေါင်းဆောင်ကြီးများ၏ အတ္ထုပ္ပတ္တိများ စသည်တို့ကို သိမြင်ဖတ်ရှုလေ့လာ စံနမူနာထားကြပါ။

သူတို့ကဲ့သို့ဖြစ်အောင် မိမိတို့ အားကျကြိုးစားကြရမည်မှာလည်း ဓမ္မတာပင်မဟုတ်ပါလား။

အချိန်များ၊ ပညာများ၊ ချွေးများ၊ ရည်ရွယ်ချက်များ အများကြီးပေးဆပ်ရင်းနှီးကြရသည်မှာ မည်သူမဆို ရဟန်းပုဂ္ဂိုလ်များအပါအဝင် ယောကျ်ား၊ မိန်းမ မဆို အတူတူပင်မဟုတ်ပါလော။

ထို့ပြင် ကျွန်ုပ်တို့ပတ်ဝန်းကျင်ရှိ သူအို၊ သူနာ၊ အင်္ဂါမစုံသည့် ဒုက္ခိတပုဂ္ဂိုလ်ပေါင်းစုံသည်ပင်လျှင် ခေတ်အဆက်ဆက်တွင် ဘဝရှင်သန်နိုင်ရေး ဖန်တီးနိုင်ကြသည်ဟူသော အတွေးအခေါ်အမြင်သစ်။

ကျွန်ုပ်တို့သည် မိခင်ဖခင်တို့မှ စနစ်တကျမွေးဖွားသန့်စင် သင်ကြားပေးထားသော မိကောင်း ဖကောင်း ဆရာကောင်းတို့၏ သားသမီးများဖြစ်ကြသကဲ့သို့ အင်္ဂါပြည့်စုံသည့်လူသားများ မဟုတ်ပါလော။

ထို့ကြောင့် သူတကာထက်မညံ့အောင် ယခုလက်ရှိဘဝထက် ပိုမိုတိုးတက်လာအောင် စာကောင်းပေမွန်များ ဖတ်ရှုလေ့လာသင်ယူပြီး အချိန်ကာလများကို အသုံးချကာ "တစ်နေ့တစ်လံ ပုဂံဘယ်ပြေးမလဲ" ဟူသော မွန်မြတ်သောစိတ်ထားဖြင့် ကြိုးစားကာ အောင်မြင်ကျော်ကြားသည့်ပုဂ္ဂိုလ်များဖြစ်ကြပါစေဟု ဆန္ဒပြုလိုက်ရပေတော့သတည်း။ ။

# ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၀၅ ဦးတွေ့ရှိ၊ ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ ၁ ဒသမ ၂၀ ရာခိုင်နှုန်းရှိ

## ကိုဗစ်-၁၉ ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၁၀-၁-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၉-၁-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၀-၁-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၈,၈၃၂) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁၀၅) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၁.၂၀) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၆,၁၄၀,၆၀၈) ခုအား စစ်ဆေးခဲ့ပြီး COVID-19 ဓာတ်ခွဲအတည်ပြုလူနာစုစုပေါင်း (၅၃၂,၁၆၇) ဦး ရှိပြီ ဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၁၄၉) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၅၁၀,၂၇၇) ဦး ဆေးရုံမှဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။ ကိုဗစ်-၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူ (၂) ဦးရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၂၉၃) ဦး ရှိပါသည်။

- ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ဗီဇပြောင်းမျိုးကွဲ Omicron (အိုမီခရွန်) နှင့်ပတ်သက်၍ ရောဂါဖြစ်ပွားမှုများကို မျက်ခြည်မပြတ် စောင့်ကြပ်ကြည့်ရှုလျက်ရှိကာ ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ခြင်း၊ အသွားအလာကန့်သတ်၍ သီးသန့်ခွဲခြားထားရှိရာနေရာ (Quarantine Center) များ၊ ကုသရေးစင်တာ (Treatment Center) များနှင့် အောက်ဆီဂျင်အပါအဝင် ဆေးနှင့်ဆေးပစ္စည်းများ ကြိုတင်ပြင်ဆင်ခြင်း၊ နီးနွယ်ဝန်ကြီးဌာနများ၊ ဒေသအာဏာပိုင်အဖွဲ့အစည်းများ၊ အလှူရှင်များ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းစသည့် လုပ်ငန်းများကို ဘက်ပေါင်းစုံမှ အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်လျက်ရှိပါသည်။
- သို့ဖြစ်ပါ၍ အိုမီခရွန်ဗီဇပြောင်း ကိုဗစ်-၁၉ ရောဂါပိုးနှင့်ပတ်သက်၍ မိဘပြည်သူများအနေဖြင့် အလွန်အမင်းစိုးရိမ်ကြောင့်ကြခြင်းမပြုဘဲ တစ်ဦးချင်း ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး အခြေခံစည်းမျဉ်းစည်းကမ်းများကို တိကျစွာလိုက်နာခြင်း၊ သံသယရောဂါလက္ခဏာရှိသူများအနေဖြင့် နီးစပ်ရာကျန်းမာရေးဌာနသို့ ချက်ချင်းသတင်းပေးပို့ခြင်း၊ အလှည့်ကျရရှိလာသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှု မပျက်မကွက် အကြိမ်ပြည့်ခံယူခြင်းနှင့် ကာကွယ်ဆေးထိုးရန်ကျန်ရှိသူများကို ကာကွယ်ဆေးထိုးနှံပေးနိုင်ရန်အတွက် ကျန်းမာရေးဌာနသို့ ဆက်သွယ်ပို့ဆောင်ပေးခြင်းစသည်တို့ကို မမေ့မလျော့သတိပြု၍ ဆောင်ရွက်ကြပါရန်နှင့် ကျန်းမာရေးဝန်ကြီးဌာနကအားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်နေသည့် လုပ်ငန်းများကို ကျရာကဏ္ဍမှ တက်ကြွစွာ ပူးပေါင်းပါဝင် ဆောင်ရွက်ပေးကြပါရန် အသိပေးတိုက်တွန်းနှိုးဆော်အပ်ပါသည်။
- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင်အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

### ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ (၁၀-၁-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၁,၃၄၉) ခု | (၃၀) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၅၅) ခု | (၂) ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၁၆၄) ခု | - |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၃၅) ခု | - |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၈၀၂) ခု | (၃) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၃၉၀) ခု | (၈) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၆,၀၃၇) ခု | (၆၂) ဦး |
| စုစုပေါင်း | (၈,၈၃၂) ခု | (၁၀၅) ဦး |

### ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်/သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၆၁၂၆၃၀၃၀ | ၄၂၂၅၇၅၀၈ | ၈၅၉၃၅၆ |
| ၂။ | အိန္ဒိယ | ၃၅၇၀၈၄၄၂ | ၃၄၅၀၀၁၇၂ | ၄၈၃၉၃၆ |
| ၃။ | ဘရာဇီး | ၂၂၅၂၃၉၀၇ | ၂၁၆၂၆၈၃၆ | ၆၂၀၀၃၁ |
| ၄။ | ဗြိတိန် | ၁၄၄၇၅၁၉၂ | ၁၀၇၈၀၈၉၉ | ၁၅၀၁၅၄ |
| ၅။ | ပြင်သစ် | ၁၂၁၁၁၂၁၈ | ၈၅၁၅၄၈၆ | ၁၂၅၄၃၈ |
| ၆။ | ရုရှား | ၁၀၆၆၆၆၇၉ | ၉၇၀၆၈၀၂ | ၃၁၆၉၀၄ |
| ၇။ | တူရကီ | ၉၉၇၈၄၅၂ | ၉၃၁၆၆၂၁ | ၈၃၇၀၂ |
| ၈။ | ဂျာမနီ | ၇၅၃၁၆၃၀ | ၆၇၄၅၁၀၀ | ၁၁၄၇၁၂ |
| ၉။ | အီတလီ | ၇၄၃၆၉၃၉ | ၅၃၅၃၉၂၂ | ၁၃၉၀၃၈ |
| ၁၀။ | စပိန် | ၇၁၆၄၉၀၆ | ၅၁၄၅၈၈၀ | ၈၉၉၃၄ |

### အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အင်ဒိုနီးရှား | ၄၂၆၆၆၄၉ | ၄၁၁၆၂၀၂ | ၁၄၄၁၃၆ |
| ၂။ | ဖိလစ်ပိုင် | ၂၉၉၈၅၃၀ | ၂၇၈၈၇၁၁ | ၅၂၂၉၃ |
| ၃။ | မလေးရှား | ၂၇၈၆၂၁၉ | ၂၇၁၄၆၁၄ | ၃၁၆၇၈ |
| ၄။ | ထိုင်း | ၂၂၇၇၄၇၆ | ၂၁၉၇၄၇၉ | ၂၁၈၃၈ |
| ၅။ | ဗီယက်နမ် | ၁၈၉၉၅၇၅ | ၁၅၀၀၂၄၈ | ၃၄၃၁၉ |
| ၆။ | မြန်မာ | ၅၃၂၁၆၇ | ၅၁၀၂၇၇ | ၁၉၂၉၃ |
| ၇။ | စင်ကာပူ | ၂၈၅၆၄၇ | ၂၇၈၈၆၄ | ၈၃၈ |
| ၈။ | ကမ္ဘောဒီးယား | ၁၂၀၆၃၆ | ၁၁၇၀၂၃ | ၃၀၁၅ |
| ၉။ | လာအို | ၁၁၉၅၂၁ | ၁၁၁၉၂၄ | ၄၄၈ |
| ၁၀။ | ဘရူနိုင်း | ၁၅၆၇၈ | ၁၅၃၆၄ | ၉၈ |

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများ ပြည်ပမှ အဆင်ပြေချောမွေ့စွာတင်သွင်းနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် ဇန်နဝါရီ ၁၀

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို လေကြောင်း၊ ပင်လယ်ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ နှောင့်နှေးကြန့်ကြာမှုမရှိ တင်သွင်းနိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ ကုမ္ပဏီတစ်ခု၊ ယာဉ်စီးရေသုံးစီးဖြင့် နှာခေါင်းစည်း ၂၃ တန်ကို တင်သွင်းခဲ့ကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို သက်ဆိုင်ရာဌာနများနှင့်ညှိနှိုင်းထားသည့် SOP များနှင့်အညီ ဦးစားပေးတင်သွင်းခွင့်ပြုပေးလျက်ရှိကြောင်းနှင့် ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများတင်သွင်းခြင်းနှင့်ဆက်စပ်သည့် အသိပေးကြေညာချက်များကိုလည်း အများပြည်သူသိရှိစေရန် ဝန်ကြီးဌာနဝက်ဘ်ဆိုက်ဖြစ်သည့် www. commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။

သတင်းစဉ်

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဆေးနှင့်ဆေးပစ္စည်းများ နေ့စဉ်စစ်ဆေးထုတ်ပေးလျက်ရှိ

နေပြည်တော် ဇန်နဝါရီ ၁၀

အကောက်ခွန်ဦးစီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးပစ္စည်းများကို ရေကြောင်း၊ ဆိပ်ကမ်း၊ နယ်စပ်ဂိတ်အသီးသီးမှ နေ့စဉ်လွယ်ကူချောမွေ့စွာ စစ်ဆေးထုတ်ပေးလျက်ရှိရာ ယနေ့တွင် ရန်ကုန်ဆိပ်ကမ်းများမှ Disposable Syringe အခု ၁၃၅၈၀၀၊ ဆေးဝါးမျိုးစုံ ၄၂ မျိုး (စုစုပေါင်း ၁၄၉၄၆၁ ဒသမ ၉၈ ကီလိုဂရမ်)၊ နယ်စပ်(ချင်းရွှေဟော်)တွင် ကုမ္ပဏီနှစ်ခုမှ PAI Tetra Capsule အခု ၉၆၀၀၀၊ Disposable Syringe ၄၀၄၆ ခုတို့ကို ထုတ်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့သူများအား ဂုဏ်ပြု

ထားဝယ် ဇန်နဝါရီ ၁၀

ထားဝယ်ခရိုင်အတွင်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့သူများအား ဂုဏ်ပြုချီးမြှင့်ပွဲကို ယနေ့နံနက် ၉ နာရီက တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့တော်ခန်းမ၌ ကျင်းပသည်။

တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကိုက ထားဝယ်ခရိုင်အတွင်းရှိ မြို့နယ်များ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့သည့် ဆရာဝန်၊ သူနာပြု၊ ကြက်ခြေနီ၊ စေတနာ့ဝန်ထမ်းများနှင့် ပရဟိတများအတွက် ဂုဏ်ပြုချီးမြှင့်ပွဲ အခမ်းအနားဖြစ်ကြောင်း၊ လတ်တလောတွင် မြန်မာနိုင်ငံ၌ ကိုဗစ်-၁၉ရောဂါပိုးမျိုးရိုးဗီဇအသစ် အိုမီခရွန်စတင်တွေ့ရှိခဲ့သဖြင့် တိုင်းဒေသကြီးအတွင်း ကူးစက်ပြန့်ပွားမှု မရှိစေရေးအတွက် တက်ရောက်လာကြသည့် ဌာနဆိုင်ရာများ၊ ကျန်းမာရေးဝန်ထမ်းများ၊ ကြက်ခြေနီ၊ စေတနာ့ဝန်ထမ်းနှင့် ပရဟိတအဖွဲ့များက ဝိုင်းဝန်းကူညီပူးပေါင်းဆောင်ရွက်ပေးစေလိုကြောင်း၊ ထားဝယ်ခရိုင်အတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်းများတွင် စိတ်ပါဝင်စားစွာဖြင့် အားတက်သရော ကိုယ်ရောစိတ်ပါပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြသူအားလုံးကို အထူးပင်ကျေးဇူးတင်ရှိကြောင်း ပြောကြားသည်။

ထို့နောက်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်ဒေါ်ပိုက်ပိုက်အေးနှင့် တိုင်းဒေသကြီးဝန်ကြီးများက ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့သူများအား ဂုဏ်ပြုချီးမြှင့်ငွေကျပ် ၁၂၅ သိန်းနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ပြီး ခရိုင်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဥက္ကာက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး (ပြန်/ဆက်)



## မိတ္ထီလာမြောက်ကန်ပတ်ဝန်းကျင်တွင် ဆောင်းခိုငှက်များ ရောက်ရှိကျက်စား

မိတ္ထီလာ ဇန်နဝါရီ ၁၀

မိတ္ထီလာဒေသသို့ ဆောင်းရာသီကာလရောက်တိုင်း နှစ်စဉ်လာရောက်လေ့ရှိသော ဆောင်းခိုငှက်များသည် မိတ္ထီလာမြောက်ကန်ပတ်ဝန်းကျင်တွင် ရောက်ရှိကျက်စားလျက်ရှိသည်။

"မိတ္ထီလာဒေသကိုဆောင်းရာသီကာလရောက်တိုင်း နှစ်စဉ်လာရောက်လေ့ရှိတဲ့ ဆောင်းခိုငှက်မျိုးစုံကို မိတ္ထီလာမြောက်ကန်ပတ်ဝန်းကျင်မှာ ရောက်ရှိကျက်စားနေကြတာတွေ့ရပါတယ်။ မိတ္ထီလာကန်ရေများတဲ့နှစ်တိုင်း ဆောင်းခိုငှက် ပိုမိုများပြားစွာလာရောက်လေ့ရှိပေမယ့် ဒီနှစ်တော့ ပုံမှန်အရေအတွက်လောက်ပဲ လာရောက်တာတွေ့မိသေးတယ်။ မိတ္ထီလာမြောက်ကန်မှာရှိတဲ့ ကြာကန်ဘက်နေရာတွေမှာ ညနေရောက်တိုင်း လေးခွနဲ့ ဆောင်းခိုငှက်တွေကိုစောင့်ပြီးပစ်ကြတဲ့ ငှက်ပစ်တဲ့သူတွေ များလာတာကြောင့်လည်း မိတ္ထီလာမြောက်ကန်ဘက်ဆောင်းခိုငှက် လာရောက်တာနည်းသွားတာထင်ပါတယ်။ ကန်ရေလက်ရှိအခြေအနေထက် ထပ်ပြီးကျသွားရင်တော့ ဆောင်းခိုငှက်တွေပိုမိုမြင်တွေ့ရနိုင်ပါတယ်"ဟု မိတ္ထီလာတွင် ဆောင်းခိုငှက်များကို နှစ်စဉ်စောင့်ကြည့်လေ့လာသည့် ငှက်ကြည့် ဝါသနာရှင်တစ်ဦးဖြစ်သူ ကိုရန်နိုင်လှက ပြောကြားသည်။

မိတ္ထီလာမြောက်ကန်တွင် ယခုနှစ်ဆောင်းရာသီကာလတွင်ဆောင်းခိုငှက်များကို နန်းတော်ကုန်းရပ်ကွက်မြောက်ဘက်ရှိ ကန်ရေဝပ်ဧရိယာနေရာများတွင်လည်းကောင်း၊ ကုလားမကျွန်းကျေးရွာ၊ အုတ်နဲ့ဘုတ်ကျေးရွာ၊ အင်းပက်လက်ကျေးရွာ၊ ကျောက်ဖြူကုန်းကျေးရွာနှင့် ရွာမကျေးရွာအနီးရှိကန်ရေဝပ်ဧရိယာများတွင် တွေ့ရှိရသည်။

မိတ္ထီလာဒေသတွင် နှစ်စဉ် ရောက်ရှိကျက်စားလေ့ရှိသည့် ခရုစုပ်ငှက်၊ ဒေါင်းလန်းခြေထောက်၊ ဝမ်းဘဲဟင်္သာ၊ မယ်ညို၊ရေကြက်ဒုံစသည့် ဆောင်းခိုငှက်အများအပြားကို အဆိုပါနေရာများတွင် တွေ့မြင်နိုင်ကြောင်း သိရသည်။

ချမ်းသာ (မိတ္ထီလာ)








❒ အာဖရိကမှ

ကင်မရွန်းနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပလျက်ရှိတဲ့ အာဖရိကနိုင်ငံများဖလားပြိုင်ပွဲကို လေးသင်း တစ်အုပ်စုပုံစံနဲ့ အုပ်စုခြောက်အုပ်စုခွဲကာ ယှဉ်ပြိုင်လျက်ရှိပြီး ပြိုင်ပွဲရဲ့အဖွင့်ပွဲစဉ်လည်းဖြစ်၊ အုပ်စု(A)ရဲ့ ပထမဆုံးပွဲစဉ်လည်းဖြစ်တဲ့ ကင်မရွန်းအသင်းနဲ့ ဘာကီနာဖာဆိုအသင်းတို့ပွဲစဉ်မှာ ကင်မရွန်းအသင်းအတွက် သွင်းဂိုးတွေကို ပွဲကစားချိန် မိနစ် ၄၀ နဲ့ ၄၅ မိနစ်တို့မှာ အဘူဘာကာက ပင်နယ်တီကနေ နှစ်ဂိုးသွင်းယူပေးခဲ့တာဖြစ်ပါတယ်။

အိမ်ရှင်ကင်မရွန်းအသင်းအတွက် သွင်းဂိုးနှစ်ဂိုးသွင်းယူပေးနိုင်ခဲ့တဲ့ တိုက်စစ်မှူး အဘူဘာကာဟာ ၂၀၁၇ ခုနှစ်အတွင်းက ကင်မရွန်းအသင်းနဲ့အတူ အာဖရိကနိုင်ငံများဖလားချန်ပီယံဆုဖလားကို ရယူပေးနိုင်ခဲ့သူဖြစ်ပြီး အာဖရိကနိုင်ငံများဖလားပြိုင်ပွဲဟာ ကိုဗစ်-၁၉ ရောဂါကူးစက်မှုကြောင့် တစ်နှစ်ကြာ ရွှေ့ဆိုင်းခဲ့ရတာလည်းဖြစ်ပါတယ်။

ကင်မရွန်းအသင်းနဲ့ ပွဲစဉ်မှာ ဘာကီနာဖာဆိုအသင်းအတွက် သွင်းဂိုးတစ်ဂိုးကိုတော့ ပွဲကစားချိန် ၂၄ မိနစ်မှာ ဆန်ဂါရီးက သွင်းယူပေးခဲ့တာ ဖြစ်ပါတယ်။ အာဖရိကနိုင်ငံများဖလားပြိုင်ပွဲဖွင့်ပွဲနေ့မှာ အုပ်စု(A)မှ ပွဲစဉ်နှစ်ပွဲ ယှဉ်ပြိုင်ကစားခဲ့ပြီး အခြားသောပွဲစဉ်တစ်ပွဲဖြစ်တဲ့ အီသီယိုးပီးယားအသင်းနဲ့ ကိတ်ဗာဒီအသင်းတို့ပွဲစဉ်မှာ အီသီယိုးပီးယားအသင်းဟာ ပထမပိုင်းပွဲကစားချိန် ၁၂ မိနစ်မှာ ဘာယက်ကိုတိုက်ရိုက်အနီကတ် ပြခံခဲ့ရတာကြောင့် အဲဒီအချိန်ကတည်းက တစ်ယောက်လျော့နဲ့ ကစားခဲ့ရတာဖြစ်ပါတယ်။

အီသီယိုးပီးယားအသင်းနဲ့ ကိတ်ဗာဒီအသင်းတို့ယှဉ်ပြိုင်ကစားခဲ့တဲ့ အာဖရိကနိုင်ငံများဖလားပြိုင်ပွဲရဲ့ အုပ်စု(A) ပွဲစဉ်မှာ ကိတ်ဗာဒီအသင်းအတွက် တစ်လုံးတည်းသောအနိုင်ဂိုးကို ပထမပိုင်းပွဲကစားချိန် ၄၅ မိနစ်မှာ တာဗာရက်စ်က သွင်းယူပေးခဲ့တာဖြစ်ပါတယ်။

ငွေကြယ်

❍ စပိန်ဒုတိယတန်းမှ

အာသာဖသည် စပိန်ဒုတိယတန်းကလပ် ဒီပို့တီဗိုလီဟာနက်စ် လူငယ်အသင်းတွင် ကစားနေသူဖြစ်ပြီး အသက် ၂၁ နှစ်အရွယ်ရှိကာ တောင်ပံတိုက်စစ်နေရာတွင် ကစားနေသူဖြစ်သည်။ ၎င်းသည် ရှမ်းတိုင်းရင်းသားတစ်ဦးဖြစ်ပြီး မြန်မာလူငယ်လက်ရွေးစင်အသင်း ပဏာမလူစာရင်းတွင် ပထမဆုံးရွေးချယ်ခံရခြင်းဖြစ်သည်။

သတင်း - ကိုညီလေး

ဓာတ်ပုံ - Arthurpha Instagram

❖


**အနာဂတ်ကမ္ဘာ သာယာဖို့**
**အိုဇုန်းလွှာကို ကာကွယ်စို့**


**တစ်ဦးတည်းဖြစ်ပါကြောင်း**

ရေဝတီတိုင်းဒေသကြီး၊ မအူပင်ခရိုင်၊ မအူပင်မြို့နယ်၊ ထန်းပင်ကွေ့ကျေးရွာအုပ်စု၊ ထန်းပင်ကွေ့(အရှေ့)ကျေးရွာနေ ဦးစိုးတင့်၏သား မောင်ထွန်းထွန်းစိုး[၁၄/မအပ(နိုင်)၂၈၆၉၁၁]နှင့် မောင်ဟိန်းထွဋ်အောင်တို့မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**အထွေထွေကိုယ်စားလှယ်လွှဲစာ ပြန်လည်ရုပ်သိမ်းပြီးကြောင်း ဦးယောရှု(ဘ) ဦးအိုက်ကုန်းနှင့် အများသိစေရန် အသိပေးကြေညာခြင်း**

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ၆၅x၆၆လမ်းကြား၊ မိုးသောက်ပန်းလမ်းနေ ဦးဝင်းအောင်(ဘ) ဦးကျော်ရှိန် [၁/မကန(နိုင်)၀၂၇၄၅၃]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းအများသိစေရန် အသိပေးကြေညာအပ်ပါသည်-

ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူ ဦးဝင်းအောင်မှ မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၁)ရပ်ကွက်နေ ဦးယောရှု(ဘ) ဦးအိုက်ကုန်း [၁/မကန(နိုင်)၀၇၉၄၄၂]အား မန္တလေးမြို့တော်စာချုပ်စာတမ်းမှတ်ပုံတင်ဌာနမှူးရုံး၏ (၁၆-၉-၂၀၂၁)ရက်စွဲပါ မှတ်ပုံတင်အမှတ် (၂၄၇၄/၂၀၂၁)ဖြင့် အထွေထွေကိုယ်စားလှယ်လွှဲစာ လွှဲအပ်ခဲ့သော်လည်း ယခုအခါ နှစ်ဦးသဘောတူထားသည့် ကတိကဝတ်နှင့် လုပ်ပိုင်ခွင့်များကို ကျော်လွန်ကာ မြေကွက်ရောင်းချသည့် အဆင့်အထိ ဆောင်ရွက်လာခဲ့ခြင်းကြောင့် ကြော်ငြာသည့်ရက်မှစ၍ အထွေထွေကိုယ်စားလှယ်လွှဲစာအားပြန်လည်ရုပ်သိမ်းကြောင်း ဦးယောရှု(ဘ) ဦးအိုက်ကုန်းနှင့် အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

| ဦးမင်းလွင် | ဦးခင်မောင်သိန်း(စိန်ပန်း) | ဦးလှမျိုးဦး | ဒေါ်သီတာကို |
|---|---|---|---|
| H.GP:LL.B(Advocate) | LL.B,P.G.D.L,D.B.L | LL.B,D.B.L,D.I.L | LL.B |
| (စဉ်-၄၆၇၇) | (စဉ်-၁၀၆၂၅) | (စဉ်-၁၁၈၆၉) | (စဉ်-၁၆၅၂၄) |

တရားလွှတ်တော်ရှေ့နေများ

Mandalay Justice Law Firm

အမှတ်(၅၀)၊ ၈၇(A )လမ်း၊ ၂၄x ၂၅ လမ်းကြား ၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့။

Ph: 09-2401900, 09- 786786706, 09- 259124109

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး“မူ”ကို ဆက်လက်လိုက်နာကျင့်သုံးရေး

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး



ယင်းမာပင်မြို့နယ်အတွင်း အကြမ်းဖက်လုပ်ငန်းများ လုပ်ဆောင်ရန် ဦးနှောက်ကျေးရွာ၌ စုဝေးရောက်ရှိနေသည့် အကြမ်းဖက်အဖွဲ့များအား ဝင်ရောက်ဖမ်းဆီးစဉ် သိမ်းဆည်းရမိသည့် လက်နက်၊ ခဲယမ်းများကို တွေ့ရစဉ်။

## ယင်းမာပင်မြို့နယ်အတွင်း အကြမ်းဖက်လုပ်ငန်းများ လုပ်ဆောင်ရန်အတွက် ဦးနှောက်ကျေးရွာ၌ စုဝေးရောက်ရှိနေသည့် အကြမ်းဖက်အဖွဲ့များကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ဝင်ရောက်ဖမ်းဆီး

နေပြည်တော် ဇန်နဝါရီ ၁၀

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်မြို့နယ်အတွင်း အကြမ်းဖက်လုပ်ငန်းများ လုပ်ဆောင်ရန်အတွက် ဦးနှောက်ကျေးရွာ၌ အစည်းအဝေးပြုလုပ်စုဝေးနေသည့် PDF အမည်ခံ အကြမ်းဖက်သမားများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ယနေ့တွင် သွားရောက်ဖမ်းဆီးခဲ့ရာ အပြန်အလှန်ပစ်ခတ်မှု ဖြစ်ပွားခဲ့ပြီး အကြမ်းဖက်သမားများထံမှ အလောင်း ငါးလောင်း၊ လက်နက်၊ ခဲယမ်းနှင့် ဆက်စပ်ပစ္စည်းအချို့ သိမ်းဆည်းရမိခဲ့သည်။

စာမျက်နှာ ၁၅ ကော်လံ ၁ သို့ ■

## စပိန်ဒုတိယတန်းကလပ်တွင် ကစားနေသည့် အာသာဖ မြန်မာ ယူ-၂၃ အသင်းတွင် ရွေးချယ်ခံရ

ရန်ကုန် ဇန်နဝါရီ ၁၀

စပိန်ဒုတိယတန်းကလပ်တွင်ကစားနေသည့် အာသာဖသည် မြန်မာ ယူ-၂၃ အသင်းတွင် ရွေးချယ်ခံရပြီး အသင်းနှင့်စတင်ပူးပေါင်းနေပြီဖြစ်သည်။

**စတင်လေ့ကျင့်**

မြန်မာ ယူ-၂၃ အသင်းသည် ဖေဖော်ဝါရီလတွင်ကျင်းပမည့် အာဆီယံ ယူ-၂၃ ပြိုင်ပွဲ၊ မေလတွင်ကျင်းပမည့် ဗီယက်နမ်ဆီးဂိမ်းပြိုင်ပွဲအတွက် ပြင်ဆင်နေခြင်းဖြစ်ပြီး အာသာဖသည် ယင်းအသင်းနှင့် စတင်လေ့ကျင့်နေခြင်းဖြစ်သည်။

မြန်မာ ယူ-၂၃ အသင်းနည်းပြချုပ် ပိုပေါ့ဗ်သည် အာသာဖ၏ခြေစွမ်းနှင့်ပတ်သက်၍ ၎င်း၏ကလပ်အသင်း အားကစားဒါရိုက်တာနှင့် ဆွေးနွေးထားကြောင်း သိရသည်။ မြန်မာ ယူ-၂၃ အသင်းသည် ပထမဆုံးပြိုင်ပွဲအဖြစ် ဖေဖော်ဝါရီ ၁၄ ရက်မှ ၂၆ ရက်အထိ ကမ္ဘောဒီးယားနိုင်ငံ၌ ကျင်းပမည့် အာဆီယံ ယူ-၂၃ ပြိုင်ပွဲ ယှဉ်ပြိုင်မည်ဖြစ်ပြီး အာသာဖအနေဖြင့် ခြေစွမ်းနှင့် စွမ်းဆောင်မှုအပေါ်မူတည်၍ အပြီးသတ်လူစာရင်းတွင် ပါဝင်လာမည်ဖြစ်သည်။

စာမျက်နှာ ၂၃ ကော်လံ ၁ သို့ ○






## အာဖရိကနိုင်ငံများဖလားပြိုင်ပွဲ အဖွင့်ပွဲစဉ်တွင် အိမ်ရှင်ကင်မရွန်းက ဘာကီနာဖာဆိုကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရ

အာဖရိကနိုင်ငံများဖလားပြိုင်ပွဲရဲ့အဖွင့်ပွဲစဉ်အဖြစ် ဇန်နဝါရီ ၉ ရက်က ယှဉ်ပြိုင်ကစားခဲ့တဲ့ ကင်မရွန်းအသင်းနဲ့ ဘာကီနာဖာဆိုအသင်းတို့ပွဲစဉ်မှာ အိမ်ရှင်အသင်းဖြစ်တဲ့ ကင်မရွန်းအသင်းက ဘာကီနာဖာဆိုအသင်းကို နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့ပါတယ်။

စာမျက်နှာ ၂၃ ကော်လံ ၁ သို့ ❒

## ယနေ့ဖတ်စရာ

**အာဖရိကတိုက်၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၁၀ ဒသမ ၀၆ သန်းကျော်ရှိလာ**

စာမျက်နှာ » ၁၂

**လှိုင်လင်မြို့နယ်၌ ငွေကျပ် ၁၇ ဒသမ ၃ ဘီလီယံကျော် တန်ဖိုးရှိ အိုက်စ်များ သိမ်းဆည်းရမိ**

စာမျက်နှာ » ၁၄

**အိုမီခရွန်နှင့် ဝေဝါးနေသော ကမ္ဘာ့စီးပွားရေး**

စာမျက်နှာ » ၁၆

**ထင်းခွေ ရေခပ်**

စာမျက်နှာ » ၁၈



**ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် ၁၀၅ ဦးတွေ့ရှိ၊ ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ ၁ ဒသမ ၂၀ ရာခိုင်နှုန်းရှိ**

စာမျက်နှာ » ၂၂